# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် ၂၀၂၁ ခုနှစ်၊ မတ် ၂၂ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၁၇၃)


# မတရားအသင်းအဖြစ် ကြေညာခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၁**

**၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်**

**(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)**

**မတရားအသင်းအဖြစ် ကြေညာခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH) နှင့် အဖွဲ့ဝင်များ၊ ယင်းကော်မတီက ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ယင်းကော်မတီ၊ အဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါကော်မတီ၊ ယင်းကော်မတီက ဖွဲ့စည်းသော အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

**အမိန့်အရ**

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန



မန္တလေးတိုင်းဒေသကြီးအတွင်း ဈေးများ ပြန်လည်ဖွင့်လှစ်နေမှုကို တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ဈေးများဖွင့်လှစ်၊ ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ

**နေပြည်တော် မတ် ၂၁**

မန္တလေး တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် CDM လှုပ်ရှားမှုကို အခြေခံ၍ ဆူပူအကြမ်းဖက်မှုကို လိုလားသော အဖွဲ့အစည်းများနှင့် လူအုပ်စုအချို့က ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိသောကြောင့် ဒေသတွင်း ဆေးရုံများ၊ မီးရထားခရီးစဉ်များ၊ လေကြောင်းလိုင်းများ၊ မော်တော်ယာဉ်လိုင်းများ ရပ်ဆိုင်းခဲ့ရပြီး ဘဏ်များ၊ ဈေးများ ယာယီ ပိတ်ထားခဲ့ရသည်။

**ပြန်လည်ပြေးဆွဲ**

ယခုအခါတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံခန့်ခွဲမှုနှင့် လုံခြုံရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တည်ငြိမ်မှုအပေါ် အခြေခံ၍ ဒေသတွင်း ဆေးရုံများ ဖွင့်လှစ်ခြင်း၊ မီးရထားခရီးစဉ်များ၊ လေကြောင်းလိုင်းများ၊ မော်တော်ယာဉ်အဝေးပြေးမြို့တွင်းလိုင်းများ ပြန်လည်ပြေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး၊ ဒိုင်းမွန်းပလာဇာနှင့် ရတနာပုံဈေးများကို ပြန်လည်ဖွင့်လှစ်ခဲ့ရာ မန်းမြို့သူ၊ မန်းမြို့သားများ၊ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိကြောင်းနှင့် COVID-19 သတ်မှတ်ချက်များနှင့်အညီ ဈေးဝယ်၊ ဈေးရောင်းများ လုံခြုံစိတ်ချစေရေး တာဝန်ရှိသူများက စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၃/၂၀၂၁)ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၃/၂၀၂၁)ကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲ ပြုလုပ်မှုကို မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းမှ ယုဇနဥယျာဉ်မြို့တော်နှင့် သာကေတမြို့နယ်သို့ တစ်နေ့ ရေဂါလန် (၂ ဒသမ ၅) သန်း စမ်းသပ်ပေးဝေလျက်ရှိ**

စာ ၃

**အရှေ့အလယ်ပိုင်းဒေသ ကိုဗစ် -၁၉ ကူးစက်မှုနှင့် ကန့်သတ်ချက် ဖြေလျှော့မှု အခြေအနေများ**

စာ ၁၄

## စည်းကမ်းရှိဖို့လို



လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေး ရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့လုပ်ရမယ်။

(၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင်ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။



# မင်္ဂလာရှိသောသတင်းများ

လမ်းမကြီးများပေါ်မှ အတားအဆီး၊ အပိတ်အဆို့များကို လူအင်အား၊ ယန္တရားအင်အားတို့ဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိသည့် သတင်းများက မင်္ဂလာသတင်းများဖြစ်သည်။ အနိဋ္ဌာရုံတို့ကို ဖယ်ရှားရှင်းလင်းလိုက်သည်နှင့် ဣဋ္ဌာရုံတို့က ထင်ရှားစွာ ရောက်ရှိလာမည်ဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်းက မြင်တွေ့ခဲ့ရသည့် စိတ်မချမ်းမြေ့ဖွယ် သတင်းမြင်ကွင်းတို့မှာ ပါးလျားလာခဲ့ပြီဖြစ်သလို ပုန်းကွယ်နေခဲ့သည့် အမှောင့်ပယောဂများနှင့် နောက်ကွယ်မှ လက်သည်တို့မှာလည်း တစ်စထက်တစ်စ ပေါ်လွင်ထင်ရှားလာခဲ့ပြီဖြစ်သည်။ ဆူပူဆန္ဒပြသည့်အဆင့်မှသည် ရန်းရင်းဆန်ခတ်ဖျက်ဆီးသည့်အဆင့်နှင့် ဆက်လက်၍ အုပ်စုဖွဲ့ကာ မင်းမဲ့စရိုက်ဖြင့် အကြမ်းဖက်လူသတ်သည့်အဆင့်ထိ ပြောင်းလဲသွားသည့် ရက်သတ္တပတ်အနည်းငယ်မျှမှာ တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူများအဖို့မူ ဒုက္ခနှင့် သောကမီးတို့ လောင်ကျွမ်းခဲ့ရသည့် ကာလပင်ဖြစ်သည်။

ဆက်လက်၍ ဆူပူအကြမ်းဖက်လှုပ်ရှားသူ၊ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသူတို့ကို ဖော်ထုတ်အရေးယူမှုများ ပြုလုပ်သွားသည်နှင့်အမျှ အများပြည်သူတို့၏ နိစ္စဓူဝ ပုံမှန်လူမှုဘဝတို့ ပြန်လည်ရရှိလာမှာဖြစ်သည်။ မိမိတို့အနီးဝန်းကျင်သို့ လာရောက်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဖျက်လိုဖျက်ဆီးပြုရန် လှုံ့ဆော်မှုများ၊ လှုပ်ရှားမှုများကိုလည်း ဝိုင်းဝန်းတားဆီးခြင်း၊ ဖော်ထုတ်အရေးယူမှုများတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် ရပ်ရွာဒေသများ လုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်ရေးတို့ကို အားလုံးဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။ သင်ခန်းစာအားဖြင့်မူ ကောလာဟလများနှင့် သတင်းတု၊ သတင်းမှားများကို အယုံမလွယ်ကြရန်ပင်ဖြစ်သည်။ ထို့အပြင် လူကို အကောင်အထည်မမြင်ရသည့် လူမှုကွန်ရက်များမှတစ်ဆင့် ပြုလုပ်သည့် မြှောက်လုံး၊ ချောက်လုံးများနှင့် သွေးထိုးလှုံ့ဆော်မှုများနောက်လိုက်ပါကာ တရားဥပဒေချိုးဖောက်သည့် လုပ်ရပ်များကို မလုပ်မိစေရန် တိုက်တွန်းလိုသည်။

ပုဂံ-ညောင်ဦး၊ ချောင်းသာ စသည့် ယဉ်ကျေးမှုဒေသနှင့် အပန်းဖြေကမ်းခြေတို့မှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သည့် သတင်းများကလည်း မင်္ဂလာသတင်းများပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကာလ ကန့်သတ်တားဆီးမှုများဖြင့် ချုပ်တည်းနေရသည့် အချိန်အခါတို့ ကုန်လွန်တော့မည့် နိဒါန်းသို့ ရောက်လာခဲ့ပြီဖြစ်သည်။ သို့ရာတွင် ကိုဗစ်-၁၉ သည် မိမိတို့နိုင်ငံမှလည်းကောင်း၊ ကမ္ဘာမြေပေါ်မှလည်းကောင်း ပျောက်ကွယ်သွားခြင်းမရှိသေးဘဲ အချို့နိုင်ငံများတွင် ကူးစက်မှု၊ သေဆုံးမှုတို့ အရှိန်ကောင်းနေဆဲဖြစ်သည်ကို သတိမူကြရမှာဖြစ်သည်။ တစ်နည်းအားဖြင့် ကပ်ရောဂါ မကူးစက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာကျင့်သုံးကြကာ ကိုဗစ်-၁၉ နှင့်အတူ ယှဉ်တွဲနေထိုင်သွားနိုင်ရန် အားထုတ်ကြရမှာလည်းဖြစ်သည်။ ရပ်ရွာဒေသတို့ အေးချမ်းသာယာလာပြီး ပြည်တွင်းခရီးသည်တို့ ဘုရားဖူး၊ အပန်းဖြေလည်ပတ်မှုခရီးစဉ်များ အရှိန်ရလာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ရောင်းပန်းဝယ်ပန်းတို့ ပွင့်လန်းလာမည်ဖြစ်ရာ အခြေအနေကောင်းတို့ကို ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်ကြရမည်ဟု ရှုမြင်မိသည်။

ကောင်းဆိုးနှစ်တန် လောကဓံဟူသည် အချိန်တန်လျှင် ပြီးဆုံးကြရစမြဲ။ ကောင်းနေ၍လည်း မြဲနေအောင် ဆွဲကိုင်ထား၍မရ။ ဆိုးနေ၍လည်း မပြီးဆုံးမှာကို ပူနေဖို့မလို။ ပြီးဆုံးချိန်ရောက်လျှင် ပြီးဆုံးကြရသည်သာ။ မိမိတို့ ဖန်တီးနိုင်သည်မှာ မိမိတို့ လက်တွင်းရှိနေသည့် ပစ္စုပ္ပန်အချိန်အခါကို တန်ဖိုးရှိအောင် အားထုတ်ကြိုးပမ်း၍ ကောင်းသောအနာဂတ်အတွက် ရည်မျှော်ကြရန် ဖြစ်သည်ဟူ၍ နှလုံးသွင်းကြရန်သာ ဖြစ်ပါကြောင်း။ ။

## သီပေါ သီတဂူစကျွဒါနဆေးရုံသို့ ဒေသခံများနှင့် မွေးကင်းစကလေးများပါ ကျန်းမာရေးစောင့်ရှောက်မှုခံယူ

သီပေါ မတ် ၂၁

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန်အတွက် မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီတဂူစကျွဒါန အထွေထွေရောဂါကုပြင်ပလူနာဌာနသို့ သက်ကြီးဝေဒနာရှင်များအပြင် မွေးကင်းစသုံးမြွာပူး ကလေးငယ်များလည်း လာရောက်ဆေးကုသမှုခံယူလျက်ရှိသည်ကို ယနေ့တွေ့မြင်ခဲ့ရသည်။

သီပေါသီတဂူစကျွဒါန အထွေထွေရောဂါကု ပြင်ပလူနာဌာနသည် သီပေါမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ အားကိုးအားထားရာဖြစ်သကဲ့သို့ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် သီတဂူစကျွဒါန ဆေးရုံတာဝန်ခံ ဘဒ္ဒန္တပညာသီရိ အရှင်သူမြတ်ကလည်း လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမရွေး စေတနာထား ပံ့ပိုးကူညီ မုဒိတာပွားများမှုများကြောင့် ဝေဒနာရှင်လူနာများ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### ထူးခြားသည့် နေ့အပူချိန်

နေပြည်တော် မတ် ၂၁- ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ တံတားဦး (လေကြောင်းမိုးလေဝသ)၊ မကွေးမြို့၊ အောင်လံမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ ညောင်ဦးမြို့နှင့် တောင်ငူမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

### ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay၊ MPT Pay တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော မိဘပင်စင်စားများအနေဖြင့် လတ်တလော အခြေအနေအရ ၂၀၂၂ ခုနှစ် မတ်လအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ်အသုံးပြု၍ ထုတ်ယူနိုင်ပါရန်နှင့် COVID-19 ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ၂၂-၃-၂၀၂၂ ရက်နေ့တစ်ရက်တည်း ထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# စဉ်းစား ချင့်ချိန်နိုင်စွမ်းရှိသူများ

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အဓိက တာဝန်ရှိသူများဖြစ်ကြောင်း၊ ယခုအခါ ဆေးရုံအချို့ ပိတ်ထားသော်လည်း ဆေးရုံအများစုမှာ ပြန်လည်ဖွင့်လှစ်ကုသပေးမှုများ ပြုလုပ်နေသည်ကို တွေ့ရှိရကြောင်း၊ ဆေးရုံများဖွင့်လှစ်ရန် ဆောင်ရွက်ရာတွင် CDM တွင် မပါဝင်သည့် ဆရာဝန်များအား ဖိအားပေးဆောင်ရွက်နေမှုများ ရှိကြောင်း၊ ဆရာဝန်များသည် ယေဘုယျအားဖြင့် စဉ်းစား ချင့်ချိန်နိုင်စွမ်းရှိသူများဖြစ်သဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရမည့် မိမိတို့၏ ကျင့်ဝတ်များကို လေးစားရန် လိုအပ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းမှ ယုဇနဥယျာဉ်မြို့တော်နှင့် သာကေတမြို့နယ်သို့ တစ်နေ့ ရေဂါလန်(၂ ဒသမ ၅)သန်း စမ်းသပ်ပေးဝေလျက်ရှိ

ရန်ကုန် မတ် ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်းမြို့နယ်)၊ အမှတ်(၂)လမ်းနှင့် မြို့ပတ်လမ်းထောင့် သုံးခွကျေးရွာအနီး မစိုချောင်းဘေးတွင် ဆောင်ရွက်လျက်ရှိသည့် လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### လိုအပ်သည်များစီမံဆောင်ရွက်

ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာဌာန (ရေအရင်းအမြစ်နှင့်ရေပေးဝေရေး) ဌာနမှူး ဦးမြင့်ဇော်သန်းက ဌာနဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်မြို့သို့ ရေအရင်းအမြစ်များမှ ရေဖြန့်ဖြူးနေမှု၊ တိုးတက်လာသည့် လူဦးရေနှင့်အညီ ရေပေးဝေနိုင်ရန် ရေပေးဝေရေးဇုန်များ ခွဲခြားပြီး ရေအရင်းအမြစ်များ ရှာဖွေ၍ ရေသန့်စင်စက်ရုံများ တည်ဆောက်ကာ ရေပေးဝေရေး စီမံဆောင်ရွက်ထားမှုများ၊ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် စမ်းသပ်ပေးဝေနေမှုများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရေပေးဝေရေး Pipe Network များ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ လဂွန်းပြင်ရေသန့်စင်စက်ရုံမှ တစ်နေ့လျှင် ရေဂါလန်သန်း (၄၀) လျာထားချက်ထက် ပိုမိုဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ရေအရင်းအမြစ်၊ ရေလှောင်ကန်အလိုက် ထုတ်လုပ်မှုစရိတ်ကို ၁ ဂါလန်နှုန်းဖြင့် တွက်ချက်၍ နှိုင်းယှဉ်ရန်၊ ရေလိုအပ်ချက်ကို ကြိုတင်တွက်ချက်၍ လိုအပ်သည်များ စီမံဆောင်ရွက်ရန်၊ ဌာနမှဝန်ထမ်းများအနေဖြင့် လုပ်ငန်းအတွေ့အကြုံများစွာ ရလာပြီဖြစ်၍ မည်သူကိုမျှ အားကိုးမနေဘဲ စီမံကိန်းများ ရေးဆွဲခြင်း၊ တည်ဆောက်ခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်ရှိ အကြိုအနည်ထိုင်ကန်၊ အနိမ့်ရေတင်စက်ရုံ၊ ရေဖြန့်ခွဲအဆောက်အအုံ၊ အနည်ထိုင်ကန်၊ ရေစုကန်၊ သဲရေစစ်ကန်၊ ရေသန့်စင် စက်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အင်ဂျင်နီယာဌာန (ရေအရင်းအမြစ်နှင့် ရေပေးဝေရေး) သည် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် ပူးပေါင်း၍ Master Plan For Water Supply, Sewerage and Drainage ကို ရေးဆွဲခဲ့ကြောင်း၊ ရန်ကုန်မြို့တော်ရေပေးဝေရေးလုပ်ငန်းများကို ၂၀၄၀ ပြည့်နှစ်တွင်ရှိမည့်တိုးတက်လာသော လူဦးရေနှင့်အညီ ကောင်းမွန်ပြည့်စုံစေရန်အတွက် ဇုန်နေရာ ၁၀ နေရာခွဲခြားသတ်မှတ်ကာ ဇုန်အလိုက်၊ အကွက်အလိုက် ရေစုကန်နှင့်ရေတွန်း စက်ရုံများတည်ဆောက်ခြင်း၊ ရေမီတာများ စနစ်တကျတပ်ဆင်၍ ရေလေလွင့်ဆုံးရှုံးမှု စောင့်ကြည့်ထိန်းချုပ်နိုင်ရေး District Metered Area (DMA)စနစ်များတပ်ဆင်ခြင်း၊ သတင်းအချက်အလက်ရယူ ထိန်းချုပ်ကြပ်မတ်စေသည့်နည်းစနစ် SCADA (Supervisory Control and Data Acquisition) တည်ဆောက်ခြင်း၊ ရေဖြန့်ဖြူးရေးပိုက်လိုင်း (Water Distribution Pipe Line) များ တည်ဆောက်ခြင်းစသည့် အနာဂတ်နှင့်ကိုက်ညီမည့် ခေတ်မီရေဖြန့်ဖြူးရေးကွန်ရက် (Water Distribution Network) တစ်ခု တည်ဆောက်ရန် ရေးဆွဲခဲ့ကြောင်း၊ Master Plan အရလဂွန်းပြင်ရေပေးဝေရေး စီမံကိန်းကို ရန်ကုန်အရှေ့ပိုင်း (၄)မြို့နယ်ဖြစ်သော ဇုန်(၇) တွင် ပါဝင်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဇုန်(၈) တွင်ပါဝင်သည့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နှင့် သန်လျင်မြို့နယ်ရှိ သီလဝါအထူး စီးပွားရေးဇုန်များသို့ အဓိက ရေပေးဝေပြီး ရန်ကုန်တောင်ပိုင်းမြို့နယ်များဖြစ်သော သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်များသို့ ရေအားဖြည့်ပေးဝေသွားရန် အကောင်အထည်ဖော်ခဲ့ကြောင်း၊ စီမံကိန်း တစ်ခုလုံးကို ၂၀၁၅ ခုနှစ်ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် မတ်လတွင် ပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ယုဇနဥယျာဉ်မြို့တော်နှင့် သာကေတမြို့နယ်သို့ တစ်နေ့ ရေဂါလန်(၂ ဒသမ ၅)သန်း စမ်းသပ်ပေးဝေလျက်ရှိပြီး ဆက်လက်တိုးမြှင့်ပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာသိင်္ဂီရွှေ<br>ပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဟသ်ာတတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာနီနီဦး<br>ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မအူပင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှု အချို့ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံ

## ချောင်းသာကမ်းခြေ၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် မတ် ၂၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ရောက်ရှိကာ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တွေ့ဆုံသည်။

### များစွာအကျိုးရှိမည်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အနေဖြင့် ပြည်သူများ စိတ်လက်ပေါ့ပါးချမ်းမြေ့စွာ ခရီးသွားလာအပန်းဖြေနိုင်ရေးအတွက် အထူးအလေးထားသဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ညွှန်ကြားထားရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံတော်၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ခရီးသွားဧည့်သည်များနှင့် အဓိကထိတွေ့သည့် ဟိုတယ်ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ဦးစားပေးထိုးနှံပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

### အရှိန်အဟုန်မြှင့်ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချောင်းသာကမ်းခြေသို့ ရောက်ရှိပြီး Azura Beach Resort အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ချောင်းသာကမ်းခြေတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ ပုံရိပ်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍသည် နိုင်ငံတော်၏ သံတမန်အငယ်စားဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူ ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းသွားသဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းနယ်ပယ်များသည်လည်း များစွာ ထိခိုက်နစ်နာ ခဲ့ရပါကြောင်း။

ဝန်ကြီးဌာန အနေဖြင့် ဟိုတယ်များအား ပိတ်သိမ်းရန် ညွှန်ကြားထားခြင်းမရှိဘဲ ကိုဗစ်-၁၉ သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်ရန် ညွှန်ကြားထားရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံတကာခရီးသွားအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ပြီး Enchanting Myanmar Health and Safety Protocols (HSP) ကို ရေးဆွဲထုတ်ပြန်၍ ယင်းအစီအစဉ်အရ ဟိုတယ်များရှိ ဝန်ထမ်းများကို သင်တန်းများ ပေးခြင်းနှင့် စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပြီး လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာများကို အထူးအလေးထားလိုက်နာနိုင်ရေး အသိပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ချောင်းသာကမ်းခြေတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ အားလုံးဝိုင်းဝန်းကူညီပူးပေါင်း ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဆွေးနွေးရာတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်တွင်းခရီးသွားလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရာတွင် အများဆုံး လာရောက်လည်ပတ်နိုင်ရန် ဒေသဖြစ်သည့် ချောင်းသာကမ်းခြေ ခရီးစဉ်ကို ဦးစားပေး ဆောင်ရွက်သွားမည့် အခြေအနေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုက်နာဆောင်ရွက်ရမည့်အချက် Version 2.0 နှင့်အညီ စစ်ဆေးပြီးဖြစ်သည့် ဟိုတယ်များ ဖွင့်လှစ်နိုင်ရေး အကြောင်းကြားထားရှိမှု၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး ကမ်းခြေသာယာလှပရေးအတွက် ဆက်လက် ဆောင်ရွက်သွားရန်နှင့် လက်ရှိကာလအခြေအနေအရ ခရီးသွားဧည့်သည်နှင့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးအေးမြင့်၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဟိုတယ်များဖွင့်လှစ်နိုင်ရေးအတွက် အဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော်မှ ချေးငွေဆိုင်းငံ့ထားရှိမှုနှင့် ထပ်မံရရှိနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားသည်။




### ပြင်ဆင်ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောင်းသာကမ်းခြေ Azura Beach Resort ၌ ကျင်းပသည့်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွင့်လှစ်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ဝဲပုံ) တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ Azura Beach Resort ကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငွေဆောင်ကမ်းခြေသို့ ရောက်ရှိပြီး Aureum Palace Hotel တွင် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် ဟိုတယ်ဇုန်မှ တာဝန်ရှိသူများကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရးအတွက် လိုအပ်သည်များကို တွေ့ဆုံမှာကြားခဲ့ပြီး Aureum Palace Hotel ကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက မြိုင်ကြီးငူဒေသရှိ နေရပ်စွန့်ခွာပြည်သူများအား စားနပ်ရိက္ခာများထောက်ပံ့

**ဘားအံ မတ် ၂၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသရှိ နေရပ်စွန့်ခွာပြည်သူများအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အေးလင်းသာယာကျောက်စာကွင်း ကျောက်ထက်အက္ခရာ တင်ရာဌာန၌ ကျင်းပသည်။ **(ယာပုံ)**

**ပေးအပ်လှူဒါန်း**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး အထကမြိုင်ကြီးငူကျောင်း မျက်နှာကြက်ပြုပြင်ရန်အတွက် လှူဒါန်းငွေကျပ် ၄၇ သိန်း ၈ သောင်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များဖြစ်သော ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ဦးစောခင်မောင်မြင့်၊ ဦးဇော်ဝင်းနှင့်လှိုင်းဘွဲ့မြို့နယ် အခြေချစစ်ဗျူဟာမှူးတို့က မြိုင်ကြီးငူ အေးလင်းသာယာကျောက်စာကွင်း၌ ယာယီနေထိုင်သော နေရပ်စွန့်ခွာပြည်သူများအတွက် ဆန် ၈၈၅ အိတ်၊ ဆီ ၅၂၅ ပိဿာ၊ ကြက်သွန်နီ ၅၂၅ ပိဿာ၊ အာလူး ၅၂၅ ပိဿာ၊ အသားတု ၅၂၅ ပိဿာ၊ ပဲ ၁၁၂၅ ပိဿာ၊ ငရုတ်သီးတောင့် ပိဿာ ၉၀၊ အချိုမှုန့် ၁၆၅ ထုပ်နှင့် ဆား ပိဿာ ၉၀ တို့ကို ထောက်ပံ့ပေးအပ်ရာ နေရပ်စွန့်ခွာပြည်သူများက လက်ခံယူကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေရပ်စွန့်ခွာ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## လမ်းပိတ်အတားအဆီးများ ရှင်းလင်းနေမှုကို ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းကြပ်မတ်



**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်း၊ သာကေတမြို့နယ် မြင်တော်သာလမ်းတို့တွင် တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်လိုသူများက ပိတ်ဆို့ထားသော အတားအဆီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(ဝဲပုံ)**

ထိုသို့ ဖယ်ရှားရှင်းလင်းရာတွင် ပိတ်ဆို့ထားသော သဲအိတ်များ၊ အုတ်ခဲကျိုးများ၊ မြောင်းဖုံးကျောက်ပြားများ၊ ဓာတ်တိုင်ဟောင်းများ၊ ကားတာယာများ၊ ခုတ်လှဲထားသည့် သစ်ပင်သစ်ကိုင်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ပြည်သူများက အတူတကွ ပူးပေါင်းကာ စက်ယန္တရားများ၊ မြေသယ်ယာဉ်များအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်း၊ လမ်းများကို ဆေးကြောခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်တွင် မြေသယ်ယာဉ် သုံးစီး၊ သာကေတမြို့နယ် သုမနလမ်း၊ မြင်တော်သာလမ်းတို့တွင် Loader ယာဉ် တစ်စီး၊ မြေသယ်ယာဉ် ငါးစီး၊ စမ်းချောင်းမြို့နယ် ဗားဂရာလမ်းသွယ်များတွင် မြေသယ်ယာဉ် တစ်စီးဖြင့် လည်းကောင်း၊ အတားအဆီးများကို ဖယ်ရှားရှင်းလင်းပြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း၊ စက်ရုံလမ်း၊ ဦးအောင်မြတ်လမ်း၊ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းတို့တွင် အတားအဆီးများမှ ကျန်ခဲ့သည့် သဲ၊ ခဲ၊ အမှိုက်များသိမ်းဆည်းရှင်းလင်းခြင်း၊ လမ်းရေဆေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျန်-ဇက်တို့ကို သိစေလို

ညိုချော

ရာသီစက်ဝိုင်းက တစ်ပတ်ပြီးတစ်ပတ် လည်ပတ်နေပါတယ်။ မွေးစကနေ သေဆုံးသည်အထိ အမြဲရပ်တန့်မနေတဲ့အရာက အချိန်တွေဖြစ်ပါတယ်။ အရွယ်အပိုင်းအခြားရဲ့ အဖိုးတန်ဆုံး၊ အလတ်ဆတ်ဆုံး ဆယ်ကျော်သက်ကလေးတွေ၊ အသက် ၂၀ ဝန်းကျင်လူငယ်လေးတွေ ဒီနှစ်ဆွေဦးမှာ အမည်သစ်တစ်ခု ရရှိလာခဲ့ကြပါတယ်။ ဂျန်နရေးရှင်းဇက်တွေတဲ့၊ အတိုခေါ်ရရင် ဂျန်-ဇက်တွေ ဆိုပြီးတော့ ဖြစ်ပါတယ်။

သူတို့ဟာ သိပ်ကို ရိုးသားကြပါတယ်။ ပရိယာယ်များတဲ့ နိုင်ငံရေးဇာတ်ခုံအကြောင်း၊ အနိမ့်အမြင့်၊ အတက်အကျတွေ ပြည့်နှက်နေတဲ့ မြန်မာ့နိုင်ငံရေးအကြောင်း၊ သွေးချောင်းစီးခဲ့ရတဲ့ ပြည်တွင်းရန်ကို နှိမ်နင်းရေးကာလတွေအကြောင်း လက်တွေ့မကြုံခဲ့ဖူးကြပါဘူး။ သူတို့ဆီမှာ ပျော်ရွှင်စရာကောင်းတဲ့ ရင်ခုန်သံတွေ၊ ညနေဘက် ချိန်းဆိုကစားကြတဲ့ အွန်လိုင်းဂိမ်းတွေ၊ မိဘတွေရဲ့ မျှော်လင့်ချက်တွေနဲ့ ထုဆစ်ထားတဲ့ အနာဂတ်တွေ ရှိတယ်။ ဒီနေ့တော့ သူတို့တွေလမ်းပေါ်မှာ ခြေကုန်လက်ပန်းကျနေ၊ ကြွေလွင့်နေကြရတယ်။ မိဘတွေ မျက်ရည်မဆည်နိုင်ကြတာတွေ ရှိနေရပါတယ်။

> “သူတို့ဟာ တိုင်းပြည်အတွက် နယ်ချဲ့ကိုလိုနီကို တော်လှန်နေတာ မဟုတ်ကြပါဘူး။ ပြည်တွင်းရန်ကို နှိမ်နင်းရေးမှာ ပါဝင်တိုက်ခိုက်နေကြတာလည်း မဟုတ်ပါဘူး။ နိုင်ငံနဲ့ လူမျိုးအတွက် ထမ်းရွက်နေကြတာ မဟုတ်ပါဘူး။ လူတစ်စု၊ ပါတီတစ်ခုအတွက် သူတို့လုပ်ဆောင်နေကြရတယ်ဆိုတာကိုလည်း သူတို့မသိကြပါဘူး။ ရည်ရွယ်ချက်ရှိရှိ မြှောက်ပင့်ပေးကာ ပြည်သူ့အားကို တလွဲအသုံးချပြီး တိုင်းပြည်မငြိမ်သက်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဖန်တီးနေသူတွေရဲ့ အသုံးချခံ လူငယ်တွေဖြစ်မှန်းမသိ ဖြစ်နေကြရပါတယ်”

**နောက်ထပ် ဂျန်-ဇက်တွေကို လမ်းပေါ်ဆွဲတင်နေ**

မြန်မာ့နွေဦးရဲ့ သူရဲကောင်းဆိုပြီး အဖိတ်အစဉ်ဖြစ်ခဲ့ရတဲ့ ဂျန်-ဇက်တွေရဲ့ ဓာတ်ပုံတွေကို

> “ပြီးခဲ့တဲ့ရက်ပိုင်းမှာတော့ ခြေကုန်လက်ပန်းကျနေတဲ့၊ လမ်းပေါ်ထွက်နေရတဲ့ လူငယ်တွေကို ပွဲသိမ်းတိုက်ပွဲဆိုပြီး မြှောက်ပေးတာကအစ ပြန်လည်ခုခံဆိုပြီး ရရင်ရ မရရင်ချဆိုတဲ့ သွေးထိုးလှုံ့ဆော်တဲ့အဆင့်အထိ ဖြစ်လာခဲ့ပါတယ်။ အဖျက်အမှောင့်လုပ်ရပ်တွေဖြစ်တဲ့ လမ်းတွေ၊ တံတားတွေကို ဖျက်ဆီးဖို့အတွက် မြှောက်ပင့်ပေးကြသလို ရရာလက်နက်ကိုင်စွဲ တိုက်ကြဖို့အထိ နိုင်ငံတော်ကို ပျက်စီးစေဖို့၊ လူငယ်တွေ သွေးမြေကျစေဖို့ သွေးထိုးလှုံ့ဆော်နေကြတာကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်”

အွန်လိုင်းမှာ မြင်တွေ့ရတယ်။ သူရဲကောင်းတို့...လို့ အစချီထားတဲ့ ချီးမွမ်းခန်းတွေ၊ ငြိမ်းချမ်းစွာ အနားယူပါတော့ဆိုပြီး နောက်ထပ် ဂျန်-ဇက် တွေကို လမ်းပေါ်ဆွဲတင်နေကြတဲ့ အွန်လိုင်းသူရဲကောင်းကြီးတွေကို အော့နှလုံးနာမိတယ်။ လူငယ်တွေကို လမ်းပေါ် အတင်းဆွဲတင်နေတဲ့ မျက်ကန်းဆရာ အဆူဆူတို့နဲ့ သူတို့တွေရဲ့ မိသားစုတွေကတော့ လုံခြုံတဲ့နေရာတွေမှာ ရှိနေကြတယ်။ သေဆုံးတဲ့လူငယ်တွေထဲမှာ သူတို့သားသမီး၊ သူတို့ဆွေမျိုး၊ သူတို့ပတ်သက်ရာ ပတ်သက်ကြောင်းတွေ တစ်ယောက်မှမပါဘူး။ ပြည်သူ့သားသမီးလေးတွေသာ ဘုမသိဘမသိ လမ်းပေါ်ထွက်ကြ၊ ဥပဒေတွေကို နားမလည်ဘဲ မျက်ကွယ်ပြုကြနဲ့ အသက်ပါရင်းကြရတယ်။

သူတို့ဟာ တိုင်းပြည်အတွက် နယ်ချဲ့ကိုလိုနီကို တော်လှန်နေတာ မဟုတ်ကြပါဘူး။ ပြည်တွင်းရန်ကို နှိမ်နင်းရေးမှာ ပါဝင်တိုက်ခိုက်နေကြတာလည်း မဟုတ်ပါဘူး။ နိုင်ငံနဲ့ လူမျိုးအတွက် ထမ်းရွက်နေကြတာ မဟုတ်ပါဘူး။ လူတစ်စု၊ ပါတီတစ်ခုအတွက် သူတို့လုပ်ဆောင်နေကြရတယ်ဆိုတာကိုလည်း သူတို့မသိကြပါဘူး။ ရည်ရွယ်ချက်ရှိရှိ မြှောက်ပင့်ပေးကာ ပြည်သူ့အားကို တလွဲအသုံးချပြီး တိုင်းပြည်မငြိမ်သက်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဖန်တီးနေသူတွေရဲ့ အသုံးချခံ လူငယ်တွေဖြစ်မှန်းမသိ ဖြစ်နေကြရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဟာ မိမိတို့ပြည်သူအားလုံးရဲ့ အသက်သွေးကြောမှန်း ဂျန်- ဇက်တို့ ကောင်းကောင်းမသိကြပေမယ့် သူတို့ကို မြှောက်ပေးနေတဲ့ အဖွဲ့အစည်းတွေက မျက်ကန်းခေါင်းဆောင်တွေကတော့ ကောင်းကောင်း သိကြပါလိမ့်မယ်။ ပြဿနာရဲ့ မူလအစ တာဝန်ရှိသူတွေကတော့ NLD အစိုးရပဲလို့ စာရေးသူကတော့ ပြစ်တင်လိုပါတယ်။ မဲစာရင်းရလဒ်တွေအပေါ် တိကျခိုင်မာတဲ့ စာရင်းဇယားတွေနဲ့ ဝေဖန်ထောက်ပြတာကို လက်သင့်မခံဘဲ တပ်မတော်ရဲ့ တောင်းဆိုချက်တွေအပေါ်ကို လျစ်လျူရှုပစ်ခဲ့တဲ့အတွက် ဒီမိုကရေစီလမ်းကြောင်းဖြောင့်ဖြူးစေဖို့ တပ်မတော်ဟာ နိုင်ငံတော်ကို ဥပဒေနဲ့အညီ တာဝန်ယူထိန်းသိမ်းထားရတာဖြစ်တယ်ဆိုတာကို ဂျန်-ဇက်တို့ သိကြစေလိုပါတယ်။

အကယ်၍ NLD အစိုးရဘက်ကနေ အခုလိုတင်းမာမှု၊ အလျှော့မပေးမှု၊ မညှိနှိုင်းမှုတွေ များလာတဲ့အခါ တပ်မတော်က ဥပဒေနဲ့အညီ လုပ်သင့်လုပ်ထိုက်တာတွေ ဆောင်ရွက်ရမယ်ဆိုတာကို NLD ပါတီက တာဝန်ရှိသူတွေ၊ အစိုးရအဖွဲ့တွေ မသိဘူး ဆိုတာမျိုးတော့ လုံးဝမဖြစ်နိုင်ဘူးလို့ စာရေးသူကတော့ ယူဆပါတယ်။ ဒါဆိုရင် ဘာကြောင့်များ အဲဒီလိုအခြေအနေကို ရောက်အောင်တွန်းပို့ခဲ့ရသလဲဆိုတာနဲ့ နောက်ဆက်တွဲ သူတို့ရဲ့ အန္တိမရည်မှန်းချက်က ဘာလဲဆိုတာကို လက်ရှိတာဝန်ယူနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ စတင်ဖော်ထုတ်နေတာကိုလည်း မြင်တွေ့ရပါတယ်။

**အကြမ်းဖက်ဆူပူအောင် တွန်းအားပေး**

လက်ရှိတာဝန်ယူနေတဲ့ အရေးပေါ်ကာလအတွင်းမှာ ဆန္ဒပြမှုတွေ ဖြစ်နေရတဲ့အခါမှာလည်း NLD ပါတီဝင်တွေ၊ ထိပ်သီးတွေ ဦးဆောင်တာမျိုးထက် နိုင်ငံရေးလောကနဲ့ အဆက်အစပ်မရှိတဲ့ ပညာတတ်အချို့၊ လူငယ်အချို့ကို ရှေ့ထွက်ပြခိုင်းတာဟာလည်း ပုံမှန်မဟုတ်တဲ့ နောက်ကွယ်က အခြေအနေတွေရှိနိုင်တယ်ဆိုတာကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ လူငယ်တွေကို နွေဦးတော်လှန်ရေးဆိုပြီး ခေါင်းစဉ်တပ် လမ်းပေါ်ထွက်ခိုင်းလိုက်ကြတယ်။ နောက်မှာတော့ လူများများထိခိုက်လေလေ နိုင်ငံတကာက ဝင်ပါလို့ကောင်းလေလေဆိုတဲ့ အိုင်ဒီယာကို ထည့်ပေးလိုက်ကြတယ်။ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိအောင် ဆန္ဒပြပွဲကနေ အကြမ်းဖက်ဆူပူသောင်းကျန်းတဲ့အဆင့်ရောက်အောင် လူငယ်တွေကို တွန်းအားပေးလာကြတယ်။ နိုင်ငံလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်လာတဲ့အခါမှာ မဖြစ်မနေဖြိုခွင်းကြရတော့လည်း သွေးဆူတဲ့လူငယ်တွေကို ပိုပြီးသွေးဆူအောင် ထပ်ကာထပ်ကာ မြှောက်ပေးနေကြတော့တယ်လို့ စာရေးသူကတော့ ယူဆပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းမှာတော့ ခြေကုန်လက်ပန်းကျနေတဲ့၊ လမ်းပေါ်ထွက်နေရတဲ့ လူငယ်တွေကို ပွဲသိမ်းတိုက်ပွဲဆိုပြီး မြှောက်ပေးတာကအစ ပြန်လည်ခုခံဆိုပြီး ရရင်ရ မရရင်ချဆိုတဲ့ သွေးထိုးလှုံ့ဆော်တဲ့အဆင့်အထိ ဖြစ်လာခဲ့ပါတယ်။ အဖျက်အမှောင့်လုပ်ရပ်တွေဖြစ်တဲ့ လမ်းတွေ၊ တံတားတွေကို ဖျက်ဆီးဖို့အတွက် မြှောက်ပင့်ပေးကြသလို ရရာလက်နက်ကိုင်စွဲတိုက်ကြဖို့အထိ နိုင်ငံတော်ကို ပျက်စီးစေဖို့၊ လူငယ်တွေ သွေးမြေကျစေဖို့ သွေးထိုးလှုံ့ဆော်နေကြတာကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေကို တာဝန်မထမ်းဆောင်ကြဖို့နဲ့ ဌာနတွေကိုပုန်ကန်ကြဖို့ သွေးထိုးကြပြီး ထင်သလောက်ခရီးမပေါက်တဲ့အခါ အွန်လိုင်းကနေ ကြေညာချက်အမျိုးမျိုးနဲ့ အကြောက်တရားဖြစ်လာအောင် ထည့်သွင်းဖိအားပေးစည်းရုံးကြတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို ဥပဒေနဲ့အညီ အရေးယူတာ၊ ဌာနကနေ ထုတ်ပယ်တာတွေ ဆောင်ရွက်တဲ့အခါမှာလည်း သူတို့စီမံအုပ်ချုပ်နေသယောင် အွန်လိုင်းကနေ သတိပေးစာတွေထုတ်ကြပြန်ပါတယ်။ တကယ်တမ်းမှာ နိုင်ငံ့ဝန်ထမ်းတွေနဲ့ မှီခိုနေရတဲ့ မိသားစုတွေကို ထည့်သွင်းမစဉ်းစားဘဲ လူတစ်စုအာဏာရရှိရေးအတွက်သာ ကြည့်ရှုတဲ့ ဖြစ်စဉ်တွေပဲ ဖြစ်ပါတယ်။

**လူငယ်တွေကို False Hope လို့ခေါ်တဲ့ ရွှေရည်စိမ် မျှော်လင့်ချက်တွေပေးပြီး အမှားနဲ့အမှန်ကို ခွဲခြားရခက်အောင် မြှောက်ပင့်ပေးနေကြတဲ့ အွန်လိုင်းပေါ်ကထင်တိုင်းကြဲ အစိုးရအတုနဲ့ လော်ဘီတွေဟာ နေ့စဉ်ခေါင်းစဉ်အမျိုးမျိုးနဲ့ လူထုကို ပင်ပန်းစေခဲ့ပြီ ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးမှာ ထူးခြားတော့မလိုလို ကူးယူဖော်ပြနေလိုက်ကြတဲ့ လူငယ်တွေ အများကြီးတွေ့ရတယ်။ အမှန်က နိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်တဲ့အတွက် ဆောင်ရွက်ရန်မသင့်ကြောင်း ပယ်ချလိုက်တဲ့အပြင် စုပေါင်းကြေညာချက်တောင်မထုတ်နိုင်တဲ့ တံခါးပိတ်ဆွေးနွေးပွဲဆိုတာကို သိရှိသူအတော်နည်းပါတယ်။**

**လူငယ်တွေရဲ့ အနာဂတ်ဖျက်ဆီးနေ**

ဂျန်-ဇက်တွေရဲ့ အွန်လိုင်းပေါ်ကတွေ့ဆုံရာတစ်ခုမှာ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုနဲ့ ဖမ်းဝရမ်းထုတ်ထားခြင်းခံရတဲ့ ဒေါက်တာဆာဆာ ပြောတယ်ဆိုပြီး တင်ထားတဲ့စာသားတွေရှိပါတယ်။ “နိုင်ငံအတွင်းမှာရှိတဲ့ လူမျိုးပေါင်းစုံကို မကစားရဘူး။ ဥယျာဉ်တစ်ခုမှာ ပန်းပင်လိုသဘောထားပြီး ပန်းလိုပဲ ပျိုးထောင်ပြုစုရမယ်”ဆိုပြီး ဖော်ပြထားတာကို တွေ့လိုက်ရပါတယ်။ တကယ်တမ်းတော့ အဲဒီလိုကြွေးကြော်နေသူတွေကပဲ လူငယ်တွေရဲ့ဘဝ၊ လူငယ်တွေရဲ့အနာဂတ်တွေကို ဖျက်ဆီးနေတာ၊ လမ်းမှားကိုမြှောက်ပေးနေတာ၊ အဖူးအပွင့်တွေနဲ့ ပန်းပင်ကလေးတွေကို နင်းချေဖျက်ဆီးနေကြတယ်ဆိုတာကို သိကြစေလိုပါတယ်။

**လွန်ခဲ့တဲ့ ဆယ်နှစ်တာကာလက လစ်ဗျားနိုင်ငံမှာ အဆိုးရွားဆုံးအခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ UN လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရ R2P ဆိုပြီး အမေရိကန်တပ်တွေ ဝေဟင်ကနေ ဝင်ရောက်သွားခဲ့တာပါ။ ဒါပေမယ့် ပြည်သူတွေ မျှော်လင့်တဲ့ အေးချမ်းတဲ့နိုင်ငံအဖြစ်ကိုတော့ ယနေ့အထိ မရောက်နိုင်ခဲ့ပါဘူး။ အစွန်းရောက်အကြမ်းဖက်သမားတွေ ပိုများလာတာ၊ တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာကွဲတာနဲ့ လူသောင်းနဲ့ချီ သေကျေပျက်စီးတာတွေအပြင် နောက်ဆက်တွဲ အလုပ်လက်မဲ့ဘဝ၊ မျှော်လင့်ချက်မဲ့ ဘဝပေါင်းများစွာ ကြုံခဲ့ရပါတယ်။**

*စာမျက်နှာ ၇ သို့*

# မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများထံ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သာသနာရေးဆိုင်ရာများလျှောက်ထားကာ ဩဝါဒခံယူပြီး ဘက်စုံပြင်ဆင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



မကွေး မတ် ၂၁

မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်သည် တိုင်းဒေသကြီး ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ မတ် ၂၀ ရက် နံနက် ၉ နာရီက မန်းရွှေစက်တော်ရာဘုရားသို့ ရောက်ရှိပြီး မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများထံ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဩဝါဒခံယူပြီး မန်းရွှေစက်တော်ရာဘုရား ဘက်စုံပြင်ဆင်ရေး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သာသနာရေးဆိုင်ရာများ လျှောက်ထား**

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့သည် မန်းရွှေစက်တော် အောက်ခြေတော်ရာသို့ ရောက်ရှိကာ ပန်း၊ရေချမ်း၊ဆီမီးကပ်လှူပူဇော်ပြီး အောက်ခြေတော်ရာအား ရွှေသင်္ကန်း ဆက်ကပ် ပူဇော်ခဲ့သည်။ ယင်းနောက် မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝိသုတထံမှ ငါးပါးသီလ ဆောက်တည်ကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဩဝါဒကထာမြွက်ကြားပြီး မင်းဘူးမြို့မှန်ကင်းတိုက်သာသနဝေပုလ္လကျောင်း ပဓာနနာယကဆရာတော် မင်းဘူး(စကု)မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တပုညထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မန်းရွှေစက်တော်ရာဘုရား ဘက်စုံပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးရာ ဘက်စုံပြင်ဆင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေးက လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများအား လိုက်လံရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုများအပေါ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

**ဆက်လက်ဆောင်ရွက်နိုင်ရေး မှာကြား**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် မန်းရွှေစက်တော်ရာအနီး ဆောင်ရွက်လျက်ရှိသည့် ရွှေစက်တော်ဒေသ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဟိုတယ်ဇုန်မြေနေရာအား ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများနှင့် အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ပြီး တင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် Green-Earth Power(Thailand)Co.,Ltd က ဆောင်ရွက်လျက်ရှိသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစနစ်ဖြင့် ဓာတ်အားထုတ်လုပ်သည့် ဆိုလာစက်ရုံသို့ ရောက်ရှိရာ အဆိုပါစက်ရုံမှ (Deputy Plant Manager)ဦးညွှန့်အောင်က လုပ်ငန်းဆောင်ရွက်မည့်စနစ်၊ ဓာတ်အားထုတ်လုပ်ရန် လျာထားချက်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုကာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစနစ်မှ ထွက်ရှိလာမည့် ဓာတ်အားကို ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ ၁၄၃

## ပညာရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပါရဂူဘွဲ့(ကျမ်းပြု) သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် မတ် ၂၁

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သည့် တက္ကသိုလ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် ဘာသာရပ်အလိုက် ပါရဂူ(ဘွဲ့ကြို)နှင့် ပါရဂူဘွဲ့(ကျမ်းပြု) သင်တန်းအသီးသီးကို အောင်မြင်စွာပြီးစီးခဲ့ကြသူများအတွက် ပါရဂူဘွဲ့ (ကျမ်းပြု) ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်တန်းများကို ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် (၁-၄-၂၀၂၁)ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပါရဂူဘွဲ့ကြိုသင်တန်း (Prelim) များ စတင်ဖွင့်လှစ်မည်

နေပြည်တော် မတ် ၂၁

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့ကြိုသင်တန်း (Prelim) ဖွင့်လှစ်သည့် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်များတွင် ၅-၅-၂၀၂၁ ရက်နေ့မှ စတင်၍ ပါရဂူဘွဲ့ကြိုသင်တန်း (Prelim) ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပါရဂူဘွဲ့သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၆-၄-၂၀၂၁ ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာတက္ကသိုလ်များတွင် လျှောက်ထားရမည်ဖြစ်ကာ ပါရဂူဘွဲ့ ဝင်ခွင့်ရေးဖြေစာမေးပွဲများကို ၂၁-၄-၂၀၂၁ ရက်နေ့တွင် သက်ဆိုင်ရာဘာသာရပ်နှင့် ၂၂-၄-၂၀၂၁ ရက်နေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၈-၄-၂၀၂၁ ရက်နေ့တွင် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၆ မှ*

**စစ်ရေးအရ အခြားနိုင်ငံတစ်ခုကနေ ဝင်ရောက်စွက်ဖက်ခဲ့ခြင်းဟာ ပိုမိုပျက်သုဉ်းသွားဖို့ပဲ ဆိုတာကို ဂျန်-ဇက်တို့ သတိချပ်စေလိုပါတယ်။**

လက်ရှိမှာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှုရှိအောင်၊ တရားဥပဒေစိုးမိုးအောင် အဘက်ဘက်ကနေ ကိုင်တွယ်နေသလို လမ်းပြမြေပုံတွေထားရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပြည်သူအားလုံးရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး ပြန်လည်ကျင်းပနိုင်ဖို့ဆိုတဲ့ မှန်ကန်တဲ့ အသိ၊ မှန်ကန်တဲ့လမ်းကြောင်းကို လူငယ်တွေ အားလုံးက ပါဝင်ပူးပေါင်းပြီး နိုင်ငံအတွက် အုတ်ချပ်၊ သဲပွင့်လေးတွေအဖြစ်သာ မြင်တွေ့လိုလှပါတော့တယ်။ ။

**“လွန်ခဲ့တဲ့ ဆယ်နှစ်တာကာလက လစ်ဗျားနိုင်ငံမှာ အဆိုးရွားဆုံး အခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ UN လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရ R2P ဆိုပြီး အမေရိကန်တပ်တွေဝေဟင်ကနေ ဝင်ရောက်သွားခဲ့တာပါ။ ဒါပေမယ့် ပြည်သူတွေ မျှော်လင့်တဲ့ အေးချမ်းတဲ့နိုင်ငံ အဖြစ်ကိုတော့ ယနေ့အထိ မရောက်နိုင်ခဲ့ပါဘူး။ အစွန်းရောက်အကြမ်းဖက်သမားတွေ ပိုများလာတာ၊ တိုင်းပြည်အစိတ်စိတ်အမြွာမြွာကွဲတာနဲ့ လူသောင်းနဲ့ချီသေကျေပျက်စီးတာတွေအပြင် နောက်ဆက်တွဲ အလုပ်လက်မဲ့ဘဝ၊ မျှော်လင့်ချက်မဲ့ ဘဝပေါင်းများစွာ ကြုံခဲ့ရပါတယ်။ စစ်ရေးအရ အခြားနိုင်ငံတစ်ခုကနေ ဝင်ရောက်စွက်ဖက်ခဲ့ခြင်းဟာ ပိုမိုပျက်သုဉ်းသွားဖို့ပဲဆိုတာကို ဂျန်-ဇက်တို့ သတိချပ်စေလိုပါတယ်”**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စေတီတော်ကြီး လိုဏ်တော်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ ဥပသကာ ညှော်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင်များက ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းပရိတ်အိုးများကို ဆက်ကပ်ပြီး ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ညှော်ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၂၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ပူဇော်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၂၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများအား COVID-19 ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကိုကိုးကျွန်းခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်အရ ယနေ့တွင် ကိုကိုးကျွန်းနေ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ကလောမြို့၊ ဟိုပုံးမြို့ မိုးဗြဲမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် စာချစာသင် သံဃာတော်များအား သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့အတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း သက်ဆိုင်ရာတိုင်း စစ်ဌာနချုပ်များမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးအဖွဲ့များက CDM တွင်ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ကုန်သွယ်ရေးလမ်းများ ပွင့်လန်းလာသည်နှင့် ကွမ်းသီးတင်ပို့ရောင်းချမှု ဆက်တိုက်ပြုလုပ်သွားနိုင်ရန် ကုန်သည်အများစုမျှော်လင့်နေ

**နေပြည်တော် မတ် ၂၁**

နယ်စပ်ကုန်သွယ်ရေးလမ်းများ ပွင့်လန်းလာသည်နှင့် ကွမ်းသီးတင်ပို့ရောင်းချမှု ဆက်တိုက်ပြုလုပ်သွားနိုင်ရန် ကုန်သည်အများစုမျှော်လင့်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ပွဲရုံမှ သိရသည်။

"ကွမ်းသီးတွေကို အခုလောလောဆယ်မှာ ပြည်တွင်းဈေးကွက်ထဲပဲ ရောင်းနေတယ်။ နယ်စပ်ကုန်သွယ်ရေးပိုင်းတွေ ပိတ်ထားတော့ ပြည်တွင်းမှာပဲ အသုံးရှိနေတယ်။ ကွမ်းသီးက ရောင်းမကုန်ဘူးဆိုတာတော့ မရှိပါဘူး။ နိုင်ငံရေးအခြေအနေကောင်းတာနဲ့၊ နယ်စပ်လမ်းတွေပွင့်တာနဲ့ အချိန်မရွေး ကွမ်းသီးက ရောင်းလို့ကုန်တယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ပွဲရုံမှ ကွမ်းသီးကုန်သည် ဦးနိုင်အောင်သူက ပြောသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကွမ်းသီးကို ပြည်တွင်းဈေးကွက်အနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့များသို့ အဓိက တင်ပို့ရောင်းချကြပြီး ပြည်ပဈေးကွက်အနေဖြင့် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချကြသည်။

"ကွမ်းသီးစိုက်ပျိုးထွက်ရှိတဲ့နေရာတွေကတော့ ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ ရေး၊ မော်လမြိုင်မြို့တွေပါ။ အဲဒီဒေသတွေကနေ အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး အိန္ဒိယနိုင်ငံကို တင်ပို့ရောင်းချကြတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ ဈေးကွက်အတွင်း ကွမ်းသီးအရည်အသွေးကောင်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၆၅၀၀ အတွင်း ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်

**အင်းတော် မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာတွင် ကမ်းပြိုကာကွယ်ရေးတည်ဆောက်ခြင်းလုပ်ငန်းကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၁၂၀ ဒသမ ၀) သန်းဖြင့် (၂)တန်းသွား မျှောရေကာ (၁၆၀+၂၀၀)ပေ နှစ်ခု၊ သုံးတန်းမျှောရေကာ ပေ (၅၀) ငါးခု၊ မျှောအခြေထိန်း ပေ ၆၅၀ တင်ဒါအောင်မြင်သည့် ဥပမိကုမ္ပဏီမှ တန်ဖိုးငွေကျပ်(၁၁၆ ဒသမ ၉)သန်းဖြင့် တည်ဆောက်ဆောင်ရွက်နေကြောင်း သိရသည်။



ကမ်းပြိုကာကွယ်ရေး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာ ဦးသန်းမြင့် တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်မှူး(ငြိမ်း)က တာဝန်ယူတည်ဆောက်နေပြီး ၁၅-၁-၂၀၂၀ မှ ၃၁-၅-၂၀၂၁ အထိ သတ်မှတ်ချိန်ကာလထက် ဆောလျင်စွာတည်ဆောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**၀၇၉**

# ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် ချစ်ခင်ကြပါစို့

## ကိုထွန်းခင်

**ဒီမိုကရေစီဆိုတဲ့ ဝေါဟာရကို စာရေးသူအနေနဲ့ ငယ်စဉ် ၁၉၈၈ ခုနှစ်လောက်မှာ ကျယ်ကျယ်လောင်လောင် စတင်ကြားသိခဲ့ရပါတယ်။ အဓိပ္ပာယ်နဲ့ လေးနက်မှုအတိမ်အနက်ကို ခွဲခြမ်းစိတ်ဖြာလောက်အောင် အသက်အရွယ်နဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းက ငယ်နုလေတော့ စကားစုအဖြစ်နဲ့သာ ရင်းနှီးခဲ့ပါတယ်။ ကာလအတော်ကြာ မေ့ပျောက်နေခဲ့ရာက ၂၀၁၀ ပြည့်နှစ်ဝန်းကျင်လောက်မှာတော့ ထိုစကားလုံးက ပြန်လည်လူပြောများလာတာကို သတိပြုမိခဲ့ပါတယ်။**

> ✻ NLD **အစိုးရဟာ ငါးနှစ်တာသက်တမ်းကာလတစ်လျှောက် ခြေပေါ်အောင် မကစားနိုင်ခဲ့သလို ၂၀၂၀ ရွေးကောက်ပွဲမှာလည်း အငြင်းပွားမှုတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၉၄ ပါတီ ရှိပါတယ်။ ကန့်ကွက်လွှာတင်သွင်းထားတဲ့ အမှုပေါင်း ၂၁၇ မှုရှိပါတယ်။ နိုင်ငံရေး ပါတီတွေအနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တရားမျှတမှုရှိစေဖို့၊ ဖြေရှင်းပေးဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ရွေးကောက်ပွဲမတိုင်မီကတည်းက တောင်းဆိုမှုတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပေမယ့် ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါဘူး။**

ဂရိစကားလုံးနှစ်လုံးကနေ ဆင်းသက်လာတဲ့ ဒီမိုကရေစီဆိုတာ ပြည်သူ(demos) နဲ့ အုပ်ချုပ်ရေး (kratos) ပြည်သူအုပ်ချုပ်ရေးလို့ အဓိပ္ပာယ်ရတယ်ဆိုတဲ့အကြောင်း၊ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူအများ အာဏာပိုင်စိုးသောစနစ်ဖြစ်တယ်၊ ဒီမိုကရေစီဆိုတာ အုပ်ချုပ်ရေးပုံစံတစ်မျိုးဖြစ်တယ်၊ ပြည်သူတွေက အုပ်ချုပ်တဲ့စနစ်လည်းဖြစ်တယ်ဆိုတာတွေကို ဟိုမှ ဒီမှ တစ်စွန်းတစ်စ တီးမိခေါက်မိ ဖတ်မှတ်လေ့လာမိခဲ့ပါတယ်။

အချို့ကလည်း ဒီမိုကရေစီဖော်ဆောင်ခြင်း (Democratization) ဆိုတာ အာဏာရှင်ဆန်တဲ့ အုပ်စိုးမှုစနစ်တစ်ခုကနေ ဒီမိုကရေစီနည်းကျအုပ်စိုးမှုစနစ်တစ်ခုကို ကူးပြောင်းအကောင်အထည်ဖော်သော လုပ်ငန်းစဉ်လို့အဓိပ္ပာယ်ဖွင့်ကြသလို အချို့ကလည်း ဒီမိုကရေစီဆိုတာ စနစ်တစ်ခုဆိုတာထက် ယဉ်ကျေးမှုတစ်ရပ် ဖြစ်တယ်။ ဒီမိုကရေစီယဉ်ကျေးမှုကို ဘယ်လိုထူထောင်ရမယ် စသည်ဖြင့်လည်း ဒီမိုကရေစီနဲ့ ပတ်သက်ပြီး မတူညီတဲ့အမြင်ရှုထောင့်တွေ၊ ဒဿနတွေကို ဆွေးနွေးငြင်းခုံသံတွေလည်း ကြားသိ လာရပါတယ်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံဟာ ၂၀၁၀ ပြည့်နှစ်မှာတော့ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများကဲ့သို့ ဒီမိုကရေစီလမ်းကြောင်းကို တစ်ဖန်ပြန်လည်ခြေချဖို့ လမ်းစပေါ်ပေါက်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ၂၀၀၈ ခုနှစ် မေလအတွင်း လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးနောက် မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်ကျင်းပတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုက စိုးရိမ်ခဲ့ကြပေမယ့် လွတ်လပ်ပြီး တရားမျှတတဲ့ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတစ်ခုအဖြစ် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပါတယ်။ အနိုင်ရပါတီက အစိုးရဖွဲ့နိုင်ခဲ့ပြီး မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်စဉ်သည် သွေးထွက်သံယိုမှုမရှိဘဲ သိမ်မွေ့ညင်သာခဲ့ပါတယ်။

### ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး

အရပ်သားအစိုးရတက်လာပြီးနောက် ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်ရာလွှတ်တော်တွေကို ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေး မဏ္ဍိုင် တွေဟာ အပြန်အလှန်ထိန်းကျောင်းလို့ ခေတ်မီတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးလမ်းကြောင်းကို ဦးတည်လျှောက်လှမ်းနိုင်ခဲ့ပါတယ်။ သတင်းမီဒီယာတွေကိုလည်း စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုခဲ့ပြီး သတင်းလွတ်လပ်ခွင့်တွေ အတိုင်းအတာတစ်ခုအထိ တိုးတက်ရရှိလာခဲ့ပါတယ်။

ဒီမိုကရေစီစနစ်ကျင့်သုံးလာခဲ့တာ ငါးနှစ်တာကာလအတွင်း အထိုက်အလျောက် အောင်မြင်မှုတွေရရှိခဲ့ပြီး ဒီမိုကရေစီအုတ်မြစ်ခိုင်မာအောင် အရပ်သားအစိုးရက လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ပြည်သူတွေကလည်း ဒီမိုကရေစီစနစ်နဲ့ အတန်အသင့် ကျင့်သားရရှိလာတာကို သတိပြုမိကြမှာ ဖြစ်ပါတယ်။

အရပ်သားအစိုးရ ငါးနှစ်တာကာလ သက်တမ်းပြည့်မြောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒုတိယအကြိမ်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တည်တည်ငြိမ်ငြိမ်၊ အကြမ်းဖက်မှုမရှိ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကျင်းပနိုင်ခဲ့ပါတယ်။ အသက် ၁၈ နှစ်ပြည့်သူတိုင်း မဲပေးကြဖို့ အစိုးရ၊ တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေက နှိုးဆော်ကြသလို ပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံသားတစ်ယောက်ရဲ့ မဲပေးပိုင်ခွင့် မဆုံးရှုံးစေဖို့ စိတ်အားထက်သန်ခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ NLD အောင်နိုင်ရေးအတွက် ရုပ်ရှင်အနုပညာရှင်တွေ၊ လူသိများထင်ရှားတဲ့ Cele တွေ၊ မီဒီယာတွေက ထိပ်ဆုံးက ပါဝင်ခဲ့တယ်။ အားလုံး ဝိုင်းဝန်းပံ့ပိုးခဲ့ကြတဲ့အတိုင်းပါပဲ ရွေးကောက်ပွဲအနိုင်အရှုံးလည်း ထွက်ပေါ်လာခဲ့ပြီး NLD ပါတီက အစိုးရဖွဲ့နိုင်ခဲ့ပါတယ်။

NLD ပါတီ အစိုးရလက်ထက်မှာ ကုန်ဈေးနှုန်း၊ ရွှေဈေးနဲ့ ဒေါ်လာလဲလှယ်နှုန်း အဆမတန်မြင့်တက်နေတာ၊ စီးပွားရေးလုပ်ကိုင်ခွင့်ကျပ်တည်းတာ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထင်သလောက်ခရီးမပေါက်တာ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခတွေကြောင့် နိုင်ငံတကာကဝေဖန်ပြောဆိုတာ၊ အစိုးရအဖွဲ့ဝင်တွေရဲ့ စွမ်းဆောင်ရည် အားနည်းမှုတွေနဲ့ စကားကျွံမှုတွေကြောင့်လည်း ပြည်သူလူထုရဲ့ စိတ်ကျေနပ်မှုသည် မျှော်လင့်သလိုမဖြစ်ဘဲ သဲထဲရေသွန်ဖြစ်ခဲ့ရတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။

**NLD အစိုးရဟာ ငါးနှစ်တာသက်တမ်းကာလတစ်လျှောက်** ခြေပေါ်အောင် မကစားနိုင်ခဲ့သလို ၂၀၂၀ ရွေးကောက်ပွဲမှာလည်း အငြင်းပွားမှုတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၉၄ ပါတီ ရှိပါတယ်။ ကန့်ကွက်လွှာတင်သွင်းထားတဲ့ အမှုပေါင်း ၂၁၇ မှု ရှိပါတယ်။ နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တရားမျှတမှုရှိစေဖို့၊ ဖြေရှင်းပေးဖို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ ရွေးကောက်ပွဲမတိုင်မီကတည်းက တောင်းဆိုမှုတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပေမယ့် ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။

ရွေးကောက်ပွဲအလွန်ကာလမှာလည်း မဲမသမာမှုတွေကြောင့် ပြစ်တင်ဝေဖန်မှုတွေ ထွက်ပေါ်ခဲ့ရပါတယ်။ နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းသုံးပြီးရယူဖို့ ကြိုးပမ်းလုပ်ဆောင်မှုတွေနဲ့ အမျိုးဘာသာ သာသနာ ရေရှည်တည်တံ့စေဖို့အတွက် တပ်မတော်က နိုင်ငံတော်အာဏာကို အခြေခံဥပဒေအရ မလွှဲမရှောင်သာ ထိန်းသိမ်းလိုက်ခြင်း ဖြစ်ပါတယ်။

### ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမှာဖြစ်

တပ်မတော်အနေနဲ့ ပြည်သူက ရွေးချယ်ထားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မည်သို့မျှ သွေဖည်မည်မဟုတ်ကြောင်း၊ မှန်မှန်ကန်ကန်သွားနိုင်ရန် ထိန်းကျောင်းပေးခြင်းသာဖြစ်ကြောင်း သတင်းထုတ်ပြန်ထားတာကိုလည်း ဖတ်ရှုရပါတယ်။ ဒ့ါအပြင် အရေးပေါ်ကာလပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိတဲ့ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမှာဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဟာ အသက်ဖြစ်လို့ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးကြဖို့ တိုက်တွန်းလိုပါတယ်။

ဆန္ဒမဲပေးရာမှာလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားရှိသူတွေသာ မဲပေးခွင့်ရရှိမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူတွေကိုလည်း စိစစ်ရေးလက်မှတ် အမြန်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားထားတာကို တွေ့ရပါတယ်။

ဒ့ါကြောင့် **မဝေးတော့တဲ့အနာဂတ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စိတ်ခံစားမှုထက် ပကတိအချက်အလက်အမှန်တရားကို ရှေးရှုကာ ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် ချစ်ခင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။**

> **မဝေးတော့တဲ့ အနာဂတ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက စိတ်ခံစားမှုထက် ပကတိအချက်အလက် အမှန်တရားကို ရှေးရှုကာ ငြိမ်းငြိမ်းချမ်းချမ်း ညီညီ ညွတ်ညွတ် ချစ်ခင်ကြပါစို့ဟု တိုက်တွန်းရေးသား လိုက်ရပါသည်။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ)၄၄ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၆၁၃၅၅၈၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၉၇၈၉၃၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၄၇၀၉၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများမှာ ၁၁၀၇၀ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၂၆၉၄၁၂ ဦးဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝက စာရင်း | နိုင်ငံသားစိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | လှိုင်သာယာ (အရှေ့ပိုင်း) | ၃၄၉ | ၃၆၂၅၈၅ | ၁၂၂၅၄၆ | ၇၂၈၈ | ၃၇၂ | ၁၃၃၇၈ |
| ၂ | ကျောက်တံတား | ၂၈ | ၂၃၉၈၄ | ၂၅၇၇၆ | ၃၃၆ | | ၄၈၈ |
| ၃ | တာမွေ | ၁၂၃ | ၁၂၇၁၀၇ | ၉၇၀၈၃ | ၂၉၉၁ | ၁၀၉ | ၄၈၅၄ |
| ၄ | မင်္ဂလာဒုံ | ၁၃၆ | ၂၈၈၅၂၂ | ၁၅၀၄၀၇ | ၂၇၃၈၆ | ၇၉၀ | ၁၇၄၈၂ |
| ၅ | လမ်းမတော် | ၂၂ | ၃၄၀၄၄ | ၂၃၅၄၄ | ၆၂၅ | ၆ | ၇၅၄ |
| ၆ | လသာ | ၁၈ | ၁၇၈၆၃ | ၂၀၃၉၁ | ၁၄၉ | | ၁၈၈ |
| ၇ | မရမ်းကုန်း | ၁၂၁ | ၁၅၈၈၉၈ | ၁၀၁၄၇၅ | ၉၇၆၈ | ၂၄ | ၂၀၇၈ |
| ၈ | ထန်းတပင် | ၁၁၉ | ၁၄၀၇၆၀ | ၇၀၇၉၂ | ၂၀၀၅၉ | ၂၉၁ | ၇၂၇၆ |
| ၉ | အင်းစိန် | ၁၉၆ | ၂၃၇၂၃၀ | ၁၇၇၆၈၇ | ၁၇၄၄၀ | ၂၅၅ | ၉၀၅၄ |
| ၁၀ | ဒေါပုံ | ၆၃ | ၇၀၇၅၃ | ၅၈၇၀၈ | ၇၇၄၆ | ၃၉ | ၂၀၈၄ |
| ၁၁ | လှည်းကူး | ၁၃၀ | ၂၂၄၅၄၁ | ၉၄၉၉၆ | ၄၃၂၇၄ | ၅၀၇ | ၁၁၆၂၂ |
| ၁၂ | တောင်ဥက္ကလာပ | ၁၂၄ | ၁၃၆၁၅၅ | ၁၃၆၂၂၄ | ၅၂၃၄ | ၇၄ | ၃၆၂၂ |
| ၁၃ | ကြည့်မြင်တိုင် | ၇၁ | ၈၈၁၈၀ | ၆၀၂၃၁ | ၁၀၆၇၄ | ၁၅၇ | ၃၉၀၀ |
| ၁၄ | ပုဇွန်တောင် | ၂၆ | ၃၅၈၇၁ | ၂၇၃၉၀ | ၅၂၁ | ၁၈ | ၁၀၃၀ |
| ၁၅ | လှိုင် | ၈၇ | ၁၄၁၄၄၂ | ၁၀၀၇၅၀ | ၆၁၄၅ | ၁၂၆ | ၅၃၄၆ |
| ၁၆ | ကမာရွတ် | ၃၇ | ၇၀၉၉၉ | ၆၂၉၅၆ | ၁၅၀၅ | ၄၀ | ၂၃၂၂ |
| ၁၇ | ဒဂုံ | ၁၃ | ၂၁၀၀၄ | ၂၀၉၄၃ | ၃၇၃ | ၃ | ၃၂၈ |
| ၁၈ | ဆိပ်ကြီး/ ခနောင်တို | ၃၅ | ၂၆၀၅၅ | ၂၅၅၇၄ | ၃၆၅၁ | ၆ | ၄၀၄ |
| ၁၉ | သာကေတ | ၂၁၁ | ၁၇၄၇၅၁ | ၁၃၉၆၄၇ | ၁၁၁၁၉ | ၂၃၅ | ၈၈၆၀ |
| ၂၀ | ဗဟန်း | ၆၅ | ၆၇၂၂၂ | ၃၆၇၇၈ | ၁၄၁၁ | ၃ | ၁၃၀၂ |
| ၂၁ | သန်လျင် | ၂၂၉ | ၂၂၂၇၅ | ၁၇၆၄၅၄ | ၃၃၆၃၅ | ၆၇၅ | ၁၃၈၄၄ |
| ၂၂ | ကျောက်တန်း | ၁၉၂ | ၁၃၂၂၀၈ | ၁၁၃၆၅၁ | ၁၈၀၁၇ | ၁၁၈ | ၄၆၅၆ |
| ၂၃ | မှော်ဘီ | ၁၇၅ | ၁၉၉၄၇၄ | ၁၀၉၉၁၀ | ၂၆၂၈၀ | ၆၈၈ | ၁၃၁၀၂ |
| ၂၄ | ပန်းဘဲတန်း | ၂၆ | ၂၅၄၀၈ | ၃၁၄၄၉ | ၅၉၇ | ၁၂ | ၇၁၈ |
| ၂၅ | စမ်းချောင်း | ၅၂ | ၈၁၇၇၅ | ၇၃၅၄၁ | ၅၀၆ | ၁၈ | ၂၂၂၈ |
| ၂၆ | ခရမ်း | ၂၀၄ | ၁၂၈၁၁၆ | ၁၄၁၅၃၈ | ၂၅၈၃၆ | ၁၅၄ | ၆၀၂၄ |
| ၂၇ | ကော့မှူး | ၁၆၁ | ၉၈၆၇၈ | ၇၆၀၅၅ | ၁၀၅၆၅ | ၂၀၇ | ၅၄၀၀ |
| ၂၈ | ဒလ | ၁၈၂ | ၁၃၀၅၉၉ | ၁၀၇၄၈၈ | ၃၀၁၇၉ | ၄၃၃ | ၈၃၈၄ |
| ၂၉ | ရန်ကင်း | ၅၃ | ၅၆၀၂၈ | ၃၃၃၈၃ | ၁၉၃၄ | ၆၇ | ၁၉၃၄ |
| ၃၀ | မြောက်ဥက္ကလာပ | ၂၃၈ | ၂၇၃၄၈၁ | ၁၂၇၃၅၅ | ၂၃၇၆၃ | ၈၃၇ | ၁၆၈၂၈ |
| ၃၁ | ဗိုလ်တထောင် | ၃၈ | ၃၃၂၈၈ | ၂၅၃၂၇ | ၇၁၂ | ၆ | ၃၂၄ |
| ၃၂ | လှိုင်သာယာ (အနောက်ပိုင်း) | ၂၈၇ | ၂၇၈၂၁၉ | ၁၃၉၃၁၄ | ၅၂၉၂၅ | ၂၃၅ | ၈၀၅၈ |
| ၃၃ | ကွမ်းခြံကုန်း | ၁၈၀ | ၈၉၉၃၂ | ၈၇၀၀၇ | ၁၅၇၆၈ | ၁၇၈ | ၄၃၇၂ |
| ၃၄ | တိုက်ကြီး | ၂၁၆ | ၂၁၆၁၃၃ | ၁၉၀၇၈၅ | ၄၁၈၀၆ | ၁၉၉ | ၈၀၂၀ |
| ၃၅ | သဃ်္ဃန်းကျွန်း | ၁၃၉ | ၁၈၄၄၈၅ | ၈၈၆၆၅ | ၁၆၅၄၄ | ၈၀ | ၄၆၂၆ |
| ၃၆ | ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ၁၂၈ | ၁၆၂၆၃၄ | ၅၂၁၄၁ | ၃၀၇၉၄ | ၇၈ | ၄၉၁၂ |
| ၃၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁၇၁ | ၁၅၁၉၇၈ | ၅၉၅၁၁ | ၁၉၉၀၅ | ၂၀၁ | ၆၂၂၀ |
| ၃၈ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၅၄ | ၁၆၆၃၅၂ | ၆၅၀၅၇ | ၁၀၃၆၇ | ၈၁ | ၄၁၆၂ |
| ၃၉ | တွံတေး | ၃၈၄ | ၁၇၄၄၄၁ | ၁၃၅၀၇၉ | ၂၃၃၇၂ | ၅၅၈ | ၁၂၂၈၄ |
| ၄၀ | အလုံ | ၂၈ | ၃၈၄၆၀ | ၃၄၃၇၅ | ၁၃၃၇ | | ၄၇၀ |
| ၄၁ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၂၁ | ၂၉၉၇၆၈ | ၁၃၀၆၈၂ | ၄၇၃၉၆ | ၄၈၅ | ၁၃၀၈၆ |
| ၄၂ | မင်္ဂလာတောင်ညွန့် | ၇၇ | ၁၀၄၀၃၇ | ၆၆၉၉၇ | ၅၉၄၁ | ၁၈၂ | ၄၈၈၀ |
| ၄၃ | ရွှေပြည်သာ | ၁၂၃ | ၃၁၃၇၈၃ | ၂၃၅၄၇၃ | ၄၅၀၅၃ | ၂၄၁၇ | ၂၄၉၄၄ |
| ၄၄ | သုံးခွ | ၁၇၅ | ၁၂၆၀၆၃ | ၁၂၃၇၉၉ | ၂၁၁၇၂ | ၉၆ | ၃၅၆၄ |
| | ၄၄ မြို့နယ် | ၅၈၀၇ | ၆၁၃၅၅၈၁ | ၃၉၇၈၉၃၄ | ၇၄၇၀၉၉ | ၁၁၀၇၀ | ၂၆၉၄၁၂ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၄၄ မြို့နယ်တွင် မဲရုံပေါင်း ၅၈၀၇ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၆၈၇၆၃၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၀၈၄၂၈၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၆၀၃၃၅၇ ၊ မြေပြင်လက်ကျန် ၂၃၃၆၈၇၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၅၇၉၃၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၉၁၄၅၀ ဖြစ်သည်။ မြို့နယ်အလိုက်ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက်ဆန္ဒမဲလက်မှတ်များကို သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | ကျောက်တံတား | ၂၈ | ၂၆၃၀၄ | ၁၅၀၅၅ | ၁၁၂၄၉ | ၁၁၀၃၉ | ၃၀၆ | ၉၆ |
| ၂ | တာမွေ | ၁၂၃ | ၁၄၀၃၁၄ | ၇၈၇၅၈ | ၆၁၅၅၆ | ၅၅၈၀၄ | ၁၁၇၄၅ | ၅၉၉၃ |
| ၃ | မင်္ဂလာဒုံ | ၁၃၆ | ၂၉၄၀၀၈ | ၁၆၂၆၅၆ | ၁၃၁၃၅၂ | ၁၁၄၀၉၁ | ၂၁၅၂၂ | ၄၂၆၁ |
| ၄ | လမ်းမတော် | ၂၂ | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |
| ၅ | လသာ | ၁၈ | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၆ | မရမ်းကုန်း | ၁၂၁ | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ | |
| ၇ | ထန်းတပင် | ၁၁၉ | ၁၄၇၄၃၃ | ၁၀၄၄၅၄ | ၄၂၉၇၉ | ၄၂၁၅၈ | ၂၃၃၆ | ၁၅၁၅ |
| ၈ | အင်းစိန် | ၁၉၆ | ၂၆၁၃၅၀ | ၁၆၅၅၁၀ | ၉၅၈၄၀ | ၈၂၈၀၆ | ၁၆၅၂၆ | ၃၄၉၂ |
| ၉ | ဒေါပုံ | ၆၃ | ၇၈၀၈၇ | ၄၄၆၀၀ | ၃၃၄၈၇ | ၃၀၆၂၀ | ၃၄၆၁ | ၅၉၄ |
| ၁၀ | လှည်းကူး | ၁၃၀ | ၂၄၁၂၆၅ | ၁၆၀၄၇၆ | ၈၀၇၈၉ | ၆၄၈၃၇ | ၂၁၉၆၀ | ၆၀၀၈ |
| ၁၁ | တောင်ဥက္ကလာပ | ၁၂၄ | ၁၅၁၁၉၅ | ၉၈၁၅၅ | ၅၃၀၄၀ | ၄၈၇၀၇ | ၄၉၈၆ | ၆၅၃ |
| ၁၂ | ကြည့်မြင်တိုင် | ၇၁ | ၉၆၂၈၃ | ၆၂၂၅၇ | ၃၄၀၂၆ | ၃၁၂၅၄ | ၃၄၅၅ | ၆၈၃ |
| ၁၃ | ပုဇွန်တောင် | ၂၆ | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၅၃ |
| ၁၄ | လှိုင် | ၈၇ | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |
| ၁၅ | ကမာရွတ် | ၃၇ | ၇၀၄၉၀ | ၄၃၉၉၂ | ၂၆၄၉၈ | ၂၅၄၈၇ | ၂၈၁၆ | ၁၈၀၅ |
| ၁၆ | ဒဂုံ | ၁၃ | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |
| ၁၇ | ဆိပ်ကြီး/ ခနောင်တို | ၃၅ | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |
| ၁၈ | သာကေတ | ၂၁၁ | ၁၉၆၁၇၈ | ၁၂၀၁၃၀ | ၇၆၀၄၈ | ၆၂၆၉၁ | ၁၉၅၃၉ | ၆၁၈၂ |
| ၁၉ | ဗဟန်း | ၆၅ | ၇၂၄၄၇ | ၄၂၆၃၆ | ၂၉၈၁၁ | ၂၁၇၄၁ | ၉၀၂၁ | ၉၅၁ |
| ၂၀ | သန်လျင် | ၂၂၉ | ၂၄၂၃၈၉ | ၁၅၇၈၈၆ | ၈၄၅၀၃ | ၇၇၄၄၇ | ၈၀၃၂ | ၉၇၆ |
| ၂၁ | ကျောက်တန်း | ၁၉၂ | ၁၅၁၄၆၈ | ၁၀၂၂၁ | ၄၉၂၄၇ | ၄၄၁၁၈ | ၆၅၁၁ | ၁၃၈၂ |
| ၂၂ | မှော်ဘီ | ၁၇၅ | ၂၁၁၉၀၃ | ၁၄၉၅၀၀ | ၆၂၄၀၃ | ၆၁၅၀၉ | ၅၆၄၉ | ၄၇၅၅ |
| ၂၃ | ပန်းဘဲတန်း | ၂၆ | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |
| ၂၄ | စမ်းချောင်း | ၅၂ | ၈၆၅၆၃ | ၄၈၆၆၂ | ၃၇၉၀၁ | ၃၀၅၄၄ | ၉၅၁၇ | ၂၁၆၀ |
| ၂၅ | ခရမ်း | ၂၀၄ | ၁၄၉၂၆၆ | ၁၀၀၄၉၉ | ၄၈၇၆၇ | ၄၅၄၃၇ | ၅၈၀၇ | ၂၄၇၇ |
| ၂၆ | ကော့မှူး | ၁၆၁ | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |
| ၂၇ | ဒလ | ၁၈၂ | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |
| ၂၈ | ရန်ကင်း | ၅၃ | ၆၃၆၈၉ | ၃၆၇၀၄ | ၂၆၉၈၅ | ၂၃၁၁၁ | ၄၂၂၄ | ၃၅၀ |
| ၂၉ | မြောက်ဥက္ကလာပ | ၂၃၈ | ၂၉၇၆၅၇ | ၁၇၇၁၇၆ | ၁၂၀၄၈၁ | ၁၀၇၆၁၇ | ၂၇၃၉၈ | ၁၄၅၃၄ |
| ၃၀ | ဗိုလ်တထောင် | ၃၈ | ၃၆၁၄၆ | ၂၃၂၂၉ | ၁၂၉၁၇ | ၁၂၅၃၀ | ၅၇၄ | ၁၈၇ |
| ၃၁ | လှိုင်သာယာ (အနောက်ပိုင်း) | ၂၈၇ | ၂၉၉၀၀၆ | ၁၄၆၃၂၂ | ၁၅၂၆၈၄ | ၁၃၃၆၇၂ | ၁၉၀၁၂ | |
| ၃၂ | ကွမ်းခြံကုန်း | ၁၈၀ | ၁၀၆၂၀၈ | ၆၈၉၉၃ | ၃၇၂၁၅ | ၃၄၀၅၅ | ၃၆၇၉ | ၅၁၉ |
| ၃၃ | လှိုင်သာယာ (အရှေ့ပိုင်း) | ၃၄၉ | ၃၈၃၄၈၂ | ၁၇၉၁၄၉ | ၂၀၄၃၃၃ | ၁၈၆၀၉၂ | ၁၈၉၁၁ | ၆၇၀ |
| ၃၄ | တိုက်ကြီး | ၂၁၆ | ၂၄၁၂၀၄ | ၁၇၁၂၁၁ | ၆၉၉၉၃ | ၆၁၉၅၄ | ၈၀၃၉ | |
| ၃၅ | သဃ်န်းကျွန်း | ၁၃၉ | ၂၀၃၇၃၈ | ၁၂၇၉၇၃ | ၇၅၇၆၅ | ၇၄၀၀၁ | ၁၇၆၄ | |
| ၃၆ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၂၈ | ၁၇၀၆၂၈ | ၉၀၇၈၆ | ၇၉၈၄၂ | ၆၄၉၇၈ | ၂၀၄၈၃ | ၅၆၁၉ |
| ၃၇ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၇၁ | ၁၆၀၀၃၇ | ၉၉၉၉၅ | ၆၀၀၄၂ | ၅၃၃၇၆ | ၁၁၇၅၈ | ၅၀၉၂ |
| ၃၈ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၅၄ | ၁၈၃၆၈၇ | ၁၁၆၁၇၉ | ၆၇၅၀၈ | ၅၈၃၁၇ | ၁၁၉၈၀ | ၂၇၈၉ |
| ၃၉ | တွံတေး | ၃၈၄ | ၂၀၇၈၈၀ | ၁၄၂၀၄၇ | ၆၅၈၃၃ | ၆၀၀၀၀ | ၉၆၁၄ | ၃၇၈၁ |
| ၄၀ | အလုံ | ၂၈ | ၄၀၉၃၇ | ၂၆၂၄၅ | ၁၄၆၉၂ | ၁၃၈၉၉ | ၁၂၂၆ | ၄၃၃ |
| ၄၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၂၁ | ၃၂၃၂၈၆ | ၁၉၇၇၁၉ | ၁၂၅၅၆၇ | ၁၁၂၄၄၈ | ၁၄၅၃၉ | ၁၄၂၀ |
| ၄၂ | မင်္ဂလာတောင်ညွန့် | ၇၇ | ၁၁၄၃၂၇ | ၆၄၄၁၀ | ၄၉၉၁၇ | ၄၅၉၂၇ | ၄၈၁၁ | ၈၂၁ |
| ၄၃ | ရွှေပြည်သာ | ၁၂၃ | ၃၂၆၉၅၁ | ၁၈၂၃၅၂ | ၁၄၄၅၉၉ | ၁၂၃၉၃၂ | ၂၆၅၇၄ | ၅၉၀၇ |
| ၄၄ | သုံးခွ | ၁၇၅ | ၁၄၄၃၆၆ | ၉၇၅၉၉ | ၄၆၇၆၇ | ၄၅၅၁၉ | ၁၂၄၈ | |
| | ၄၄ မြို့နယ် | ၅၈၀၇ | ၆၆၈၇၆၃၈ | ၄၀၈၄၂၈၁ | ၂၆၀၃၃၅၇ | ၂၃၃၆၈၇၀ | ၃၅၇၉၃၇ | ၉၁၄၅၀ |



ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေစဉ်။

၆။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းထက် ၂၁၅၆၆၄၇ ဦး ပိုများနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၇၄၇၀၉၉ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း ရန်ကုန်တိုင်းဒေသကြီး၏ မဲဆန္ဒရှင်စာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၁၀၇၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၂၆၉၄၁၂ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ **၄၁၈၆၈၅၃** ဦးဖြစ်သော်လည်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်များ အနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် **၄၀၈၄၂၈၁** စောင်ဖြစ်သဖြင့် ထုတ်ယူရရှိမဲလက်မှတ်သုံးစွဲမှု **၁၀၂၅၇၂** စောင် လျော့နည်းနေခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် **၃၅၇၉၃၇** စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် မဲလက်မှတ်အပို **၉၁၄၅၀** စောင် တွေ့ရှိရခြင်း၊

(ဃ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများ နှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခြင်း၊

(င) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများလက်ဝယ်တွင် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများ ကျန်ရှိနေခြင်း၊

(စ) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများကို ရွေးကောက်ပွဲပြီး နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လာရောက်အပ်နှံခြင်း၊

(ဆ) ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ တွေ့ရှိရခြင်း၊

(ဇ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခြင်း၊

(ဈ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြု၍ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

စာမျက်နှာ ၁၂ သို့

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ညှိနှိုင်းအစည်းအဝေးပြုလုပ်

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဆက်သွယ်ရေးလုပ်ငန်းများ ပိုမို တိုးတက်ကောင်းမွန်လာစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး ဦးဆောင်၍ မတ် ၁၈ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။



### ဝင်ငွေနှင့်အသုံးစရိတ်ရှင်းလင်း

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားကာ မြန်မာ့စာတိုက်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစာတိုက် ၁၀၅ ခုမှ ကျေးရွာအရောက်စာပို့လုပ်ငန်း ဆောင်ရွက်နေမှုများ၊ စာတိုက်များမှ ဝန်ဆောင်မှုပေးနေသော အခြားလုပ်ငန်းများ၊ စာတိုက်လုပ်ငန်း၏ ဝင်ငွေနှင့် အသုံးစရိတ်စာရင်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)မှ ညွှန်ကြားရေးမှူးက ဌာန၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင် ထုတ်ပေးထားမှုများ၊ International Gateway Services – IGW ဝန်ဆောင်မှု လျှောက်ထားသူများအား လိုင်စင်ထုတ်ပေးထားမှု အခြေအနေများ၊ တာဝါနှင့် ဖိုင်ဘာ Complain များအတွက် ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေနှင့် ဆက်သွယ်ရေးကွန်ရက် တိုးချဲ့တည်ဆောက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ ဖွဲ့စည်းဆောင်ရွက်နေမှု စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီးမန်နေဂျာက ဖွဲ့စည်းပုံနှင့် အင်အားစာရင်း၊ အော်တိုတယ်လီဖုန်းလုပ်ငန်း အခြေအနေ၊ အဝေးဆက်ကြောင်း အခြေအနေ၊ မိုဘိုင်းတယ်လီဖုန်းလုပ်ငန်းအခြေအနေ၊ MPT ဖိုင်ဘာ အိမ်သုံး အင်တာနက် တပ်ဆင်အသုံးပြုနိုင်သည့် အခြေအနေများ စသည်တို့ကို တင်ပြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက တယ်လီဖုန်းကြိုးများကို တိုင်များစိုက်ထူ၍ သွယ်တန်းထားသော်လည်း စနစ်တကျမရှိဘဲ ရှုပ်ထွေးနေခြင်း၊ တွဲလောင်းကျနေခြင်း၊ မြေပြင်တွင် ပြုတ်ကျကာ လမ်းမများပေါ် သွားလာသူများအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ပြည်သူများ၏ နေအိမ် ခြံဝန်းများနှင့် မလွတ်မကင်းဖြစ်နေခြင်း၊ အချို့ကို မြေအောက်ကြိုးအဖြစ် အသုံးပြုနေသော်လည်း စနစ်တကျမရှိခြင်း စသည့် အခြေအနေမျိုးစုံကို တွေ့ရှိနေရပြီး ယင်းသို့ဖြစ်နေခြင်းများကြောင့် ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်နေရကြောင်း၊ နောင်တွင် အလားတူပြဿနာများ ဖြစ်ပေါ်လာပါက ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာဌာနများမှ မြို့နယ်အဆင့် တာဝန်ရှိသူများက တာဝန်ယူ၊ တာဝန်ခံမှုဖြင့် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ခွဲဝေချထားပြီး မြို့နယ်အလိုက် သက်ဆိုင်ရာကြီးကြပ်ရေး ကော်မတီများ ပါဝင်သော မြေပြင် ကွင်းဆင်းစစ်ဆေး ကြပ်မတ်၊ ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိရန် ဆွေးနွေးမှာကြားကာ ကောင်စီအဖွဲ့ဝင်များကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

### ပြည်သူများ၏အခက်အခဲ ညှိနှိုင်းဖြေရှင်းပေးရန်

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဆက်သွယ်ရေးလုပ်ငန်းများတွင် စနစ်တကျနှင့် ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ပုဂ္ဂလိက ကုမ္ပဏီများကိုလည်း သတ်မှတ်ထားသည့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်စေရန်၊ Complain Center များကို မြို့နယ်အလိုက် ဖွင့်လှစ်ထားရှိပြီး ပြည်သူများ၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးရန်နှင့် တယ်လီဖုန်းကေဘယ်လိုင်းများ သွယ်တန်း တပ်ဆင်ရာတွင် သန့်ရှင်းသပ်ရပ်မှုကို မထိခိုက်စေရန် မှာကြားကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၁ မှ*

၉။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မြို့နယ်အလိုက်မဲဆန္ဒရှင်စာရင်းများ စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးရာတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုများရှိနေခြင်း၊ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲခဲ့ခြင်း၊ ရပ်ကွက်အလိုက် ကြိုတင်မဲများကောက်ခံသည့် ကြိုတင်မဲလက်ခံဖြတ်ပိုင်းများနှင့် အသုံးမပြုဘဲကျန်ရှိနေသည့် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ပြန်လည်အပ်နှံမှုမရှိခြင်း၊ ဆန္ဒမဲလက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏ အမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေ၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအမည် စသည်ဖြင့် ဖြည့်သွင်းရေးသားထားမှုမရှိခြင်း၊ မဲဆန္ဒရှင်ဦးရေထက် ဆန္ဒမဲလက်မှတ်များ ပိုမိုသုံးစွဲထားခြင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေစဉ်။



# အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၃၀၀၀ ကျော်တွေ့ရှိ


ကိုဗစ် –၁၉ ဆေးစစ်ပေးသည့်နေရာမှ ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

နယူးဒေလီ မတ် ၂၁

**အိန္ဒိယနိုင်ငံတွင် မတ် ၂၁ ရက်က ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၄၃၈၄၆ ဦးတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၁၅၉၉၁၃၀ အထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ မတ် ၂၀ ရက် နံနက်ပိုင်းမှစတင်ကာ ကိုဗစ် – ၁၉ လူနာ ၁၉၇ ဦး သေဆုံးခဲ့သည့်အတွက် သေဆုံးသူ စုစုပေါင်းမှာ ၁၅၉၇၅၅ ဦးရှိသည်ဟု သိရသည်။**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းတို့မှာ တစ်နှစ်အတွင်း အများဆုံး မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ယခုသီတင်းပတ် အစောပိုင်းကလည်း ဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ကိုဗစ်– ၁၉ ကူးစက်မှုများပြားလာသည့်အတွက် စိုးရိမ်မိကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ တိုင်းပြည်အတွင်း ကိုဗစ် –၁၉ ကူးစက်မှု ဒုတိယအကျော့မဖြစ်စေရေးအတွက် ချက်ချင်းလုပ်ဆောင်ကြရန်လည်း တောင်းဆိုခဲ့သည်။

တိုင်းပြည်အတွင်း လက်ရှိတွင် ကိုဗစ် –၁၉ လူနာ ၃၀၉၀၈၇ ဦးရှိပြီး ဆေးရုံမှဆင်းသွားသူ ၁၁၁၃၀၂၈၈ ဦး ရှိသည်ဟု သိရသည်။ လွန်ခဲ့သည့်ရက်အနည်းငယ်မှစတင်ကာ အိန္ဒိယနိုင်ငံတွင် ကိုဗစ် –၁၉ နေ့စဉ်ကူးစက်မှုနှုန်းများမှာ မြင့်တက်လာပြီး ကိုဗစ် –၁၉ နောက်ထပ်လှိုင်းလုံး တိုက်ခတ်လာမည်ကို စိုးရိမ်နေကြရသည်။ ဇန်နဝါရီလအတွင်း တိုင်းပြည်အတွင်း ကိုဗစ် –၁၉ နေ့စဉ် ကူးစက်မှုနှုန်းမှာ ၁၀၀၀၀ အောက်တွင် ရှိခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီလလယ်ပိုင်းမှ စတင်ကာ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုများစတင်ခဲ့ပြီး ယခုအချိန်ထိပြည်သူ ၄၄ သန်းကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်ဟု သိရသည်။ ထို့စဉ် တိုင်းပြည်အနှံ့ ကိုဗစ်– ၁၉ ဆေးစစ်ပေးရေးစင်တာများတွင် အရှိန်အဟုန်မြင့် ဆေးစစ်ပေးလျက်ရှိရာ ယခုအချိန်အထိ လူပေါင်း ၂၃၃ သန်းကျော်ကို ဆေးစစ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ


## ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်တွင် ကိုဗစ်- ၁၉ ကူးစက်ခံရကြောင်း တွေ့ရှိ

**နယူးဒေလီ မတ် ၂၁**

ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်တွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိများက ပြောသည်။

ဝန်ကြီးချုပ်သည် နေအိမ်တွင် တစ်ဦးတည်း သီးခြားနေထိုင်လျက်ရှိကြောင်း အရာရှိများက ပြောသည်။ ၎င်း၏အခြေအနေနှင့် ပတ်သက်ပြီး အသေးစိတ် အချက်အလက်များကိုမူ ဖော်ပြခဲ့ခြင်း မရှိပေ။

ပါကစ္စတန် ဝန်ကြီးချုပ်ကို ကိုဗစ်– ၁၉ ကာကွယ်ဆေး ပထမအကျော့ထိုးပေးပြီးနောက် နှစ်ရက်အကြာတွင် ယခုလို ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၆၂၀၀၀၀ ရှိပြီး သေဆုံးသူ ၁၃၀၀၀ ကျော်လွန်လာပြီဟု သိရသည်။


ပါကစ္စတန်ဝန်ကြီးချုပ်ကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

လွန်ခဲ့သည့်လအတွင်းမှ စတင်ကာ ကျန်းမာရေးလုပ်သားများကို အစိုးရက ကိုဗစ် –၁၉ ကာကွယ် ဆေးထိုးနှံပေးခဲ့ပြီး တရုတ်နိုင်ငံထုတ် ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်တွင် ကိုဗစ် –၁၉ ကူးစက်ခံထားရကြောင်း သတင်းထွက်ပေါ်လာပြီးနောက် ပြည်သူများအနေဖြင့် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်း အပါအဝင် ကြိုတင်ကာကွယ်ရေးနည်းလမ်းများအတိုင်း လိုက်နာကြရန် အစိုးရက ထပ်မံ တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၃၉၆ ဦးရှိပြီး သေဆုံးသူ ၁၀၃ ဦးရှိ

ဂျကာတာ မတ် ၂၁

အင်ဒိုနီးရှားနိုင်ငံတွင် မတ် ၂၁ ရက်က ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၃၉၆ ဦးတွေ့ရှိခဲ့ရာ နိုင်ငံတစ်ဝန်းစုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၄၆၀၁၈၄ ဦးအထိရှိလာသည်ဟု အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ မတ် ၂၁ ရက်က ကိုဗစ် –၁၉ကြောင့်သေဆုံးသူ ၁၀၃ ဦးတိုးလာခဲ့ရာ စုစုပေါင်းသေဆုံးသူအရေအတွက်မှာ ၃၉၅၅၀ ရှိလာခဲ့သည်ဟု အင်ဒိုနီးရှားကျန်းမာရေး ဝန်ကြီးဌာနကပြောသည်။

ဆေးရုံမှဆင်းသွားသူ ၆၀၆၅ ဦးထပ်တိုးလာသည့်အတွက် ကိုဗစ် –၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၁၂၉၀၇၉၀ ရှိလာသည်။ ကိုဗစ် –၁၉ ကပ်ရောဂါမှာ အင်ဒိုနီးရှားနိုင်ငံရှိပြည်နယ်ပေါင်း ၃၄ ခုတွင် ပျံ့နှံ့နေပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဂျကာတာတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၆၃၈ ဦးရှိပြီး အနောက်ဂျာဗားတွင် ၅၁၇ ဦး၊ အရှေ့ဂျာဗားတွင် ၂၉၂ ဦး တို့ရှိသည်။ မာလူကူမြောက်ပိုင်းနှင့် အာချေးပြည်နယ်နှစ်ခုတွင် ကူးစက်မှုအသစ် မရှိကြောင်းသိရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၃ ရက်၌ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံခြင်းကိုစတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် ဆီနိုဗက် ကာကွယ်ဆေးကို အရေးပေါ်အခြေအနေအတွက်အသုံးပြုခွင့်ပေးပြီးနောက် ကာကွယ်ဆေးထိုးနှံမှု စတင်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## ပြင်သစ်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်မှုများလာသည့်အတွက် တတိယအကြိမ်မြောက် ကန့်သတ်မှုများပြုလုပ်

**ပါရီ မတ် ၂၁**

ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် အခြားသော ဒေသများတွင် ကိုဗစ်–၁၉ ကူးစက်မှုများ တစ်ဖန်များပြားလာသည့်အတွက် တင်းကျပ်သည့် ကန့်သတ်ချက်များ ထပ်မံပြုလုပ်ခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ် နွေဦးမှ စတင်ကာ ပြင်သစ်နိုင်ငံတွင် တင်းကျပ်သည့် ကိုဗစ် –၁၉ စည်းကမ်းသတ်မှတ်ချက်များကို သုံးကြိမ်တိုင်တိုင် ချမှတ်ခဲ့သည်။

ကူးစက်မှု အသစ်များတွင် ၇၀ ရာခိုင်နှုန်းမှာ ဗြိတိန်တွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ်– ၁၉ ဖြစ်သည်ဟု သိရသည်။

ပါရီမြို့တွင် လချီကြာကြာမြင့်မည့် ကန့်သတ်မှုကို မတ် ၂၀ ရက်က စတင်ခဲ့သည်။ ပြင်သစ်နိုင်ငံမြောက်ပိုင်း ဒေသများနှင့် နိုက်စ်မြို့ တောင်ပိုင်းတစ်ဝိုက်တို့တွင် ပိတ်ဆို့ကန့်သတ်မှုများ စတင်နေပြီဖြစ်သည်။ ညဘက်အပြင်မထွက်ရ အမိန့်နှင့်အတူ နေ့ဘက် မိသားစုလိုက် အပြင်ထွက်လည်ပတ်ခြင်းများကိုလည်း ပိတ်ပင်ထားသည်။ အချို့သောဒေသများတွင် လူများ အပြင်ထွက်မည်ဆိုပါက အပြင်ထွက်ရမည့် လုံလောက်သည့် အကြောင်းအရင်းကို ပြသရမည်ဖြစ်ပြီး သို့မဟုတ်ပါက ဒဏ်ရိုက်ခံရမည်ဖြစ်သည်။ ဈေးဆိုင်ပေါင်း ၉၀၀၀၀ ခန့်ကို ပိတ်ထားပြီး နေ့စဉ်မရှိမဖြစ် လိုအပ်သည့် ပစ္စည်းများ ရောင်းချသည့်ဆိုင်များနှင့် စာအုပ်ဆိုင်များကိုမူ ခြွင်းချက်ပေးထားသည်။


ပြင်သစ်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းက ဆိုင်များပိတ်ထားသည်ကို တွေ့ရစဉ်။

တင်းကျပ်သည့် ကန့်သတ်မှုများ ချမှတ်ခဲ့သော်လည်း မြို့အလယ်ပိုင်းတွင် လူသွားလူလာများနှင့် စည်ကားလျက်ရှိသည်။ အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးကမူ ၎င်းအနေဖြင့် ယခုလို ကန့်သတ်ချက်များ တိုးမြှင့်လိုက်သည့်အပေါ် စိတ်ပျက်မိသည်ဟု ပြောကြားခဲ့သည်။

တစ်နှစ်ကျော်ကြာ ယင်းကဲ့သို့ ကန့်သတ်ခံရသည့် အခြေအနေအောက်တွင် နေထိုင်ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများရှိကြောင်း ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# အရှေ့အလယ်ပိုင်းဒေသ ကိုဗစ် -၁၉ ကူးစက်မှုနှင့်ကန့်သတ်ချက်ဖြေလျှော့မှု အခြေအနေများ

နှင်းမိုးအိမ်



ပါလက်စတိုင်းတွင် ကိုဗစ် -၁၉ ရောဂါ စစ်ဆေးသည့်စင်တာတစ်ခုကို တွေ့ရစဉ်။

ပါလက်စတိုင်းတွင် ကိုဗစ်–၁၉ကြောင့် ချမှတ်ထားသည့် အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို မတ် ၂၀ ရက်တွင်တစ်စိတ်တစ်ပိုင်းအားဖြင့်ဖြေလျှော့ပေးခဲ့သည်ဟု သိရသည်။

### ဈေးဆိုင်များပြန်ဖွင့်ခွင့်ပြု

တင်းကျပ်သည့် ကျန်းမာရေးစည်းကမ်းသတ်မှတ်ချက်များအောက်တွင် စားသောက်ဆိုင်များနှင့်ဈေးဆိုင်များကို ပြန်ဖွင့်ခွင့်ပြုခဲ့သည်။ ထိုစဉ် တူရကီနိုင်ငံတွင်မူ ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၂၁၀၆၁ ဦးရှိသည်ဟု သိရသည်။ ပါလက်စတိုင်းအစိုးရဘက်မှ ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင်မယ်ဟမ်က တစ်နိုင်ငံလုံးအနှံ့ဆိုင်များကို လာမည့်သီတင်းနှစ်ပတ်အတွင်း ဝန်ဆောင်မှုပေးနိုင်သည့်အင်အား၏၃၀ ရာခိုင်နှုန်း လည်ပတ်မှုဖြင့် ပြန်လည်ဖွင့်ခွင့်ပေးမည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း ဆိုင်များသည် တင်းကျပ်သည့်စည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

### တားမြစ်ထား

ကော်ဖီဆိုင်များကိုမူ ပါဆယ်စနစ်ဖြင့်သာ ရောင်းချခွင့်ပြုထားသည်။ ပါလက်စတိုင်း ငွေကြေးအာဏာပိုင်အဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဘဏ်များကို ဖွင့်ခွင့်ပေးထားသည်။ စက်မှုလုပ်ငန်းပိုင်းတွင်လည်း မူလရှိရင်းပမာဏ၏ ၃၀ ရာခိုင်နှုန်းဖြင့်သာ လည်ပတ်ခွင့်ပြုထားသည်။ မတ် ၁၉ ရက်အထိ အနောက်ဘက်ကမ်းဒေသကို တင်းကျပ်သည့် အသွားအလာကန့်သတ်မှုအောက်တွင်သာ ထားရှိခဲ့သည်။ မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မော်တော်ယာဉ်မျိုးစုံ သွားလာမှုကို တားမြစ်ထားသည်။

### ကိုဗစ်–၁၉ကာကွယ်ဆေးထိုးနှံမှုစတင်မည်

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့တွင် မတ် ၂၁ ရက် မှစတင်ကာ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးပြီဟု ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။ အများပြည်သူနှင့် ပုဂ္ဂလိကဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးထိုးနှံမှုများ စတင်ပေးမည်ဟု သိရသည်။ ကျောက်ကပ်နှင့်ကင်ဆာရောဂါသည်များ၊ အသက် ၇၅နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကိုဦးစားပေးကာ ကာကွယ်ဆေးထိုးပေးမည်ဟု သိရသည်။ မတ် ၂၀ ရက်တွင် ပါလက်စတိုင်း၌ နောက်ထပ် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁၇၈၀ ဦးရှိပြီး ၂၄နာရီအတွင်း သေဆုံးသူ ၂၇ ဦးရှိကာ ပြန်လည်ကျန်းမာလာသူ ၁၇၈၀ ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

### တူရကီတွင်ရောဂါကူးစက်မှုအခြေအနေ

မတ် ၂၀ ရက်တွင်ပင် တူရကီ၌ ကိုဗစ် –၁၉ ကူးစက်ခံရသူ ၂၁၀၆၁ ဦးတွေ့ရှိခဲ့ပြီး ရောဂါလက္ခဏာမပြသည့် လူနာ ၉၅၈ ဦးရှိသည်ဟု သိရသည်။ တိုင်းပြည်အတွင်း စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၉၉၂၆၉၄ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သိရသည်။ တူရကီတွင် ကိုဗစ် –၁၉ကြောင့် သေဆုံးသူ ၂၉၉၅၉ ဦးရှိပြီး စုစုပေါင်း ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၂၈၀၇၅၇၂ ဦးရှိသည်ဟု သိရသည်။ ကိုဗစ် –၁၉ လူနာများထဲတွင် အဆုတ်ရောင်ရောဂါဖြစ်ပွားသူအရေအတွက်မှာ ၃ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ရောဂါပြင်းထန်သည့် အရေအတွက်မှာ ၁၅၃၈ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

တူရကီနိုင်ငံတွင် ဇန်နဝါရီ ၁၄ ရက်မှ စတင်ကာ ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးနှံမှုကို စတင်ခဲ့သည်။ တရုတ်နိုင်ငံထုတ် ကိုဗစ် –၁၉ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုချက်ပေးပြီးနောက် တူရကီတွင် သုံးစွဲခွင့်ပေးခဲ့သည်။ ယခုအချိန်ထိ တူရကီပြည်သူ ၈၀၁၇၀၀၀ ကျော်ကို ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။

### အီရန်နိုင်ငံ၏အခြေအနေ

အီရန်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၇၉၃၈၀၅ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အီရန်တွင် နောက်ထပ်တိုးလာသည့် လူနာ ၇၅၄၀ တွင် ၈၄၉ ဦးမှာ ဆေးရုံတက်ရောက် ကုသမှုခံယူရန် လိုအပ်နေသူများဖြစ်သည်။ ကပ်ရောဂါကြောင့် အီရန်တွင်သေဆုံးသူ အရေအတွက်မှာ ၆၁၇၂၄ ဦးရှိပြီဖြစ်သည်။ ဆေးရုံမှဆင်းပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၅၃၆၆၀၆ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ အရေအတွက်မှာ ၃၈၄၉ ဦးရှိနေဆဲဖြစ်သည်။ မော်ရိုကိုတွင် မတ် ၂၀ ရက်က ကိုဗစ် –၁၉ ကူးစက်ခံရသူ ၄၄၄ ဦးရှိပြီး မြောက်အာဖရိက နိုင်ငံဖြစ်သည့် မော်ရိုကိုတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၄၉၁၄၆၃ ဦးရှိသည်ဟု သိရသည်။

မော်ရိုကိုတွင် အထူးကြပ်မတ် ကုသဆောင်၌ ကုသမှုခံယူနေသူ ၄၁၁ ဦးရှိသည်ဟု သိရသည်။ မော်ရိုကိုတွင် ပထမအကြော့ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပြီးသူ ၄၂၆၄၁၆၈ ဦးရှိပြီး နှစ်ကြိမ်စလုံးကာကွယ်ဆေးထိုးပြီးသူအရေအတွက်မှာ ၂၄၂၃၈၀ ရှိသည်ဟု သိရသည်။ မော်ရိုကိုတွင် ဇန်နဝါရီ ၂၈ ရက်မှ စတင်ကာ တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံမှုစတင်ခဲ့ခြင်း ဖြစ်သည်။

### လမ်းဖွင့်ပေးထား

လက်ဘနွန်နိုင်ငံတွင် မတ် ၂၀ရက်က ကိုဗစ်–၁၉ ကူးစက်ခံရသူ အရေအတွက် ၂၂၅၃ ဦးတိုးလာပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၄၃၆၅၇၅ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ လက်ဘနွန်နိုင်ငံအတွက် ဖိုက်ဇာ ကိုဗစ် – ၁၉ ကာကွယ်ဆေး ရရှိရန်အတွက် ဖိုက်ဇာကုမ္ပဏီနှင့် စာချုပ်သစ်ချုပ်ဆိုထားသည်ဟု လက်ဘနွန် ကျန်းမာရေးဝန်ကြီး ဟာမတ်ဟတ်ဆန်က ပြောသည်။ ယင်းသဘောတူမှုကြောင့် လက်ဘနွန်နိုင်ငံသို့ ဖိုက်ဇာကိုဗစ်– ၁၉ ကာကွယ်ဆေး ၉၁၀၀၀၀ ရရှိမည်ဟု သိရသည်။ လက်ဘနွန်တွင် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနိုင်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍတွင် ကိုဗစ် –၁၉ ကာကွယ်ဆေး တင်သွင်းနိုင်ရေးကိုလည်း လမ်းဖွင့်ပေးထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

### ကန့်သတ်ချက်များဖြေလျှော့ပေး

အီရတ်နိုင်ငံတွင်လည်း မတ် ၂၀ ရက်က ကိုဗစ်–၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၆၄၇ ဦးရှိပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၇၈၉၃၉၀ ရှိသည်ဟု သိရသည်။ အီရတ်တွင် ကိုဗစ် –၁၉ ကူးစက်မှု များလာသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အန္တရာယ်ပြုလာနိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားသည်။ ပြီးခဲ့သည့် ၄၈ နာရီအတွင်း ကိုဗစ် –၁၉ ကူးစက်မှုကြောင့် သေဆုံးသူ ၅၀ ရာခိုင်နှုန်းမှာ ဆေးရုံအရောက်နောက်ကျ၍ သေဆုံးရခြင်း ဖြစ်သည်ဟု သတင်းထုတ်ပြန်ထားသည်။

အီရတ်နိုင်ငံတွင် နေ့စဉ်ကူးစက်မှုများမှာ တဖြည်းဖြည်းများပြားလာသော်လည်း ကန့်သတ်ထားမှုများကို အစိုးရက ဖြေလျှော့ပေးခဲ့သည်။ မတ် ၂၂ ရက်မှ စတင်ကာ အီရတ်တွင် ဈေးဆိုင်များ၊ ဈေးဝယ်စင်တာများနှင့် စားသောက်ဆိုင်၊ ကော်ဖီဆိုင်များကို ပြန်ဖွင့်ခွင့်ပြုမည်ဟု သိရသည်။ ။

ကိုးကား – ဆင်ဟွာ

**"အီရတ်တွင် ကိုဗစ် - ၁၉ ကူးစက်မှု များလာသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အန္တရာယ်ပြုလာနိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားသည်။ ပြီးခဲ့သည့် ၄၈ နာရီအတွင်း ကိုဗစ် -၁၉ ကူးစက်မှုကြောင့် သေဆုံးသွားသူ ၅၀ ရာခိုင်နှုန်းမှာ ဆေးရုံအရောက်နောက်ကျ၍ သေဆုံးရခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ထားသည်။ အီရတ်နိုင်ငံတွင် နေ့စဉ်ကူးစက်မှုများမှာ တဖြည်းဖြည်း များပြားလာသော်လည်း ကန့်သတ်ထားမှုများကို အစိုးရက ဖြေလျှော့ပေးခဲ့"**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ၂၁-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၄၈၂၁၂၇ | ၂၂၆၈၃၆၁၇ | ၅၅၄၈၇၁ |
| ၂။ | ဘရာဇီး | ၁၁၉၅၀၄၅၉ | ၁၀၄၁၉၃၉၃ | ၂၉၂၈၅၆ |
| ၃။ | အိန္ဒိယ | ၁၁၅၉၉၁၃၀ | ၁၁၁၃၀၂၈၈ | ၁၅၉၇၉၀ |
| ၄။ | ရုရှား | ၄၄၅၆၈၆၉ | ၄၀၆၉၃၉၅ | ၉၅၀၁၀ |
| ၅။ | ဗြိတိန် | ၄၂၉၁၂၇၁ | ၃၆၅၀၂၂၆ | ၁၂၆၁၂၂ |
| ၆။ | ပြင်သစ် | ၄၂၅၂၀၂၂ | ၂၇၉၆၄၆ | ၉၂၁၆၇ |
| ၇။ | အီတလီ | ၃၃၅၆၃၃၁ | ၂၆၈၆၂၃၆ | ၁၀၄၆၄၂ |
| ၈။ | စပိန် | ၃၂၁၂၃၃၂ | ၂၉၄၅၄၄၆ | ၇၂၉၁၀ |
| ၉။ | တူရကီ | ၂၉၉၂၆၉၄ | ၂၈၀၇၅၇၂ | ၂၉၉၅၉ |
| ၁၀။ | ဂျာမနီ | ၂၆၅၈၈၅၁ | ၂၄၁၅၂၀၀ | ၇၅၁၉၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ – ၃ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၆၀၁၈၄ | ၁၂၉၀၇၉၀ | ၃၉၅၅၀ |
| ဖိလစ်ပိုင် | ၆၆၃၇၉၄ | ၅၇၇၇၅၄ | ၁၂၉၆၈ |
| မလေးရှား | ၃၃၃၀၄၀ | ၃၁၇၂၈၉ | ၁၂၃၃ |
| မြန်မာ | ၁၄၂၂၄၆ | ၁၃၁၇၆၃ | ၃၂၀၄ |
| စင်ကာပူ | ၆၀၁၉၆ | ၆၀၀၂၂ | ၃၀ |
| ထိုင်း | ၂၇၈၀၃ | ၂၆၅၉၈ | ၉၀ |
| ဗီယက်နမ် | ၂၅၇၂ | ၂၁၉၈ | ၃၅ |
| ကမ္ဘောဒီးယား | ၁၆၉၀ | ၉၅၀ | ၃ |
| ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |






# လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော်　မတ်　၂၁**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် COVID-19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့်အဖွဲ့ဝင်များကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့၊ ကျောက်တံခါးမြို့၊ ဒိုက်ဦးမြို့၊ ကျောက်ကြီးမြို့၊ ရွှေကျင်မြို့၊ မင်းလှမြို့၊ လက်ပံတန်းမြို့၊ သာယာဝတီမြို့၊ ကြို့ပင်ကောက်မြို့၊ နတ်တလင်းမြို့၊ ဇီးကုန်းမြို့၊ အင်းမမြို့နှင့် ဝက်ထီးကန်မြို့တို့ရှိ မြန်မာနိုင်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများကလည်းကောင်း သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့်



တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

---

## တောင်ဥက္ကလာပမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုလုပ်ဆောင်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော်　မတ်　၂၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်၊ ဇာဂလမ်း၌ ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ စုဆောင်းထားရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ဇာဂလမ်း၊ အမှတ် (၈၆၁) ရှိ လရောင်စံ(ဆိုင်-၂)၊ စာရေးကိရိယာဆိုင် အတွင်းမှ အရောင်းဝန်ထမ်း ဒေါ်နှင်းနန္ဒာ အသက် (၂၁) နှစ်နှင့်အတူ သတ္တု/ ကော်တို့ဖြင့်ပြုလုပ်ထားသည့် လေးခွ ၄၀ လက်၊ ဖန်ဂေါ်လီ ၅၀ လုံး၊ ကျောက်ဒိုး ၃၀ လုံး၊ မီးပုလင်း ၈၀ လုံး၊ ဓာတ်ဆီ ၂ ဂါလန်ပုံး တစ်ပုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ညိုညိုထွေးမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

အလားတူ အဆိုပါလမ်းရှိ အမှတ်(၈၅၉/က)နေအိမ်၊ အမှတ်(၈၉၆) နေအိမ်နှင့် ဇာဂ (၁၉) လမ်း၊ အမှတ်(၈၁၀)နေအိမ်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဓားများ၊ ဗီနိုင်းစများ၊ ပြောက်အိုး စသည့်ပစ္စည်းများအား စစ်ဆေးတွေ့ရှိခဲ့ကြောင်းနှင့် အကြမ်းဖက်မှုများတွင် အသုံးပြုမည့်ပစ္စည်းများ လက်ဝယ်ထားရှိမှုအပေါ် လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## ကျွန်းစုမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင်ငါးဖမ်းလှေ ၁ စင်းအား ဖမ်းဆီးရမိ

**နေပြည်တော်　မတ်　၂၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် မတ် ၂၀ ရက် ည ၉ နာရီခွဲခန့်တွင် ကျွန်းစုမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၁၃ မိုင်ခန့်အကွာသို့အရောက်၌ တရွတ်ဆွဲပိုက် အသုံးပြု၍ ငါးခိုးဖမ်းနေသည့် အလျား ၃၇ ပေ ၆ လက်မ၊ အနံ ၇ ပေ၊ ရေစူး ၂ ပေ ၆ လက်မခန့်ရှိ တရားမဝင်ငါးဖမ်းလှေပေါ်မှ အမျိုးသား ၃ ဦးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများနှင့် ငါးဖမ်းလှေတို့အား မြိတ်မြို့နယ်၊ ငါးလုပ်ငန်းဦးစီးဌာနသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်ကုသ

**နေပြည်တော်　မတ်　၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ် ဆေးရုံ၊ ကျောက်ပန်းတောင်း မြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများလာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့ကို စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုး အကြော ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများကို ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးဆောင်ရွက်

**နေပြည်တော်　မတ်　၂၁**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**



ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင် အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များ၌ အသုံးပြုသည့် လက်လုပ်သေနတ်များ လက်ဝယ်ကိုင်ဆောင်ထားရှိသူများအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် CDM လှုပ်ရှားမှုကို အခြေခံ၍ ဆူပူအကြမ်းဖက်မှုကို လိုလားသောအဖွဲ့အစည်းများနှင့် လူအုပ်စုအချို့သည် နည်းမျိုးစုံအသုံးပြုပြီး သွေးထိုးလှုံ့ဆော်မှုများအား ဆောင်ရွက်လာသောကြောင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့များခွဲ၍ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မတ္တရာမြို့နယ် စကျင်ကျေးရွာအတွင်း လက်လုပ်သေနတ်များ ထားရှိသည်ဟု သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေစဉ် ဆူပူအကြမ်းဖက်သူ ၁၀၀ ခန့်က ကျေးရွာအတွင်း အဝင်မခံဘဲ တားဆီး၍ နှောင့်ယှက်လျက်ရှိသဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများထဲမှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁ ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး လက်လုပ်သေနတ် ၂ လက်အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၄ လမ်း၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြားရှိ အောင်ကြီး ဆီဇာဗီနိုင်းဆိုင်အား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှာဖွေရာ တရားမဝင်ပုံနှိပ်ထုတ်ဝေမှုများနှင့် သက်ဆိုင်ရာ ဗီနိုင်းစက်များ၊ နိုင်ငံတော် အကြည်ညိုပျက်စေသည့် စာရွက်စာတမ်းများအပြင် ဆူပူဆန္ဒပြမှုများတွင် အထောက်အကူပြု ဗီနိုင်းဆိုင်းဘုတ်များ ရှာဖွေတွေ့ရှိ





သိမ်းဆည်းရမိခဲ့သည်။

၎င်းအပြင် စဉ့်ကူးမြို့နယ်၊ ရွာသစ်ကြီးကျေးရွာအတွင်းသို့ သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ ကျော်မျိုးသန့် (ဘ) ဦးတိုးညွှန့်ကို ဂက်စ်ဘူး၊ ကော်ပိုက်အပြာဖြင့် ပြုလုပ်ကာ ဖန်ဂေါ်လီထည့်ပစ်ရသည့် လက်လုပ်သေနတ် ၁ လက်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ကျောက်ဆည်မြို့၊ တောင်နံ့သာရွာတွင် လက်လုပ်သေနတ်များ ပြုလုပ်ရောင်းချနေသည်ဟု သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ကြည်သာဦး (ဘ) ဦးညိုလှကို နေအိမ်တွင် လက်လုပ်သေနတ်ပြုလုပ်သည့် ဆက်စပ်ပစ္စည်းများ တွေ့ရှိရပြီး စစ်ဆေးမေးမြန်းခဲ့ရာ အဆိုပါကျေးရွာနေ တင်မြင့်ဆွေ(ဘ)ဦးထွန်းရွှေနှင့် တိုင်းကျော် (ဘ) ဦးခင်မောင် တို့အား လက်လုပ်သေနတ် ၁ လက်စီ ရောင်းချထားကြောင်း သိရှိရပြီး အဆိုပါကျေးရွာနေ ဇော်မင်းနောင်(ဘ) ဦးစိန်သောင်း၏ အလုပ်ရုံတွင် လက်လုပ်သေနတ်နှင့် လက်လုပ်မိုင်းများ ပြုလုပ်ရန်အတွက် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ထပ်မံသွားရောက်ရှာဖွေရာ လက်လုပ်သေနတ် ၂ လက်နှင့်အတူ ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ စဉ့်ကိုင်မြို့နယ်၊ ဘဲလင်းအုပ်စု၊ ဉာဏ်ကွေ့ကျေးရွာနေ မြင့်ဇော်ထွန်း(ဘ) ဦးမောင်မြင့်နှင့် ရန်နောင် (ဘ) ဦးရန်အောင်အေး တို့သည် အရက်ဆိုင်တွင် အရက်သောက် စကားများရန်ဖြစ်၍ မြင့်ဇော်ထွန်းမှ ရန်နောင်အား လက်လုပ်သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီး ထိန်းသိမ်းကာ လက်လုပ်သေနတ်အား သိမ်းဆည်းရမိခဲ့ပြီး ဒဏ်ရာရရှိသူအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့သည်။

၎င်းအပြင် ရမည်းသင်းမြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှည့်ကင်းများ ဆောင်ရွက်နေစဉ် အောင်မင်္ဂလာရပ်ကွက်၊ အောင်ပြည့်အောင် ဘုန်းတော်ကြီးကျောင်းအနီး သရက်ပင်အောက်တွင် ဂက်စ်ဘူး၊ ကော်ပိုက်အပြာဖြင့် ပြုလုပ်ကာ ဖန်ဂေါ်လီထည့်ပစ်ရသည့် လက်လုပ်သေနတ် ၁ လက်ကိုင်ဆောင်ထားသူ တစ်ဦးတွေ့ရှိသဖြင့် လက်လုပ်သေနတ်နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက်ခဲ့သူများနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို လက်ဝယ်ထားရှိသူများကို ဥပဒေအရ ပြင်းထန်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းများ၌ အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသူများကို အချိန်တိုအတွင်း ဖမ်းဆီးရမိရေး တာဝန်သိပြည်သူများနှင့် ပူးပေါင်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးကို ဖြိုခွဲထိန်းသိမ်းရာမှ အမျိုးသား ၁ ဦး သေဆုံး

**နေပြည်တော် မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးကို ဖြိုခွဲထိန်းသိမ်းရာမှ အမျိုးသား ၁ ဦး သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ယနေ့နံနက် ၁၀ နာရီခန့်တွင် မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ဗိုလ်တေဇလမ်းနှင့် မေတ္တာလမ်းဆုံတွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၂၅၀ ခန့်သည် လမ်းမကြီးကို အတားအဆီးများဖြင့် ပိတ်ဆို့၍ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေကို ထိန်းသိမ်းနိုင်ရေးအတွက် သွားရောက်ဆောင်ရွက်ခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်သူ လူစုလူဝေးကို လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ဆူပူအကြမ်းဖက်သူ လူအုပ်စုမှ လိုက်နာမှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂက်(စ်)သေနတ်၊ လေးခွ၊ ဂျင်ကလိ၊ မှိန်း၊ ဓာတ်ဆီပုလင်း၊ မီးရှူးမီးပန်း၊ ဖြောက်အိုးများဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား ၁ ဦး (စိစစ်ဆဲ) မှာ ထိခိုက်ဒဏ်ရာရရှိ သေဆုံးခဲ့ကြောင်း။

အကြမ်းဖက်မှုဖြစ်စဉ်တွင် လူသေဆုံးခဲ့မှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းမများပေါ်တွင် ပိတ်ဆို့ထားသည့် အတားအဆီးများအား ဖယ်ရှားရှင်းလင်း

**နေပြည်တော် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းမများပေါ်တွင် ဆူပူအကြမ်းဖက်ဆန္ဒပြ လူစုလူဝေးများက ပိတ်ဆို့ထားရှိသည့် အတားအဆီးများအား လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးကို လိုလားကြသည့် ပြည်သူလူထုများ၏ တောင်းဆိုမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ အတားအဆီးများအား ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နှင့် အခြားမြို့နယ်များအတွင်းရှိ အများပြည်သူ၏ လမ်းပန်းဆက်သွယ်သွားလာမှုများကို ထိခိုက်စေရန်၊ မီးဘေးအန္တရာယ် ကာကွယ်ရေးဆောင်ရွက်မည့် မီးသတ်တပ်ဖွဲ့ယာဉ်များ သွားလာ၍ မရစေရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေး ဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် လမ်းမများပေါ်၌ တာယာကွင်းများ၊ သဲအိတ်များ၊ သစ်ကိုင်းများ၊ အုတ်ခဲကျိုးများ၊ သံချောင်းများ စသည့် ပစ္စည်းမျိုးစုံတို့ကို အသုံးပြုကာ လမ်းပိတ်ဆို့ ထားရှိမှုများအား လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးကို လိုလားကြသည့် ပြည်သူလူထုများ၏ တောင်းဆိုမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မိမိသဘောဆန္ဒဖြင့် ပူးပေါင်းပါဝင်လာကြသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လမ်းမများပေါ်၌ ပိတ်ဆို့ထားသည့် အတားအဆီးများအား ယာဉ်/ ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ယင်းသို့ ဆောင်ရွက်နေမှုများကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်၊ ရန်ကုန်တိုင်းစစ်



ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၂၁**

COVID-19 ရောဂါ ဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများ အလိုက် ဘာသာရေးကျောင်းများ အား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီ ရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း စည်းကမ်း များနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန် ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေး အတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက် ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျောက်ပန်းတောင်းမြို့အတွင်း လှည့်ကင်းဆောင်ရွက်ပေးလျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လူတစ်စုက ရန်ပြုတိုက်ခိုက်

**နေပြည်တော် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မဈေးအနီးပတ်ဝန်းကျင်၌ မတ် ၂၀ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ပေးလျက်ရှိစဉ် အကြမ်းဖက်လူတစ်စုက ရန်ပြုတိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်သည်တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ကျောက်ပန်းတောင်းမြို့နယ်သည် ပုဒ်မ-၁၄၄ ထုတ်ပြန်ထားပြီး ည ၈ နာရီ မှ နံနက် ၄ နာရီ အတွင်း ညမထွက်ရအမိန့် ထုတ်ပြန်ထားသည့် မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် အနားယူနိုင်ရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပျက် လှည့်ကင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၀ရက် ည ၁၀ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်ပန်းတောင်းမြို့ မြို့မဈေးအနီးပတ်ဝန်းကျင်လုံခြုံရေးအတွက် လှည့်ကင်းဆောင်ရွက်ပေးစဉ် မြို့နယ်စည်ပင်ရုံးအနီးဈေးလမ်း၌ လူတစ်ဦးနှင့် ဆိုင်ကယ်တစ်စီးတွေ့ရှိရသဖြင့် ခေါ်ယူစစ်ဆေးနေစဉ်လမ်း၏ ဆန့်ကျင်ဘက်အရပ်မှ လူနှစ်ဦးပါ ဆိုင်ကယ်တစ်စီး အရှိန်ပြင်းစွာ မောင်းနှင်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးက တားဆီးခဲ့ရာရပ်တန့်မှုမရှိသည့်အပြင် တားဆီးသည့် စစ်သည်၏ မျက်နှာအားတုံးသော လက်နက်ဖြင့် ရန်ပြုတိုက်ခိုက်ထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းသို့ ရန်ပြုတိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်သည်တွင် ဦးခေါင်း၊ ဝဲဘက်မျက်လုံးနှင့် မျက်ခုံးတို့တွင် ပေါက်ပြဲဒဏ်ရာများ၊ နားနှစ်ဖက်သွေးထွက်ဒဏ်ရာများ ရရှိကာ ဆေးရုံသို့အချိန်မီပို့ဆောင်သော်လည်း ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်အား ရိုက်နှက်ထွက်ပြေးသွားသော ဆိုင်ကယ်အား ဖမ်းဆီးရမိရေး မြို့ဝင်/ထွက်လုံခြုံရေးဂိတ်များကို စစ်ဆေးဆောင်ရွက်စဉ် ကျောက်ပန်းတောင်းမြို့ ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်း-ပုပ္ပားသွားကားလမ်း၊ နဝရတ်ဘုန်းကြီးကျောင်းရှေ့၌ အရှိန်ပြင်းစွာ စီးနင်းလာသော ဆိုင်ကယ်တစ်စီးကို တွေ့ရှိရာတားဆီးသော်လည်း ရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးခဲ့သဖြင့် အဓိကရုဏ်းလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာစိစစ်ဆဲအမျိုးသားတစ်ဦးအား ဒဏ်ရာဖြင့် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ဒဏ်ရာရသူ အမျိုးသားအား ကျောက်ပန်းတောင်းမြို့နယ်၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ လိုအပ်သည့် ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့သော်လည်း သေဆုံးသွားခဲ့ကြောင်းနှင့် သေဆုံးမှုနှင့်ပတ်သက်၍ သေမှုသေခင်းဖွင့်လှစ် စစ်ဆေးလျက်ရှိသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးမှုနှင့်ပတ်သက်၍ ဆက်စပ်တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းတို့က ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သိဒ္ဓိလမ်းနှင့် သစ္စာလမ်းတို့ရှိ အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းပေး၊ အတားအဆီးပြုလုပ်သူများကို ဖမ်းဆီးထိန်းသိမ်း

**နေပြည်တော် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်း၊ ပတ်ကင်းများ ဆောင်ရွက်ပေးလျက်ရှိစဉ် မတ်လ ၂၀ ရက် ည ၁၁ နာရီခွဲခန့်တွင် ကြံခင်းစုရပ်ကွက်၊ သိဒ္ဓိလမ်းနှင့် သစ္စာလမ်းတို့၌ အတားအဆီးများ ပြုလုပ်ထားကြောင်း တွေ့ရှိရသဖြင့် အများပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် အတားအဆီးများကို ဖယ်ရှားရှင်းလင်းပေးခဲ့သည်။

ထိုသို့ အများပြည်သူသွားလာရေး ခက်ခဲစေရန် အတားအဆီးများ ပြုလုပ်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ ကြံခင်းစုရပ်ကွက်၊ တေဇလမ်း၊ အမှတ် (၁၇)နေ ဦးသန်းဆွေ (ဘ) ဦးကျော်သန်းနှင့် ကြံခင်းစုရပ်ကွက်၊ သိဒ္ဓိလမ်း၊ အမှတ် (၂၆) နေ ဒေါ်ဇာပွင့် (ခ) ဇာဇာအောင် ဆိုသူ ၂ ဦးက ဦးဆောင်ပြုလုပ်ခဲ့ကြောင်း သိရှိရသဖြင့် နေအိမ်များသို့ သွားရောက်စစ်ဆေးခဲ့ရာ ဦးသန်းဆွေကို ၎င်းနေအိမ်၌ တွေ့ရှိခဲ့ရကြောင်း၊ ဒေါ်ဇာပွင့် ကို နေအိမ်တွင် တွေ့ရှိခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ ဦးဇေယျာထွေး (ဘ) ဦးသောင်းထွေး ကို တွေ့ရှိခဲ့ရပြီး နေအိမ်အတွင်း၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဓာတ်ဆီပုလင်း ၃ လုံး၊ သံဒိုင်း ၃ ခု၊ ဓာတ်ငွေ့ကာမျက်မှန် ၃ လက်၊ အလှူငွေကောက်ခံမှုများ ရေးမှတ်ထားသည့် စာအုပ် ၅ အုပ်တို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ အများပြည်သူ အသုံးပြုလျက်ရှိသော လမ်းများပေါ်တွင် အတားအဆီးများ ဆောင်ရွက်ခဲ့သူနှင့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူတို့အား ဥပဒေအရအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းသို့ လွှဲပြောင်း စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် မကွေးမြို့တို့၌ ဆူပူအကြမ်းဖက်သူများနှင့် မသင်္ကာဖွယ်သူများအား ဖမ်းဆီးထိန်းသိမ်း

**နေပြည်တော် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၁ လမ်းနှင့် ၁၁၁ လမ်းထောင့်၊ မြို့သစ်ရပ်ကွက်၌ မတ် ၂၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ဆူပူအကြမ်းဖက်သူ အင်အား ၁၅၀ ခန့်က ပြည်သူ နှစ်ဦးကို သတင်းပေးဟု စွပ်စွဲကာ ဖမ်းဆီးထားကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ ည ၁၁ နာရီခွဲခန့်တွင် လူစုကွဲသွားပြီး ဆူပူအကြမ်းဖက်မှုတွင် ပါဝင်သူ ရှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အလားတူ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ (၁) ရပ်ကွက်အတွင်းရှိ လမ်းများအား အတားအဆီးများ ချထား၍ ပိတ်ဆို့ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် ရှင်းလင်းပေးစဉ် ဆူပူအကြမ်းဖက်သူ လေးဦးက တုတ်၊ ဓားများဖြင့် ရန်လိုပြုမူလာသဖြင့် အဆိုပါ လေးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထို့အပြင် ပြင်ဦးလွင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ည ၉ နာရီခွဲခန့်တွင် ရပ်ကွက်ကြီး (၈)၊ ချယ်ရီလမ်းထောင့်၌ မသင်္ကာဖွယ် အမျိုးသားတစ်ဦး တွေ့ရှိသဖြင့် စစ်ဆေးရာ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လုံ့ရှည်တစ်ချောင်း၊ ဓားချွန် တစ်ချောင်းနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထို့အတူ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့အတွင်းလုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မြင်သာရပ်ကွက်၊ မဲထီးလမ်းနှင့် ပြည်တော်သာလမ်းထောင့်၌ ညအချိန်မတော် စုရုံးလျက်ရှိသည့် မသင်္ကာဖွယ် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို ခေတ္တထိန်းသိမ်းခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များကို ရန်လိုပြုမူသူများနှင့် ညအချိန်မတော် စုရုံးလျက်ရှိသည့် သူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် ရပ်ရွာ အေးချမ်းသာယာရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်း၊ ပတ်ကင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

▼ *ကျောဖုံးမှ*

အဆိုပါ ကစားသမားအား ပြိုင်ဘက် ဘာစီလိုနာ အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ထို့အပြင် ပရီမီယာလိဂ်ကလပ် ချယ်ဆီးနှင့် မန်စီးတီးအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၂ ပွဲ ပါဝင်ကစားထားပြီး ၃၃ ဂိုး သွင်းယူပေးထားသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ရာသီတွင် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ ရောက်ရှိထားနိုင်သည့် အသင်းဖြစ်ပြီး ဘွန်ဒက်စ်လီဂါတွင်လည်း ၂၆ ပွဲ ကစားပြီး ၆၁ မှတ်ဖြင့် ဒုတိယနေရာမှ လိုက်ပ်ဇစ်အသင်းကို လေးမှတ်ဖြတ်ကာ အမှတ်ပေး ဇယားကို ဦးဆောင်ထားသည်။

**အောင်ဇော်**



# ကလေးဝမြို့တွင် ကျန်းမာရေးဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်

**ကလေးဝ မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မတ် ၁၉ ရက်က ကလေးဝမြို့ပြည်သူ့ဆေးရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် အဖွဲ့ဝင် ဗိုလ်မှူးဖြိုးစည်သူဝင်းတို့က အမှာစကားပြောကြားကြပြီး ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်း ၂၀ အား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့် ငွေကျပ်သုံးသိန်းတို့ကို ထောက်ပံ့ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

---

## မိုင်းယောင်းမြို့နယ်အတွင်း ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေးဆောင်ရွက်

**မိုင်းယောင်း မတ် ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်အတွင်း ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေး၊ လျှပ်စစ်ဓာတ်အားစနစ်ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယောင်း-မိုင်းယု (၂၄)နာရီ မီးလင်းရေး ဆောင်ရွက်နေသည့် ကုမ္ပဏီမှ သိရသည်။



မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားလိုင်း မရောက်ရှိသေးသော နေရာဖြစ်သည့် ဝမ်မန်းကျေးရွာအုပ်စု၊ ဝမ်နမ့်တောင်ကျေးရွာနှင့် ဝမ်တုန့်ကျေးရွာများ၌ ၂၄ နာရီ ရေအားလျှပ်စစ်ကို တပ်ဆင်သွယ်တန်းပေးခဲ့သဖြင့် ယခုအခါ နမ့်တောင်ကျေးရွာ အိမ်ခြေ ၃၂ အိမ်၊ ဝမ်တုန့်ကျေးရွာ အိမ်ခြေ ၆၂ အိမ်တွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယင်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းအတွက်လည်း ၂၄ နာရီ ရေအားလျှပ်စစ်မီတာကို အခမဲ့ တပ်ဆင်လှူဒါန်းပေးထားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**




**အမြို့မြို့အနယ်နယ်**
**ပျံ့နှံ့သည့် သတင်းစာ**
**မြန်မာ့အလင်း**
**သတင်းစာတွင်**
**ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန်စာတည်း | - | ချူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၁၀ | ၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၆၄၀ | ၅၅၉၅၇၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၉၁ | ၇၆၄၄၀၀ |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |

ညီညီ - စုစည်းသည်

# ခုအရေးအခင်းက ဒီမိုကရေစီရရှိရေးလို့သာ တွင်တွင် ပြောနေကြတာ။ ပြောင်းပြန်တွေ ဖြစ်နေတာကို တွေ့နေ၊ ကြားနေရတယ်။ သူများ CDM လှုပ်ရှားမှုမပါဝင်၊ မလုပ်ကြရင်လည်းလိုက်ပြီး ရန်လုပ်နေကြတယ်။ စောင်းမြောင်းဝေဖန် ပြောဆိုနေကြတာလည်း တွေ့ရတယ်

ဒေါ်ညွန့်မေလေး

## တွေ့ဆုံမေးမြန်း – ကောင်းကင်မေ

**CDM (Civil Disobedience Movement) လှုပ်ရှားမှုကို ဖေဖော်ဝါရီဒုတိယပတ်အတွင်း စတင်လာရာမှ ယင်းလှုပ်ရှားမှု ကြာမြင့်လာသည်နှင့်အမျှ ပြည်သူများအကြားတွင်လည်း ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးမှအစ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍတွင် အနည်းနှင့်အများ ထိခိုက်ခဲ့သည်။ ယင်း CDM လှုပ်ရှားမှု ဖြစ်စဉ်များအပေါ် ပြည်သူများအကြား အမြင်အမျိုးမျိုး ကွဲပြားလျက်ရှိရာ ပြည်သူအချို့အား တွေ့ဆုံမေးမြန်းမှုများကို ပြန်လည်မျှဝေ ရေးသားဖော်ပြလိုက်ပါသည်။**

### လူငယ်တွေကို ရှေ့ထွက်အောင် မြှောက်ပေးနေ

ဒဂုံတက္ကသိုလ်တွင် ဓာတုဗေဒဘာသာရပ်ဖြင့် တက်ရောက်ပညာသင်ကြားနေသော မောင်ကောင်းမြတ်မင်းက CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် “ ကျွန်တော်က ဒဂုံတက္ကသိုလ်မှာ တတိယနှစ် နေ့ပိုင်းတက်ရောက်နေတဲ့ ကျောင်းသားတစ်ဦးပါ။ CDM လှုပ်ရှားမှုမှာ သူငယ်ချင်းတွေနဲ့အတူ တစ်ရက်တော့ ထွက်ဖြစ်ပါတယ်။ နောက်ပိုင်းရက်တွေတော့ ထပ်မထွက်တော့ဘူးဗျ၊ ကျွန်တော်ထွက်တဲ့နေ့မှာပဲ သူငယ်ချင်းနှစ်ယောက် လုံခြုံရေးအဖွဲ့နောက်ပါသွားတော့ အတော်ကလေး စိတ်မကောင်းဖြစ်မိသွားတယ်။ သူတို့ခုချိန်ထိလည်း အဆက်သွယ်မရသေးဘူး။ သူ့မိဘတွေဆို ခဏခဏ ဖုန်းဆက်မေးတယ်။ အိမ်ကလည်း အဲဒီလို တစ်ရက်ကလေး လိုက်သွားမိတာတောင် အခုချိန် ထိ အပြစ်ပြောမဆုံးတော့ဘူး။ တကယ်တော့ CDM လှုပ်ရှားမှုမှာက ကျွန်တော်တို့လို လူငယ်တွေများတယ်။ တချို့လူတွေက အွန်လိုင်းကပဲ ကျွန်တော်တို့လို လူငယ်တွေကို ရှေ့ထွက်အောင် မြှောက်ပေးနေ ကြတာ။ သူတို့က လမ်းမပေါ်ထွက်မလာကြဘူး။ ဆရာကတောင် ဒီကိစ္စနဲ့ပတ်သက်လို့ ဖုန်းပြောဖြစ်တော့ မြန်မာလူငယ်ထု အများစုက အယုံလွယ်တော့ နိုင်ငံရေးလုပ်စားတဲ့သူတွေရဲ့ စားကျက်လိုဖြစ်နေပြီလို့ ဆရာက ပြောသေးတယ်။ စဉ်းစားကြည့်လိုက်တော့ ဟုတ်နေတာပဲ။ အခုလည်း သူများတွေ CDM ဆိုလို့သာ လိုက်ပြီး CDM လုပ်ကြတာ၊ အခုတော့ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ ပေါက်နေရတယ်။

### သူများ CDM လို့ လိုက်လုပ်လိုက်တာပဲ ရှိကြတာ

တကယ်တော့ ကျွန်တော်တို့အရွယ်က ပညာသင်ကြားနေကြရတဲ့သူတွေပါ။ နိုင်ငံရေးနဲ့လည်း အလှမ်းဝေးနေပါသေးတယ်။ တစ်ခုတော့ရှိတာပေါ့။ ကျွန်တော့် ဆရာပြောသလို ဘဝနဲ့ရင်းပြီး နိုင်ငံရေးလောကထဲကို ပစ်ဝင်မယ်ဆိုရင်တော့ တစ်မျိုးပါ။ ကျွန်တော်တို့အဖွဲ့ထဲမှာ အဲဒီလောက်အထိ ဇရှိတဲ့သူလည်းမရှိဘူးလေ။ ပြီးတော့ သူငယ်ချင်းတွေဆုံရင် နိုင်ငံရေးအကြောင်းတောင် ကောင်းကောင်းပြောဖူးကြတာမရှိဘဲ အခုလို သူများ CDM လို့ လိုက်လုပ်လိုက်တာပဲရှိကြတာ။ ကျွန်တော်တို့ သူငယ်ချင်းငါးယောက်ရှိတဲ့ အဖွဲ့ထဲမှာလည်း နှစ်ယောက်ကတော့ သူတို့က လုံးဝမလုပ်ကြပါဘူး။ ကျွန်တော်လည်း အိမ်မှာနေလာရတာ ပျင်းတာနဲ့ တစ်ရက်ကလေးပဲ လိုက်မိခဲ့တာ။ ပါသွားတဲ့ သူငယ်ချင်းနှစ်ယောက်ကတော့ CDM လှုပ်ရှားမှုစကတည်းက သူတို့က ပါဝင်ကြတာ။ သူတို့နှစ်ယောက်စလုံးက နိုင်ငံရေးလည်း စိတ်ဝင်စားကြတယ်လေ။ ကျွန်တော်ကျတော့ အဓိက ရည်မှန်းချက်က ဘွဲ့ရရင် အစိုးရရုံးတစ်ခုခုမှာ အလုပ်ရရင်ရ၊ မရရင် မိဘစီးပွားရေးအလုပ်ပဲ ဝိုင်းလုပ်မယ်လို့ အမေကြီးကိုလည်း ပြောထားတာ၊ ဦးလေးတွေဘက်ကလည်း ဝန်ထမ်းမျိုးရိုးဆိုတော့လေ၊ အမေကြီးကတော့ ဝန်ထမ်းပဲလုပ်ပါလို့တော့ ပြောတာပဲ။ ဒါပေမယ့်ဘယ်ဟာလုပ်ဖြစ်မယ်ဆိုတာတော့ မသိသေးဘူး”ဟု သူ၏ခံစားမှုကို ရင်ဖွင့်သည်။

### အပြုသဘောတွေထက် အပျက်သဘောတွေက များနေ

“အဒေါ်တို့က ၈၈ အရေးအခင်းရော၊ ရွှေဝါရောင်အရေးအခင်းတွေကိုပါ ကောင်းကောင်းမီခဲ့တယ်။ ပြောရရင် အခုလို အရေးအခင်း၊ နိုင်ငံရေးအတွေ့အကြုံက မနည်းတော့ဘူး ပြောရမယ်။ အရင်အရေးအခင်းတွေတုန်းက ခုလိုတော့ မဟုတ်ဘူး။ ပြည်သူအချင်းချင်း သိပ်ပြီးပြဿနာမရှာကြဘူး။ ခုအရေးအခင်းက ဒီမိုကရေစီရရှိရေးလို့သာ တွင်တွင်ပြောနေကြတာ ။ ပြောင်းပြန်တွေ ဖြစ်နေတာကို တွေ့နေ၊ ကြားနေရတယ်။ သူများ CDM လှုပ်ရှားမှုမပါဝင်၊ မလုပ်ကြရင်လည်း လိုက်ပြီး ရန်လုပ်နေကြတယ်။ စောင်းမြောင်းဝေဖန် ပြောဆိုနေကြတာလည်း တွေ့ရတယ်။ အခုလိုတွေ တွေ့ရတော့ အတော်လေးစိတ်မကောင်းဖြစ်မိတယ်။ တချို့ဝန်ထမ်းတွေဆို သူတို့ကို ပုန်းပြီးတော့တောင် အလုပ်ကို သွားနေကြရတာ။ အခုဆိုရင်လည်း CDM လှုပ်ရှားမှုက နည်းနည်းငြိမ်သွားပြန်တော့ လမ်းပိတ်တာတွေ၊ မီးရှို့တာတွေစတဲ့ အဖျက်အမှောင့်အလုပ်တွေ လုပ်လာကြတယ်။ အခုဆို ကိုဗစ်–၁၉ ကပ်ရောဂါကလည်းတစ်မျိုးနဲ့ အလုပ်တွေက ပိတ်ထားတော့ မိသားစုဝမ်းရေးတောင် အတော်လေးရုန်းကန်နေရတယ်။ ဒီရန်ကုန်မှာက စား၊ ဝတ်၊ နေ၊ ရေး မလွယ်ဘူးလေ။ တစ်အိမ်ထောင်စုမှာ လူငါးဦးရှိရင် အနည်းဆုံးလူလေးဦးမှာ အလုပ်ရှိနေမှ ဣန္ဒြေရရုံရှိတာလေ။ ဘုရားဟောထားသလိုပါပဲ ခေတ်ကိုကလည်း တဖြည်းဖြည်း ဆုတ်ခေတ်ကို ရောက်နေပြီ။ အရာရာမှာ အပြုသဘောတွေထက် အပျက်သဘောတွေက များနေတာလေ။

### အလုပ်မြန်မြန်လေး ပြန်ဖွင့်တာကိုပဲ ကျေးဇူးတင်

အခေါ်က CDM လှုပ်ရှားမှုမှာ မပါဖြစ်ဘူးပဲ ပြောရမှာပေါ့။ အရင်တစ်ရက်နှစ်ရက်ကတော့ သူငယ်ချင်းတွေနဲ့အတူလိုက်ပြီး လမ်းလျှောက် အော်လိုက်သေးတယ်။ နောက်ပိုင်းရက်တွေတော့ မလိုက်ဖြစ်တော့ပါဘူး။ နေပူကြီးထဲ လမ်းလျှောက်ရတာ ပင်ပန်းတာလည်းပါတယ်။ ပြီးတော့ ဘာမှလည်း မထူးဘူးလို့ မြင်မိတယ်လေ။ ဘာလို့လဲဆိုတော့ ကျွန်မတို့အားလုံးက နိုင်ငံရေးမှ နားမလည်တာ။ သူများတွေ မြှောက်ပေးလို့သာ လိုက်လုပ်လိုက်ရတာ။ ခုနောက်ပိုင်းတော့ CDM လှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်လှုပ်ရှားမှုတွေ ရန်ကုန်မှာ သိပ်မတွေ့ရတော့ဘူး။ အရင်ရက်တွေကတော့ CDM လှုပ်ရှားမှုမှာပါဝင်တဲ့ အဖွဲ့တွေများတယ်။ တကယ်တော့ CDM လှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်ပွဲတွေမှာ တွေ့ရတာက လူငယ်တွေ၊ နိုင်ငံရေး ဘာမှမသိသေးတဲ့ ကျောင်းနေအရွယ်ကလေးတွေက များနေတာကို တွေ့ရတယ်။ အဲဒီလိုများနေတာကို ပြန်ကြည့်ရင်လည်း ဒီနေ့အလုပ်လက်မဲ့ဖြစ်နေကြတာတွေက များနေတာကိုး။ ဒီကြားထဲ ကိုဗစ်–၁၉ နဲ့ကျောင်းတွေကလည်း ပိတ်ထားတော့ ပိုဆိုးသွားတာပေါ့။ အခေါ်တို့ ကုမ္ပဏီက ပိတ်ထားတာ ပြီးခဲ့တဲ့ အပတ်ကပဲ ပြန်ဖွင့်ပြီလေ။ တကယ်တော့ CDM လှုပ်ရှားမှုက ဘက်ပေါင်းစုံက ကြည့်ရင် အခေါ်ကတော့ ကောင်းကွက် ဘာတစ်ခုမှ အခုအချိန်ထိ မတွေ့သေးဘူး။ စိတ်ထဲတစ်ခုကျေနပ်ရတာက အလုပ်မြန်မြန်လေး ပြန်ဖွင့်တာကိုပဲ ကျေးဇူးတင်ရမှာလို့ ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သည့် ဒေါ်ညွန့်မေလေး(အမည်လွှဲ) က ပြောကြားသည်။

### စားဝတ်နေရေးကို ပြန်မကြည့်ကြ

“CDM လှုပ်ရှားမှုနဲ့ ပတ်သက်လို့ ပြောရရင် ကျွန်တော်က ပြည်တွင်းကုမ္ပဏီထောင်ထားတာဆိုတော့ သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်တယ်။ မင်းဆီမှာ CDM လှုပ်ရှားမှုမှာ ဘယ်လောက် ပါလဲတဲ့။ သူ့ကုမ္ပဏီက ဝန်ထမ်းတွေလည်း CDM ထဲပါကြတော့ အလုပ်ဖွင့်ဖို့ ပြန်စဉ်းစားနေရတယ်တဲ့။ သူငယ်ချင်းပြောတာကတော့ ရုံးပြန်ဖွင့်မယ်ဆိုပြီး အွန်လိုင်းမှာရေးလိုက်တာ တစ်ဦးတစ်ယောက်မှ အလုပ်တက်ဖို့ စိတ်မဝင်စားကြဘူးပြောတာပဲ။ ဝန်ထမ်းတော်တော်များများက လစာလုံးဝဖြတ်ရင်လည်း ဖြတ်ပါပြောတယ်တဲ့။ ဒီရက်တွေတော့ အလုပ်ပြန်မဖွင့်စေချင်သေးဘူးဆိုပဲ။ ဘာလို့လဲလို့ မေးကြည့်လိုက်တော့ သူတို့က CDM လှုပ်ရှားမှုမှာ အစိုးရဝန်ထမ်းတွေကို လုပ်ဆောင်ဖို့နှိုးဆော်ပြီး သူတို့က အလုပ်ဆင်းနေရင် ဘယ်ဖြစ်မလဲလို့ ပြောကြတာပဲ။ အဲဒါနဲ့ ကျွန်တော့်ကုမ္ပဏီက မန်နေဂျာကို ကျွန်တော်လည်း ဖုန်းဆက်ကြည့်လိုက်တော့ အဲဒီလိုလေသံမျိုးထွက်တာနဲ့ ဒီအပတ်မှ ကုမ္ပဏီပြန်ပြီး ဖွင့်ဖြစ်တယ်။ အခုခေတ်လူငယ်တွေက နိုင်ငံရေးတော့ တော်တော်ကို စိတ်ဝင်စားလာကြတာတွေ့ရတယ်။ ဒါပေမယ့် ခက်တာက အသက် မွေးဝမ်းကျောင်းဖြစ်တဲ့ စားဝတ်နေရေးကို ပြန်မကြည့်ကြတာ ဆိုးနေ တာ။ ဖြည်းဖြည်းချင်း အလုပ်ပေါ်စိတ်ဝင်စားမှုတောင်နည်းလာတယ်။ ခုရက်ပိုင်း ရုံးမှာဆိုလည်း တစ်နေ့၊ တစ်နေ့ နိုင်ငံရေးအကြောင်း ပြောနေ ကြလို့ ရုံးတက်စဉ်အတွင်း ရုံးကိစ္စမှအပ အခြားအကြောင်းအရာများ မပြောရလို့ကို ရေးပြီးကပ်ထားရတယ်” ဟု ရန်ကုန်မြို့ရှိ ပြည်တွင်း ကုမ္ပဏီပိုင်ရှင် ဦးမျိုးဆွေလင်း (အမည်လွှဲ) က CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ ကြုံတွေ့ခဲ့သမျှကို ပြောကြားသည်။ ။

“တကယ်တော့ CDMလှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်ပွဲတွေမှာ တွေ့ရတာက လူငယ်တွေ၊ နိုင်ငံရေး ဘာမှမသိသေးတဲ့ ကျောင်းနေအရွယ်ကလေး တွေက များနေတာကို တွေ့ရတယ်။ အဲဒီလိုများနေတာကို ပြန်ကြည့် ရင်လည်း ဒီနေ့အလုပ်လက်မဲ့ဖြစ်နေကြတာတွေက များနေတာကိုး။ ဒီကြားထဲ ကိုဗစ်–၁၉ နဲ့ ကျောင်းတွေကလည်း ပိတ်ထားတော့ ပိုဆိုးသွားတာပေါ့။ အဒေါ်တို့ ကုမ္ပဏီက ပိတ်ထားတာ ပြီးခဲ့တဲ့ အပတ်ကပဲ ပြန်ဖွင့်ပြီလေ။ တကယ်တော့ CDM လှုပ်ရှားမှုက ဘက်ပေါင်းစုံကကြည့်ရင် အဒေါ်ကတော့ ကောင်းကွက် ဘာတစ်ခုမှ အခုအချိန်ထိ မတွေ့သေးဘူး”

# ရခိုင်ပြည်နယ်ရှိ ထင်ရှားကျော်ကြားသော ဂူဘုရားများ

**အောင်ကြည်မိုး(စစ်တွေ)**

ရခိုင်ပြည်နယ်သည် ဗုဒ္ဓသာသနာထွန်းပြောင်သော နေရာတစ်ခုဖြစ်၍ ဂူဘုရားများစွာ ရှိနေသည်။ ခရစ်သက္ကရာဇ် ၁၅၃၁-၁၅၃၃ ခုနှစ် ဒုတိယ မြောက်ဦးခေတ်ကို တည်ထောင်ခဲ့သည့် မင်းဗာဘုရင် နန်းတက်လာသည့်အခါ ကုသိုလ်တော်အဖြစ် သဘာဝကျောက်တောင်များကို ဂူထွင်း၍ ဘုရားများ တည်ထားကိုးကွယ်ခဲ့သည်။ မင်းဗာဘုရင်နောက်ပိုင်း ပြောင်းလဲရွှေ့လျားလာသည့် ခေတ်အဆက်ဆက်တွင်လည်း ကုသိုလ်ရှင် စေတနာရှင်များက ဂူပေါက်များကို တိုးချဲ့ထွင်းထုကာ ဘုရားဆင်းတုတော်များကို ထုဆစ်သွန်းလောင်း၊ ကိန်းဝပ်စံပယ်စေပြီး ကိုးကွယ်ခဲ့ကြ၍ ယနေ့တွင် ရခိုင်ပြည်နယ်တစ်ဝန်း၌ ဂူဘုရားများကို ကုသိုလ်ယူ ဖူးမြော်နေကြရသည်။

မင်းဗာဘုရင်သည် ရခိုင်ပြည်နယ်၌ ဂူဘုရား ကိုးခုကို လှူဒါန်းကိုးကွယ်ခဲ့ကြောင်း ရခိုင်သမိုင်းများတွင် ဖော်ပြထားသည်။ မင်းဗာဘုရင် တည်ထားခဲ့သော ဂူကိုးခုမှာ အောက်အပါအတိုင်းဖြစ်သည်။



ဂူဝဂူ(ပုဏ္ဏားကျွန်းမြို့)။

**“မင်းဗာဘုရင် တည်ထားကိုးကွယ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ဂူဘုရားများကို လေ့လာရခြင်းအားဖြင့် ရှေး ရခိုင်လူမျိုးတို့၏ သမိုင်း၊ ယဉ်ကျေးမှု အနုပညာအဆင့်အတန်းမြင့်မားခဲ့ပုံများကို သိရှိရသလို ဗိသုကာအနုပညာနှင့် ဆောက်လုပ်ရေးနည်းပညာများ ခေတ်မီတိုးတက်နေခဲ့ကြောင်းကိုလည်း သိရှိနိုင်ပေသည်”**

**(၁) ကူတောင်ဂူ**

ကူတောင်ဂူသည် ရသေ့တောင်မြို့နယ်အတွင်း ကူတောင်ရွာ၏ မြောက်ဘက်၌ တည်ရှိသည်။ ဤကျောက်ထွင်းဂူမှာ မြေပြင်မှအထက် ပေ ၄၀ ခန့် မြင့်သော မြေသားကုန်းမြင့် နှစ်ဆင့်ပေါ်တွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်တောင်ဖြစ်သည်။ တောင်မှ မြောက်သို့ သွယ်တန်းနေကာ ကျောက်တောင်အရှည်သည် ပေ ၃၀၀ ကျော်ရှိပြီး အမြင့်သည် ပေ ၁၀၀ ခန့် ရှိသည်။ ဂူပေါက် ခြောက်ပေါက်ရှိပြီး ဂူပေါက်ဝများသည် အရှေ့အရပ်သို့ မျက်နှာပြုထားသည်။ ဂူမျက်နှာစာတွင် ပန်းနွယ်၊ ပန်းခက်များ၊ ကျေးငှက်သာရကာများနှင့် ဖြူဟ္မာတို့က ပူဇော်နေကြပုံများကို ထုဆစ်ထားသည်။ ဂူပေါက် ခြောက်ခုအတွင်း၌ ထိုင်တော်မူ ဘုရား ၃၁ ဆူ ကိန်းဝပ်လျက်ရှိသည်။

**(၂) ဇီးကိုင်းဂူ**

ဇီးကိုင်းဂူသည် ရသေ့တောင်မြို့နယ် မုစဲကျွန်း၏ အရှေ့တောင်ပိုင်း ဇီးကိုင်းကျေးရွာနှင့် နှမ်းခမ်းကျေးရွာတို့၏ကြားတွင် တည်ရှိသည်။ မြေပြင်မှ အမြင့် ခုနစ်ပေရှိသော မြေသားကုန်းမြင့်ပေါ်တွင် သဘာဝအလျောက် ဖြစ်တည်နေသော ဂူဖြစ်ပြီး တောင်နှင့်မြောက် သွယ်တန်းနေသည်။ ကျောက်တောင်အရှည်သည် ပေ ၄၀၀ ကျော် ရှည်လျားပြီး အမြင့်မှာ ပေ ၆၀ ခန့်ရှိသည်။ ဂူအရှေ့ဘက်သို့ မျက်နှာမူလျက်ရှိပြီး မြောက်မှတောင်သို့ မြင့်တက်သွားကာ ဂူပေါက် ကိုးခု ရှိနေသည်။

**(၃) တောင်ညိုဂူ**

တောင်ညိုဂူသည် ပေါက်တောမြို့မှ အနောက်ဘက် လေးမိုင်ခန့်အကွာ၌ တည်ရှိသည်။ ကျောက်ဂူမှာ သဘာဝအလျောက်ဖြစ်ထွန်းနေသော ကျောက်တောင်ဖြစ်ပြီး တစ်မိုင်ခန့်ရှည်လျားကာ ကျောက်တောင်အမြင့်မှာ ပေ ၂၃၀ ခန့်ရှိသည်။ ဂူသည် မြောက်အရပ်သို့ မျက်နှာမူလျက် ရှိနေသည်။ ကျောက်တစ်လုံးတည်းတွင် ဂူပေါက် ၄၂ ခုကို ထွင်းထုထားခြင်းဖြစ်သည်။ ဂူများထဲတွင် ဆင်းတုတော် ကြီး/ငယ် ၅၈ ဆူ ကိန်းဝပ်စံပယ်တော်မူလျက်ရှိနေသည်။ တောင်ညိုဂူအနီးရှိ တောင်းဖူးဘုရားသည် ရခိုင်ပြည်နယ်အတွင်း ဉာဏ်တော်အမြင့်ဆုံး ဘုရားများထဲတွင် အပါအဝင်ဖြစ်သည်။



ကျောက်တစ်လုံးဂူ (ကျောက်ဖြူမြို့)။

**(၄) နတ်တောင်ပြင်ဂူ**

နတ်တောင်ပြင်ဂူသည် ပေါက်တောမြို့နယ် နတ်တောင်ပြင်ကျေးရွာ၏ အနောက်ဘက် ပေါက်တော-ဓားကိုင် ကားလမ်းမဘေး အနောက်ဘက် တောင်တန်းတွင် တည်ရှိသည်။ နတ်တောင်ပြင်ဂူသည် အရှေ့ဘက်အရပ်သို့ မျက်နှာမူလျက်ရှိပြီး တောင်နှင့်မြောက် သွယ်တန်းနေသည်။ မြေပြင်မှ ဂူဝသို့ ယခု အသစ်ဖောက်လုပ်ထားသော လှေကားထစ် ၈၀ ခန့်ဖြင့် တက်ရောက်ကြရပြီး ယခင်က သုံးခဲ့သော လှေကားအဟောင်းကိုလည်း တွေ့မြင်နိုင်သည်။ ဂူများမှာ တစ်ဆက်တည်း ထွင်းထုထားခြင်းမျိုး မဟုတ်ဘဲ အတန်းလိုက်၊ အပိုင်းလိုက် ထွင်းထုထားကာ ဂူပေါက်ဝ လေးခု ရှိနေသည်။ ဂူပေါက်ဝတစ်ခုစီတွင် ဂူဝင်ပေါက် နှစ်ပေါက်၊ သုံးပေါက်နှင့် လေးပေါက် စသည်ဖြင့် တွေ့ရသည်။ တောင်တန်းသည် တောင်မှ မြောက်သို့ မြင့်တက်သွားရာ တောင်ဘက်ဆုံးမှ ပထမဆုံးဂူသည် အနိမ့်ဆုံးဂူ ဖြစ်သည်။

**(၅) ကြိမ်ခမော်ဂူ**

ကြိမ်ခမော်ဂူသည် ပေါက်တောမြို့နယ် တောင်ရင်းကျွန်း၏ အနောက်ဘက်ခြမ်း ကြိမ်ခမော်ကျေးရွာ၏ အရှေ့ဘက်အရပ်တွင် တည်ရှိသည်။ ကျောက်ထွင်းဂူဖြစ်ပြီး မြေပြင်မှအထက် ၁၀ ပေကျော်ခန့်မြင့်သည့်သီးခြားသဘာဝကျောက်တောင်တစ်လုံး၏အပေါ်တွင် တည်ရှိနေကာ တောင်နှင့်မြောက် သွယ်တန်းနေသည်။ ကျောက်ထွင်းဂူသည် ပေ ၂၀၀ ကျော် ရှည်လျားပြီး အမြင့် ပေ ၅၀ နီးပါး ရှိသည်။ ဂူဝသည် အရှေ့ဘက်သို့ မျက်နှာမူလျက်ရှိပြီး ဂူပုံသဏ္ဌာန်မှာ ကူတောင်ဂူနှင့် တောင်ညိုဂူတို့ကဲ့သို့ တစ်ဆက်တည်း ထွင်းထုထားခြင်းမျိုး မဟုတ်ဘဲ အပိုင်းလိုက်၊ အတန်းလိုက် ထွင်းထုထားသည်ကို တွေ့မြင်ရသည်။ စုစုပေါင်း ဂူ ကိုးခုရှိနေပြီး ဂူဝင်ပေါက် ၁၆ ပေါက် ရှိနေသည်။

**(၆) ဂူဝဂူ**

ဂူဝဂူသည် ပုဏ္ဏားကျွန်းမြို့၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ကုလားတန်မြစ်၏ လက်ဝဲဘက်ကမ်းရှိ တောင်-မြောက် တန်းနေသော ကျောက်စွယ်ကို ဂူကျောင်းအဖြစ် မင်းဗာဘုရင်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ နှောင်းလူများက ထပ်မံ ကုသိုလ်ပြုကြသဖြင့် ဂူပေါက် ၁၁ ပေါက်အထိ ဖြစ်လာသည်။ ဂူမျက်နှာစာ အရှည် ၈၃ ပေ ရှိကာ ဂူလမ်းအရှည်မှာ ၇၄ ပေ ရှိသည်။ အချို့ ဂူပေါက်တို့တွင် တံကဲလက်ရာများ ပါရှိသည်။ မြောက်ဘက်အနီးရှိ တောင်ထိပ်ပေါ်တွင် “စမြုံတော်စေတီ” တည်ရှိသည်။ ဂူဝဘုရားပွဲကို နှစ်စဉ် ဇန်နဝါရီလတွင် စည်ကားစွာ ကျင်းပသည်။

**(၇) ပိုးရှီပြင်ဂူ**

ပိုးရှီပြင်ဂူသည် ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှီပြင်ကျေးရွာအနီး၌ တည်ရှိနေပြီး ဂူပေါက် နှစ်ပေါက်ရှိသော ဂူဘုရားဖြစ်သည်။ ပိုးရှီပြင်ဒေသသည် တောဖျားချောင်း၏ လက်ဝဲဘက်ကမ်း ချောင်းဝမှ ဝင်လျှင် လေးမိုင်ခန့်အကွာ၌ တည်ရှိသည့် ရွာကြီးတစ်ရွာဖြစ်သည်။ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် ခမီလူမျိုး အများအပြားနှင့် ရခိုင်လူမျိုးများ နေထိုင်လျက်ရှိကြပြီး စီးပွားရေး အချက်အချာကျသည့် ဒေသတစ်ခုဖြစ်သည်။

**(၈) ကျောက်တစ်လုံးဂူ**

ကျောက်တစ်လုံးဂူသည် ကျောက်ဖြူမြို့မှ ကားလမ်းခရီး ၃ မိုင် ၄ ဖာလုံ အကွာအဝေးတွင် တည်ရှိသည်။ ကျောက်စွယ်တစ်ခု၏ မြောက်ဘက်မျက်နှာစာတွင် ဂူပေါက်များထွင်းထု၍ ကျောက်တစ်လုံးဂူကို တည်ဆောက်ထားသည်။ မူလက တစ်ဂူတည်းသာဖြစ်သော်လည်း နှောင်းကာလတွင် ကုသိုလ်ရှင်များက ကုသိုလ်ပွားယူကြသဖြင့် ဂူပေါက်များ များလာခြင်းဖြစ်သည်။ ယခုအချိန်တွင် ဂူအရှည်မှာ ၃၉၄ ပေ၊ အမြင့် ၁၅ ပေနှင့် ဂူပေါက် ၅၄ ပေါက် ရှိသည်။ ဗုဒ္ဓဆင်းတုတော် ၁၉၂ ဆူခန့် ကိန်းဝပ်စံပယ်လျက်ရှိနေပြီး မူလကုသိုလ်ရှင်မှာ မင်းဗာဘုရင်ဖြစ်သည်။

**(၉) နိုင်ငံတော်ဂူ**

နိုင်ငံတော်ဂူသည် ပုဏ္ဏားကျွန်းမြို့နယ် ဦးရာဇ်တောင်ဓာတ်စေတီ၏ အနောက်ဘက်ရှိ နိုင်ငံတော်တောင်တန်းတွင် တည်ရှိပြီး ဂူပေါက်တစ်ခုတည်းသာ ရှိသည်။

မင်းဗာဘုရင် တည်ထားကိုးကွယ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ဂူဘုရားများကို လေ့လာရခြင်းအားဖြင့် ရှေး ရခိုင်လူမျိုးတို့၏ သမိုင်း၊ ယဉ်ကျေးမှု အနုပညာ အဆင့်အတန်း မြင့်မားခဲ့ပုံများကို သိရှိရသလို ဗိသုကာအနုပညာနှင့် ဆောက်လုပ်ရေးနည်းပညာများ ခေတ်မီတိုးတက်နေခဲ့ကြောင်းကိုလည်း သိရှိနိုင်ပေသည်။ ။

# ပွင့်ဖြူမြို့နယ်၌ ဂန္ဓမာပန်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး အရောင်းသွက်နေ

**ပွင့်ဖြူ မတ် ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အညာကျေးလက်ဒေသများတွင် ဒေသခံတောင်သူများ မိသားစု အပိုဝင်ငွေတိုးပွားရေးအတွက် လယ်ယာလုပ်ငန်းခွင်နှင့် တွဲဖက်၍ တစ်ပိုင်တစ်နိုင် ဘုရားပန်းများ စိုက်ပျိုးလုပ်ကိုင်ကြရာ ယခုနှစ်တွင် ဂန္ဓမာပန်း စိုက်ပျိုးရောင်းချသူများ အောင်မြင်ဖြစ်ထွန်းပြီး အရောင်းသွက်နေကြောင်း ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးပွားရေးအတွက် ဘုရားပန်းများ စိုက်ပျိုးခြင်းကို သရက်အုပ်ကျေးရွာအုပ်စုရှိ ကျေးရွာများနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် ဒေသခံတောင်သူများက မုန်းချောင်းရေကို အမှီပြု၍ လည်းကောင်း၊ ရေတွင်းများတူး၍ မြေအောက်ရေဖြင့် လည်းကောင်း ဥယျာဉ်ခြံမြေများ ပြုစုပျိုးထောင်၍ ဂန္ဓမာပန်း၊ မေမြို့ပန်း၊ သစ္စာပန်း၊ နှင်းပန်း၊ ကံ့ကော်ပန်း၊ နှင်းဆီပန်း၊ ရွက်လှပန်း၊ သပြေပန်းမျိုးစုံတို့ကို စိုက်ပျိုးကြရာ ယခုနှစ်တွင် ဂန္ဓမာပန်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချရာတွင် ဆယ်ပွင့်စည်းတစ်စည်းလျှင် ငွေကျပ် ၁၀၀၀ ကျော်ခန့် ရောင်းချရ၍ နေ့စဉ်ဝင်ငွေရရှိကာ လုပ်ငန်း အဆင်ပြေလျက်ရှိနေကြောင်း ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာမှ ဂန္ဓမာပန်းစိုက်ပျိုးရောင်းချသူ ဦးဝင်းဆွေက ပြောသည်။

"ကျွန်တော်တို့ ဒေသမှာ ဘုရားပန်းစိုက်ပျိုး လုပ်ကိုင်ကြတဲ့ တောင်သူတွေ အောင်မြင်မှုရှိပြီး ဈေးကောင်းရရှိလို့ လုပ်ငန်းအဆင်ပြေကြပါတယ်။ စိုက်ပျိုးရောင်းချတဲ့ ဂန္ဓမာပန်းတွေကိုတော့ ပြင်ဦးလွင်မြို့ကနေ ပျိုးပင်မှာယူပြီး စိုက်ပျိုးကြတာဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်အရင်းအနှီးတော့ များပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဒေသက စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် နွေ ၊ မိုး ၊ ဆောင်း ရာသီမပြတ် ဘုရားပန်းစိုက်ပျိုးရောင်းချရလို့ အဆင်ပြေပါတယ်။ စိုက်ပျိုးတဲ့ ဘုရားပန်းတွေကတော့ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ သစ္စာပန်း၊ နှင်းဆီပန်း၊ ကံ့ကော်ပန်း၊ နှင်းပန်း၊ ရွက်လှပန်း၊ သပြေပန်းမျိုးစုံတို့ကို အဓိကစိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာတော့ ဂန္ဓမာပန်းစိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ရောင်းချရာမှာလည်း ဈေးကောင်းရရှိလို့ စိုက်ပျိုးတောင်သူတွေ အဆင်ပြေကြပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။



ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးထားသည့် ဂန္ဓမာပန်းစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

## စိုက်ပျိုးရေးလုပ်ငန်းတွင် ရေကို ထိရောက်စွာအသုံးချရေး သုတေသနပြုမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

တောင်သူများအကျိုးရှိစေမည့် ရေအသုံးချရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖော်ဆောင်နိုင်ရန်နှင့် ရရှိလာသော သုတေသနရလဒ်များကို လက်တွေ့ အသုံးချနိုင်ရေးအတွက် နည်းပညာများ ဖြန့်ဝေပေးနိုင်ရန် ရည်မှန်းချက်ဖြင့် သုတေသနလုပ်ငန်းများကို စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေကို အကျိုးရှိစွာ ချွေတာသုံးစွဲရေး နည်းပညာများ ဖွံ့ဖြိုးလာစေရန်၊ သီးနှံနှင့်ရေ ဆက်စပ်မှုကို လေ့လာရန်၊ သင့်လျော်ကောင်းမွန်သော မိုးရေ ထိန်းသိမ်းသိုလှောင်သည့်နည်းစနစ်များ ဖွံ့ဖြိုးလာစေရန်၊ မျိုးမွေးမြူသူများအတွက် ရေငတ်ဒဏ် ခံနိုင်ရည်ရှိသော သီးနှံမျိုးများ ရှာဖွေဖော်ထုတ်ရန်၊ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် လမိုင်းထားရှိမှု နည်းပညာသုတေသနနှင့် စိုက်ပျိုးမှု ပြန့်ပွားလာစေရေး ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးကဏ္ဍတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေးအတွက် နည်းစနစ်များ ဆောင်ရွက်ရန်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့များကို တိုင်းတာစစ်ဆေးရန်၊ စိုက်ပျိုးရေ၊ သီးနှံမျိုးစေ့နှင့် မြေဩဇာတို့၏ အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်ရန်နှင့် မြေဆီဓာတ်ခွဲသေတ္တာများ ထုတ်လုပ်ဖြန့်ဖြူးပေးရန်စသည့် အဓိက လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ မိုးနှောင်းရာသီနှင့် မိုးကြိုရာသီ သုတေသနလုပ်ငန်းများအနေဖြင့် စပါးအပြီးတွင် ပြောင်းသီးနှံကို အဓိက စိုက်ပျိုးကြသည့် တောင်သူများအတွက် ဦးတည်ကာ စပါးအပြီးတွင် မြေတွင်းရေအကျန်ဖြင့် ပြောင်းစိုက်ပျိုးခြင်းနှင့် ဖြည့်စွက်ရေသွင်း၍ စိုက်ပျိုးခြင်းကို လေ့လာသည့် သုတေသနကိုလည်းကောင်း၊ တောင်သူအများစု အသုံးပြုနေသော ပုလဲမြေဩဇာ၊ အခြားပစ္စည်းများဖြင့် ကာဗာ ပြုလုပ်ထားသော နိုက်ထရိုဂျင်မြေဩဇာများနှင့် ယူရီးယားအလုံးကြီး မြေဩဇာများ၏ ပြောင်းသီးနှံအပေါ် အကျိုးသက်ရောက်မှုကို စမ်းသပ်သည့် သုတေသနကို လည်းကောင်း၊ စပါးသီးနှံကို မိခင်ပင်စိုက်ပျိုး ပြီး သားဆက် ၅-၇ ဆက်အထိ လမိုင်းထား ဆောင်ရွက်သည့် သားတက်ဆင့်ပွားနည်းပညာ သုတေသနကို လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




စပါးစိုက်အပြီးတွင် ရေသွင်း၍ စမ်းသပ်စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

အဆိုပါ သုတေသန ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက မတ် ၁၇ ရက်တွင် ကွင်းဆင်းကြည့်ရှုကာ သုတေသန တာဝန်ခံများအား သုတေသနလုပ်ငန်းများကို သိပ္ပံနည်းကျ ဆောင်ရွက်ရန်၊ စမ်းသပ်မှုများကို မျက်ခြည်မပြတ် လေ့လာသုတေသနပြုရန်နှင့် သုတေသနဌာနအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်၊ သုတေသနရလဒ်များသည် တောင်သူများအတွက်ဖြစ်၍ တောင်သူများ လက်ရှိ ရင်ဆိုင်နေရသည့် အခက်အခဲများကို လေ့လာပြီး သုတေသနများပြုလုပ်ကာ အမြဲမပြတ် ကြိုးစားဆောင်ရွက်ရန်နှင့် နိုင်ငံတော်က အားထားရသည့် သုတေသနပညာရှင်များ ဖြစ်လာစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ရန် တိုက်တွန်းမှာကြားကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ကျောက်ပန်းတောင်းမြို့နယ် လဲဂွရွာတွင် စမ်းသပ်စိုက်ပျိုးသည့် ပိန္နဲ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ

**ကျောက်ပန်းတောင်း မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်အုပ်စု လဲဂွရွာတွင် နိုင်ငံခြားမျိုးပိန္နဲ စမ်းသပ်စိုက်ပျိုးရာ သုံးနှစ်သားအရွယ်တွင် စတင်အသီး သီးပြီး လေးနှစ်သားအရွယ်တွင် စီးပွားဖြစ်စတင် ရောင်းချနေရပြီဖြစ်ကြောင်း လဲဂွကျေးရွာ ပိန္နဲစိုက်တောင်သူ ဦးသောင်းတင်ထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်အုပ်စုတွင် ကျေးရွာခုနစ်ရွာရှိပြီ ကျေးရွာခြောက်ရွာမှာ လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေစသည့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီး နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးကြသည့် အရပ်ဒေသဖြစ်ကာ ပိန္နဲကို ၂၀၁၇ ခုနှစ် ဧပြီလက စိုက်ပျိုးကြောင်း၊ ပိန္နဲပျိုးပင်ပေါက်များကို ပြင်ဦးလွင်မြို့မှ တစ်ပင်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ပျိုးပင် ၁၂၀ ကို ဝယ်ယူစိုက်ပျိုး ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် အသီးစတင်သီးပြီး လေးနှစ်မြောက်တွင် စီးပွားဖြစ် ဆွတ်ခူးရောင်းချရကြောင်း ၎င်းက ရှင်းပြသည်။

ပိန္နဲစိုက်ပျိုးပြီး ငါးနှစ်မြောက်တွင် ပိန္နဲပင်တစ်ပင်လျှင် အလုံး ၂၀ မှ ၃၀ အထိ သီးနေပြီဖြစ်ကာ ပိန္နဲသီးတစ်လုံးလျှင် ၇ ပိဿာမှ ၁၄ ပိဿာအထိရှိကြောင်း၊ ပိန္နဲသီးမှည့်ချိန် ခူးဆွတ်ရောင်းချရာတွင် တစ်လုံးချင်းရောင်းချခြင်း မဟုတ်ဘဲ ပိဿာချိန်ဖြင့် ရောင်းချရပြီး ပိန္နဲသီးတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ရောင်းချရခြင်းကြောင့် ၇ ပိဿာရှိလျှင် ငွေကျပ် ၇၀၀၀၊ ၁၄ ပိဿာရှိလျှင် ငွေကျပ် ၁၄၀၀၀ ရောင်းချနေရခြင်းကြောင့် နှစ်ရှည်သီးပင်ဖြစ်သည့် ပိန္နဲစိုက်ပျိုးသင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပိန္နဲသီးမှည့်ချိန်ဖြစ်သည့် တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန် ၊ ဝါဆို၊ ဝါခေါင်လတို့တွင် ပခုက္ကူ၊ မိတ္ထီလာ၊ ညောင်ဦး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ပုပ္ပားမြို့တို့မှ ပိန္နဲသီးပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြခြင်းကြောင့် စရိတ်သက်သာစွာဖြင့် အမြတ်ရရှိကြောင်း သိရသည်။

**မြင့်ကေခိုင်၊ မောင်မောင်ထိန်**

## ကျောက်တံခါးမြို့နယ်မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်တံခါး မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် အလယ်ကျွန်းကျေးရွာနှင့် သဲကောကျေးရွာတို့တွင် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် တာဝန်ရှိသူများက မတ် ၁၈ ရက်က ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီဝင်များ အချင်းချင်းစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ အာစီနှစ်ထပ် ရုံးအဆောက်အအုံတည်ဆောက်နေမှုနှင့် မြောက်စုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ဦးစီးမှူးက တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများအား မှာကြားသည်။

**တင်စိုး(ပဲခူး)**

## မြိတ်မြို့နယ်၌ ဆီထွက်နေကြာများ စမ်းသပ်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**မြိတ် မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နေကြာပင်များကို စမ်းသပ်စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနလက်ထောက်ဦးစီးမှူး ဦးအေးလွင်ထံမှ သိရသည်။

ယခုလက်ရှိ စမ်းသပ်စိုက်ပျိုးထားသော ဆီထွက်နေကြာကို နေပြည်တော်မှ မျိုးစေ့မှာယူ၍ စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာရှိ မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးအသိပညာပေးစင်တာအနီးရှိ ဌာနပိုင်လယ်ယာမြေပေါ်၌ နေကြာသုံးဧကခန့်ကို စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် မြိတ်ဒေသဘက်ရှိ မြေယာတို့နှင့် ကိုက်ညီမှုရှိပြီး အပင်ကြီးထွား၍ အောင်မြင်လျက်ရှိကြောင်း သိရသည်။

ယင်းဆီထွက် နေကြာပင်များကို စိုက်ပျိုးမည်ဆိုပါက လယ်ယာမြေများအတွင်း အစိုဓာတ်ရှိသည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် စတင်စိုက်ပျိုးရန် ရာသီအကောင်းဆုံးအချိန်ဖြစ်ကာ အစိုဓာတ် ရရှိနေသည့်အတွက် ရေလောင်းပေးရန် မလိုကြောင်း၊ နေကြာစတင် စိုက်ပျိုးသည့်အချိန်မှ နှစ်လကျော်တွင် ပန်းများပွင့်ပြီး နေကြာပန်းပွင့်များ ရင့်မှည့်ခြောက်သွားသည့် အချိန်တွင် အစေ့များ ထုတ်ယူနေလှန်း၍ ကြိတ်ခွဲပြီး နေကြာဆီ ထုတ်ယူရရှိနိုင်ကြောင်း သိရသည်။

မြိတ်ဒေသရှိ မြေယာများ၌ စိုက်ပျိုးရန် သင့်လျော်သည့် ဆီထွက်နေကြာများကို တောင်သူများနှင့်ဥယျာဉ်ခြံစိုက်ပျိုးရေးသမားများအနေဖြင့် စီးပွားဖြစ်တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပထမဦးစွာ စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် အောင်မြင်လျက်ရှိသဖြင့် ဆီထွက်နေကြာများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများ စိုက်ပျိုးလုပ်ကိုင်ပါက အောင်မြင်နိုင်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနခြံတွင် ကုလားပဲသီးနှံမျိုးများ သုတေသနပြုလုပ်နေ

**ကျောက်ဆည် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနခြံတွင် ကုလားပဲမျိုးများ သုတေသနပြုလုပ်နေသည့်အပြင် ဒေသအတွက် လိုအပ်လျက်ရှိသော ကုလားပဲမျိုးများ နှစ်စဉ် စိုက်ပျိုးဖြန့်ဖြူးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနခြံအနေဖြင့် နှစ်စဉ်မိုးနှောင်းရာသီတွင် ကုလားပဲသီးနှံများကို သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ယခုနှစ် ကုလားပဲသီးနှံများ သုတေသနပြုလုပ်ရာတွင် သက်လျှင်အစေ့ကြီး အမြစ်ရောဂါဒဏ်ခံနိုင်သော ကုလားပဲမျိုးရှာဖွေခြင်းများ အဓိကထားလုပ်ဆောင်လျက်ရှိကြောင်း မျိုးကူးစက်ခြင်း၊ သားဆက်အဆင့်ဆင့် ရွေးချယ်ခြင်း၊ အဆင့်ဆင့်အထွက်ယှဉ်ပြိုင်ခြင်း၊ အလားအလာကောင်းသော ကုလားပဲသီးနှံများကို နှစ်စဉ် မျိုးစေ့ပွားများ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သီးလုံးဖောက် ပိုးဒဏ်ခံနိုင်သည့် ကုလားပဲမျိုးများ ရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ဒေသအတွက် မျိုးလိုအပ်လျက်ရှိသော အထွက်ကောင်း ပိုးမွှားကင်းစင်သော ကုလားပဲမျိုးများဖြစ်သည့် ရေဆင်း(၆)၊ ရေဆင်း(၁၂) အနီ ကုလားပဲမျိုးများ၊ ရေဆင်း(၃)၊ ရေဆင်း(၈)၊ ရေဆင်း(၁၁)၊ ရေဆင်း(၁၃) အဖြူကုလားပဲများကို နှစ်စဉ် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း ခြံတာဝန်ခံ ဦးတင့်လွင်က ပြောပြသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ယခုနှစ်မိုးနှောင်း ရာသီတွင် ကုလားပဲစိုက်ဧက ၂၇၅၇၁ ဧကစိုက်ပျိုးခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျောက်ဖြူမြို့ လေပွေ့ချောင်းအတွင်း ရေငန်ပုစွန်သားပေါက် မျိုးစိုက်ထည့်

**ကျောက်ဖြူ မတ် ၂၁**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးသယံဇာတ မျိုးပြုန်းတီးနိုင်မှုမရှိစေဘဲ ရေရှည်ထုတ်လုပ်စားသုံးနိုင်ရေးအတွက် ရေငန်ပုစွန် သားပေါက်မျိုးစိုက်ထည့်ခြင်းကို မတ်လဒုတိယပတ်က လေပွေ့ချောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲလင်းမောင်က အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ဆင့်က ရေငန်ပုစွန်သားပေါက်မျိုးစိုက်ထည့်ရခြင်းနှင့် ပတ်သက်၍ ငါးသယံဇာတမျိုးပြုန်းတီးမှုမရှိစေဘဲ ရေရှည်ထုတ်လုပ်စားသုံးနိုင်ရန်နှင့် သဘာဝရေပြင်အတွင်း ငါး/ပုစွန်များ ပေါများစွာ တည်ရှိနေခြင်းဖြင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိကြစေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စခန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ ကမ်းနီး/ကမ်းဝေးငါးလုပ်ငန်းရှင်များနှင့် ရေထွက်ပစ္စည်းလုပ်ငန်းရှင်များက လေပွေ့ချောင်းအတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ လေးသိန်းနှင့် Breeder ကောင်ရေ ၃၂ ကောင်ကို မျိုးစိုက်ထည့်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

## ရပ်စောက်မြို့ ရွှေချင်းစိမ်း ချင်းမျိုးစေ့ထုတ် သမဝါယမအသင်းမှ မျိုးကောင်း မျိုးသန့်ချင်းများ စိုက်ပျိုးထုတ်လုပ်

**ရပ်စောက် မတ် ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် တောယားကျေးရွာရှိ ရွှေချင်းစိမ်းမျိုးစေ့ထုတ်သမဝါယမ အသင်းလီမိတက်မှ သမဝါယမအသင်းသားပိုင် မြေ ၅၂ ဧကပေါ်တွင် အရည်အသွေးကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်ချင်းများ စိုက်ပျိုးထားရှိပြီး ထွက်ရှိလာပါက မြို့နယ်သမဝါယမအသင်းစုများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့်ချိတ်ဆက်၍ သမဝါယမလမ်းကြောင်းမှတစ်ဆင့် ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လွယ်ကူရိုးရှင်း ဈေးကွက်လည်းဝင်တဲ့ သပြေပန်းစိုက်ပျိုးရေး

ဘုရားပန်းတင်တဲ့အခါ အောင်သပြေပန်းက မပါမဖြစ်ပါ။ အခုဆိုရင် ပန်းဈေးကွက်မှာ မြန်မာသပြေလို့ခေါ်တဲ့ အောင်သပြေညွန့်အပြင် အဲဒီအောင်သပြေကိုမှ ငုတ်လေးတွေ တူးရောင်းတဲ့ သပြေငုတ်၊ အညွန့်လေးတွေ ရဲရဲတောက်နေအောင် လှတဲ့ အာဆီယံသပြေ စတဲ့ သပြေပန်းမျိုးစုံကလည်း သူ့ဈေးကွက်နဲ့သူ နေရာယူလို့နေပါတယ်။

“ကျွန်တော်တို့ အမရပူရနယ်မှာတော့ လယ်ကန်သင်းရိုးမှာ သရက်ပင်တစ်ပင်နဲ့ တစ်ပင်ကြားထဲမှာ သပြေပင်စိုက်တယ်။ စပါးလည်းရတယ်။ သရက်သီးပေါ်ချိန်ဆို သရက်သီးလည်းရတယ်။ သပြေပန်းလည်း ခူးရောင်းလို့ရတယ်။ လယ်အဓိကစိုက်တဲ့ လယ်သမားတွေရဲ့ စုဘူးကတော့ သရက်နဲ့ သပြေပါ”လို့ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်က သပြေမျိုးစုံ စိုက်ပျိုးရောင်းချနေသူ ကိုရဲနိုင်ဝင်းက ပြောပါတယ်။

### သပြေပင်ကို ဘယ်အချိန်မှာ စိုက်ပျိုးလို့ရလဲ

သပြေပင်ကို ရာသီမရွေး စိုက်ပျိုးနိုင်ပါတယ်။ ရေကြိုက်တဲ့ အပင်အမျိုးအစားဖြစ်တာကိုတော့ သတိပြုရမှာမို့ သပြေပင်စိုက်တော့မယ်ဆိုရင် ရေရရှိတဲ့ အရပ်ဒေသ၊ ရေသွယ်ယူလို့ လွယ်ကူတဲ့ နေရာမျိုးတော့ဖြစ်ရပါမယ်။ သပြေပင်က နှစ်ရှည်ပင်အမျိုးအစားတစ်ခုလည်း ဖြစ်ပါတယ်။

### ရေဘယ်အချိန်တွေပေးရမလဲ

တစ်နှစ်ပတ်လုံး စပါးစိုက်တဲ့ တောင်သူတွေအတွက်တော့ စပါးနဲ့ သပြေပင် တွဲဖက်စိုက်ပျိုးတယ်ဆိုရင် ရေအတွက် အထူးပူစရာမရှိပေမယ့် ဧကပြတ်လိုက် သပြေ စီးပွားဖြစ်စိုက်တဲ့သူတွေကတော့ မနက်တစ်ရေ၊ ညနေတစ်ရေနှုန်းနဲ့ တစ်နေ့ကို ရေနှစ်ကြိမ်ပေးသင့်ပါတယ်။ သပြေပင်က အမြစ်ရှည်တဲ့အမျိုးဖြစ်ပြီး ရေကြိုက်တဲ့အပင်ဖြစ်လို့ပါ။ သပြေစိုက်ဖို့ မြေရွေးချယ်မယ်ဆိုရင် မြေချဉ်ငန်ကိန်း ၅ ဒသမ ၈ ကနေ ၈ ဒသမ ၅ ကြားက သပြေစိုက်ပျိုးလို့ အကောင်းဆုံးအနေအထားဖြစ်တယ်လို့ ပညာရှင်တွေက ပြောပါတယ်။ အာဆီယံသပြေ စီးပွားဖြစ်စိုက်ပျိုးနေတဲ့ ခြံတွေကို သွားရောက် လေ့လာကြည့်တော့ ပင်ရေစိပ်စိပ်နဲ့ စိုက်ကြတာကို တွေ့ရပါတယ်။ တန်းကြားကိုတော့ လူဝင်ထွက်လို့ရအောင်၊ သပြေညွန့်ခူးလို့ လွယ်အောင် ထားကြတယ်။ ပင်ကြားကိုတော့ ၁၈ လက်မလောက် ထားကြတယ်။ အာဆီယံသပြေမျိုးတင်မက သပြေငုတ်မျိုးစိုက်မယ်ဆိုရင်လည်း အပင်ရေကို ခပ်စိပ်စိပ်ပဲ ထားကြပါတယ်။

သပြေပျိုးပင်တွေကိုတော့ တစ်ပင်ကို ငွေကျပ် ၂၀ ကနေ ဈေးတအားတက်ချိန်ဆိုရင် ငွေကျပ် ၈၀ ဈေးတွေနဲ့ ဝယ်ယူစိုက်ပျိုးလို့ရပါတယ်။ သပြေငုတ်ကို တောင်စောင်းတွေမှာ အစိုက်များပြီး ဓာတ်မြေသြဇာကို အထူးအထွေ ကျွေးမွေးလေ့မရှိဘဲ တစ်နှစ်မှာ နှစ်ကြိမ်နှုန်းနဲ့ ယူရီးယားလို့ခေါ်တဲ့ ပုလဲမြေသြဇာကို ကျွေးလေ့ရှိပါတယ်။ တချို့တောင်သူတွေကလည်း ၁၅ ပတ်လည် မြေသြဇာကျွေးကြပါတယ်။ သပြေပင်မှာ အဓိက သတိထားရမှာကတော့ မြေအောင်းပိုးဖြစ်ပါတယ်။

### စိုက်ပျိုးပြီး ဘယ်လောက်ကြာရင် ဈေးကွက်ဝင်သလဲ

သပြေငုတ်တွေကိုတော့ စိုက်ပျိုးပြီး သုံးနှစ်ကနေ ငါးနှစ်အကြာမှာ ငုတ်တူးပြီးတော့ ဈေးကွက်ပို့နိုင်ပါတယ်။ အာဆီယံသပြေကိုတော့ ပြုစုမှုကောင်းရင်ကောင်းသလို ရှစ်လကနေ တစ်နှစ်ခွဲကာလမှာ ဈေးကွက် တင်ပို့နိုင်ပါပြီ။ နောက်ပိုင်းမှာတော့ ၁၅ ရက်တစ်ခါ ဖြတ်ရောင်းလို့ရပါတယ်။

### သပြေကို ဘယ်ဒေသတွေမှာ အဓိကစိုက်ပျိုးနေကြလဲ

မြန်မာနိုင်ငံမှာ သပြေပင်စိုက်ပျိုးရေးကို ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ တောင်ကြီး၊ ရွာငံဒေသတစ်ဝိုက်။ ပဲခူးရိုးမအနီးမှာရှိတဲ့ ရေနီ၊ ရေတာရှည်၊ တောင်ငူ၊ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ မန္တလေး၊ အမရပူရ၊ ဒဟပ်တော၊ ရေတံခွန်တောင်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ တိုက်ကြီး၊ မှော်ဘီ၊ ညောင်နှစ်ပင် စတဲ့ဒေသတွေမှာ အများဆုံး စိုက်ပျိုးနေပါတယ်။ ပဲခူးဘက်က သပြေတွေကိုတော့ နေပြည်တော်ဈေးကွက်ကို တင်ပို့တယ်။ အာဆီယံသပြေကတော့ မြို့ကြိုက် သပြေပါ။ သပြေငုတ်ကိုကျတော့ တာရှည်ခံတာကို ကြိုက်နှစ်သက်တဲ့သူတွေက အဝယ်များကြတယ်။ အာဆီယံသပြေကတော့ လှတယ်။ ရေရှည်တော့မခံဘူး။ သုံးရက်လောက်ဆို နွမ်းပါတယ်”လို့ ကိုရဲနိုင်ဝင်းက ဆက်လက်ပြောပြပါတယ်။

ရာသီမရွေး စိုက်ပျိုးနိုင်ပြီး မြန်မာလူမျိုးတိုင်းလည်း ကြိုက်နှစ်သက်ကြတဲ့ သပြေပင်လေးတွေ စိုက်ပျိုးရင်း စီးပွားဖြစ်ထွန်းနိုင်ကြပါစေ။

**နန်းထက်ထက်ချစ်**

# မြန်မာနိုင်ငံသားပါ

ဒေါင်

## ကိုသံချောင်း-မစာဥ တစ်ခန်းရပ်စကားပြောခန်း ၉

**“ကျွန်တော် ခုနကပြောတာတွေ ဆုံးရှုံးမှာပေါ့ဗျာ။ ခင်ဗျားအပြင်သွားတိုင်း မှတ်ပုံတင် မရှိတော့ ဘယ်သူမှန်းမသိဘူး။ ဘယ်သူကမှလည်း မယုံကြည်ဘူးပေါ့။ မင်္ဂလာဆောင် ရင်လည်း မှတ်ပုံတင် မပြနိုင်ရင် ဘယ်တရားသူကြီးကမှ အသိအမှတ်ပြုလက်မှတ်မထိုး ရဲဘူး။ ဒါဆိုရင် ခင်ဗျားတရားဝင် မင်္ဂလာဆောင်လို့ မရဘူးပေါ့။ ခရီးသွားရင်လည်း ခင်ဗျားကို ခဏတိုင်း မယုံသင်္ကာနဲ့စစ်ဆေးတာ ခံရနိုင်တာပေါ့။ အလုပ်လျှောက်တာ၊ ဘဏ်မှာ ငွေထုတ်တာ.... မျိုးစုံပေါ့ဗျာ။ သဘောကတော့ ခင်ဗျားက လူ့အခွင့်အရေး ဆုံးရှုံးသွားမှာပေါ့ဗျ။ ဒါကြောင့် အပျိုလူပျိုတွေ ခိုးရာလိုက်ပြေးတဲ့အခါ ဘာမှမပါချင်နေ မှတ်ပုံတင်လေးသာထည့်ခဲ့လို့ ပြောတတ်ကြတာပေါ့ဗျ”**

ပူအိုက်တဲ့ နွေနေ့လယ်ခင်းမို့ နေရထိုင်ရခက်လှသည်။ အိမ်တွင်းပုန်း ရသည်မှာလည်း အလွန်ပင်ပန်းပေစွ။ တစ်နေ့တစ်နေ့ တိုင်းပြည် အေးချမ်းအောင် ဆုတောင်းရသည်မှာလည်း ဘုရားမြတ်စွာပင် နားညည်းတော့ပေပြီဟု အောက်မေ့ရသည်။ ပျင်းပျင်းရှိသည်နှင့် “တို့သွေးလည်းမဟုတ်၊ တို့သားလည်းမဟုတ်၊ တို့အမျိုးလည်း မဟုတ်ပြီ....”

သီချင်းပင်မဆုံးလိုက်သေး နားထောင်မည့် ပရိသတ်က အိမ်အတွင်းသို့ အပြေးလှမ်းလာသည်ကို မြင်ရသည်။

“တယ်ဟုတ်တဲ့ ကိုသံချောင်းပါလားရှင့်။ သီချင်းလေး တညည်း ညည်းနဲ့ ဇိမ်ကျနေတယ်ပေါ့လေ။ ဆိုနေတဲ့သီချင်းကလည်း အဟုတ်ရှင်။ တို့သွေးလည်းမဟုတ်တဲ့လား ကျွန်မဖြင့် ရယ်ချင် တယ်ရှင့်။ တစ်ခါက ကလေးအမေက အဲဒီသီချင်းနဲ့ ကလေး သိပ်နေတာကို သူ့အမျိုးသားက တွေးမိပြီး ရန်ဖြစ်ကြသတဲ့”

အိမ်နီးချင်း ဒေါ်စာဥက စကားဆိုရင်း ကိုသံချောင်းအနီး ရောက်လာ၏။ သူ့အပြောကြောင့် သီချင်းပင်ဆက်မဆိုရဲတော့။

“ကျွန်တော်ဆိုတာကတော့ သီချင်းလေးရဲ့ တကယ့်အဓိပ္ပာယ်ကို စဉ်းစားပြီး ဆိုတာပါဗျ။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသား အချင်းချင်း ချစ်ခင်ရင်းနှီးစေလိုတဲ့စိတ်၊ တိုင်းတစ်ပါးသားကို အထင်မကြီးတဲ့စိတ်နဲ့ ရိုးရိုးသားသားဆိုနေတာပါ အပျိုကြီးရယ်”

“ဒါပေါ့ရှင့်။ ဒီမြေမှာကြီး၊ ဒီရေကိုသောက်တဲ့ မောင်နှမသားချင်းတွေ ပဲလေ။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဆိုတာ မြန်မာနိုင်ငံတော်ဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ ပြည်သူတိုင်း ရှိပါတယ်နော်။ ပြောရရင် ကျွန်မတို့ဆီမှာ မောင်နှမတွေကလည်း အတော်များတာလေနော်။ တိုင်းရင်းသား မျိုးနွယ်စုတွေ တစ်ရာကျော်ရှိတယ်ဆိုတာ နည်းမှ မနည်းတာပဲ”

“ကျွန်တော်ပြောချင်တာ အဲဒါပေါ့ဗျ။ တစ်မြေတည်းနေ တစ်ရေ တည်းသောက်ဆိုတာ နည်းတဲ့ကုသိုလ်လားဗျာ။ မိသားစုတစ်စုလိုပဲ အရပ်ရှည်သူ၊ တိုသူ၊ လှသူ၊ ရုပ်ဆိုးသူ၊ ပညာတတ်သူ၊ မတတ်သူ၊ ပိန်သူ၊ ဝသူဘယ်လိုလူပဲဖြစ်ဖြစ် မိသားစုဖြစ်လာပြီဆိုရင် တစ်ယောက် လိုအပ်ချက်ကို တစ်ယောက်ကဖေးမ အားလုံးသိုက်သိုက်ဝန်းဝန်းနဲ့ အပေးအယူမျှတမှသာ နေပျော်တာပေါ့ဗျာ။ ၅၄ သန်းသော ပြည်သူ အားလုံးဟာ မောင်နှမတွေပဲပေါ့ဗျာ။ ဒါနဲ့ခင်ဗျား မဲစာရင်းတွေ ပြန်စစ်ဆေးနေတာ လေ့လာကြည့်မိသေးလား”

“လေ့လာပ့ါရှင်။ ထူးခြားချက်ပြောရဦးမယ်။ လာမယ့်အထွေထွေ ရွေးကောက်ပွဲကျင်းပတဲ့အခါ နိုင်ငံသားစိစစ်ရေးကတ်မရှိရင် မဲပေးလို့ မရဘူးတဲ့ ကိုသံချောင်းရဲ့”

“အဲဒါမှ အဆင်ပြေမှာပေါ့ဗျာ။ တိကျတဲ့စာရင်းဇယားဆိုတာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အလိုအပ်ဆုံးနဲ့ အခြေခံအကျဆုံးအရာ ပဲလေ။ အဲဒီထဲမှာမှ မြန်မာနိုင်ငံရဲ့လူဦးရေစာရင်းတွေ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတွေက အင်မတန် အရေးကြီးဆုံးအရာတွေပေါ့ဗျာ။ လူတစ်ယောက်ဟာ နိုင်ငံသားဖြစ်ကြောင်း သက်သေခံနိုင်ဖို့အရေးကြီး တာပေါ့။ ဒါမှ အခြားနိုင်ငံကနေ ခိုးဝင်ပြီး နိုင်ငံသားအဖြစ် ဟန်ဆောင်ကြတာမျိုး မရှိတော့ဘူး။ ကိုယ်တိုင်လည်း ခိုင်ခိုင်မာမာနဲ့ “ငါဟဲ့ မြန်မာ” လို့ ကြွေးကြော်နိုင်မှာပေါ့ဗျ”

“ရှင်ကသာ ပြောနေတယ်။ ကျွန်မမိတ်ဆွေတစ်ယောက် ပြောတာ ကြားဖူးတယ်။ လူတစ်ယောက်တည်းနဲ့ မှတ်ပုံတင်နှစ်ခုကိုင်ထားတယ် ဆိုတာမျိုးရှိသတဲ့။ အချို့ဆိုရင် နယ်တွေမှာ မှတ်ပုံတင်တစ်ခု၊ မြို့ပေါ်မှာ မှတ်ပုံတင်တစ်ခုနဲ့တဲ့ရှင်။ မရိုးဖြောင့်တဲ့သဘောတွေပေါ့”

“မှန်တာပေါ့ဗျာ။ ဒါတွေကို အခုပြန်လည်စိစစ်တော့မှာပါ။ နောက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိတဲ့သူတွေကိုလည်း အမြန်ဆုံးထုတ်ပေးဖို့ ဆောင်ရွက်ပေးမယ်တဲ့။ နိုင်ငံတော်က သတ်မှတ်ကာလရောက်ရင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး ပြန်ကျင်းပပေးမှာလေဗျာ။ အဲဒီအခါကျ ကိုယ့်မှတ်ပုံတင်ကိုယ်ကိုင်ပြီး ဆန္ဒမဲပေးခွင့်ရသလို၊ မဲစာရင်းမှားယွင်းတာ၊ မှတ်ပုံတင်တွေ၊ သန်းခေါင်စာရင်းတွေ ထပ်နေတာကြောင့် မဲပေးခွင့်ရတဲ့နေရာ နှစ်နေရာ၊ သုံးနေရာ စသည်ဖြင့် မဖြစ်တော့ဘူးပေါ့”

“ဟုတ်ပ့ါရှင့်။ ဒါနဲ့ မှတ်ပုံတင်ရှိသူက မှတ်ပုံတင်မရှိသူနဲ့ ဘယ်လိုကွာသလဲရှင့်။ ကျွန်မတို့ကြားဖူးတာက အချို့နယ်တွေမှာဆိုရင် မှတ်ပုံတင်မရှိဘဲ ဒီအတိုင်းနေကြတာပဲမဟုတ်လား”

“မှတ်ပုံတင်လို့ခေါ်တဲ့ နိုင်ငံသားစိစစ်ရေးကတ်က ခင်ဗျားကို လူဖြစ်ကြောင်း ထောက်ခံပေးလိုက်တဲ့ကတ်ပေါ့ မစာဥရဲ့။ မြန်မာ တစ်ပြည်လုံး မှတ်ပုံတင်သာရှိရင် သွားလို့ရပြီပေါ့ဗျာ။ နိုင်ငံခြား သွားချင်ရင်လည်း ဒီကတ်ကလေးကို နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ ဌာနမှာ မဖြစ်မနေ ပြရတယ်ဗျာ။ စာမေးပွဲဖြေတာတွေ၊ အလုပ်အကိုင် ရာထူးနေရာ လျှောက်ထားတာတွေမှာလည်း ခင်ဗျားဘယ်သူဆိုတာ သိရအောင်တောင်းကြတယ်။ ဒါတင်မကသေးဘူး။ ခင်ဗျား မင်္ဂလာ ဆောင်ရင်လည်း လက်မှတ်ထိုးတဲ့အခါ မှတ်ပုံတင်ပြရမှာဗျ။ မဟုတ်ရင် ခင်ဗျားနာမည်သုံးပြီး အခြားတစ်ယောက်က ခင်ဗျားပါလို့ လိမ်ပြောနိုင်တာပေါ့။ ဒါတင်ဘယ်ကဦးမလဲ။ ခရီးသွားရင်လည်း မှတ်ပုံတင်မပါဘဲ သွားမရဘူးဗျ။ အခုခင်ဗျားက မှတ်ပုံတင်ရှိနေရင် ကျိန်းသေပေါက် မဲပေးလို့ရပြီလေ။ နောက်ဆုံး ကုန်ကုန်ပြောရရင် ခင်ဗျားတိမ်းပါးသွားရင်တောင် သေဆုံးကြောင်းလက်မှတ် ထုတ်ပေးဖို့ ခင်ဗျားမှတ်ပုံတင်ကို ပြဖို့လိုတယ်ဗျာ”

“ဒါဆိုရင် မှတ်ပုံတင်မရှိရင်ရောရှင်”

“ကျွန်တော် ခုနကပြောတာတွေ ဆုံးရှုံးမှာပေါ့ဗျာ။ ခင်ဗျား အပြင် သွားတိုင်း မှတ်ပုံတင်မရှိတော့ ဘယ်သူမှန်းမသိဘူး။ ဘယ်သူက မှလည်း မယုံကြည်ဘူးပေါ့။ မင်္ဂလာဆောင်ရင်လည်း မှတ်ပုံတင် မပြနိုင်ရင် ဘယ်တရားသူကြီးကမှ အသိအမှတ်ပြုလက်မှတ်မထိုးရဲဘူး။ ဒါဆိုရင် ခင်ဗျားတရားဝင်မင်္ဂလာဆောင်လို့ မရဘူးပေါ့။ ခရီးသွား ရင်လည်း ခင်ဗျားကို ခဏတိုင်းမယုံသင်္ကာနဲ့ စစ်ဆေးတာခံရနိုင် တာပေါ့။ အလုပ်လျှောက်တာ၊ ဘဏ်မှာ ငွေထုတ်တာ.... မျိုးစုံပေါ့ဗျာ။ သဘောကတော့ ခင်ဗျားက လူ့အခွင့်အရေးဆုံးရှုံးသွားမှာပေါ့ဗျ။ ဒါကြောင့် အပျိုလူပျိုတွေ ခိုးရာလိုက်ပြေးတဲ့အခါ ဘာမှမပါချင်နေ မှတ်ပုံတင်လေးသာ ထည့်ခဲ့လို့ ပြောတတ်ကြတာပေါ့ဗျ”

“နိုင်ငံအတွက်ကရော မှတ်ပုံတင်ကိုင်ထားတဲ့လူတွေချည်းပဲ ဆိုရင် ဘယ်လိုအကျိုးရှိမလဲရှင့်”

“အလွန်ကောင်းပေါ့ဗျာ။ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပေါ့။ တိကျတဲ့လူဦးရေ စာရင်းရမယ်ဗျာ။ အဲဒါဆိုရင် အလုပ်အကိုင်တွေ ခွဲခြားတာ၊ နေရာအလိုက် လူဦးရေပျံ့နှံ့ နှုန်းတွေသိရမယ်၊ အလုပ် လက်မဲ့ဦးရေတွေပေါ်ထွက်လာမယ်၊ အခြားအခြားသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကိန်းကဏန်းအချက်အလက်တွေ ပြုစုရလွယ်လာ မယ်ဗျာ။ မြန်မာနိုင်ငံသားမဟုတ်ဘဲ တရားမဝင် လာရောက်နေထိုင် တဲ့သူတွေကို ဖော်ထုတ်နိုင်မယ်ဗျာ။ မှုခင်းတွေ၊ မကောင်းမှုဒုစရိုက် တွေကို ဖော်ထုတ်ရလွယ်လာမယ်ဗျာ။ လူဆိုး စာရင်းပြုစုရလွယ်တာ ကြောင့် လူဆိုးတွေ မြန်မြန်ဆန်ဆန် အကျင့်ပြင်လာမယ်ဗျာ။ ကိုယ့်နိုင်ငံသားတွေရဲ့ လိုအပ်ချက်တွေကို အချက်အလက်တွေရရှိပြီး

*စာမျက်နှာ ၂၅ သို့*

**‘ အဲဒါမှ အဆင်ပြေမှာပေါ့ဗျာ။ တိကျတဲ့စာရင်းဇယားဆိုတာ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ဖို့ အလိုအပ်ဆုံးနဲ့ အခြေခံအကျဆုံးအရာပဲလေ။ အဲဒီထဲမှာမှ မြန်မာ နိုင်ငံရဲ့ လူဦးရေစာရင်းတွေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေက အင်မတန် အရေးကြီးဆုံးအရာတွေပေါ့ဗျာ။ လူတစ်ယောက်ဟာ နိုင်ငံသားဖြစ်ကြောင်း သက်သေခံနိုင်ဖို့အရေးကြီးတာပေါ့။ ဒါမှ အခြားနိုင်ငံကနေ ခိုးဝင်ပြီး နိုင်ငံသား အဖြစ် ဟန်ဆောင်ကြတာမျိုး မရှိတော့ဘူး။ ကိုယ်တိုင်လည်း ခိုင်ခိုင်မာမာနဲ့ “ငါဟဲ့ မြန်မာ” လို့ ကြွေးကြော်နိုင်မှာပေါ့ဗျ ’**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မြင်းခြံမြို့တို့တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအား ဖြိုခွဲထိန်းသိမ်း

**နေပြည်တော် မတ် ၂၁**

ဆူပူအကြမ်းဖက်သူများက အများပြည်သူအသုံးပြု လျက်ရှိသောလမ်းမကြီးများ၊ လမ်းသွယ်များအား အတားအဆီးများဖြင့် ပိတ်ဆို့တားဆီးခြင်းများ ပြုလုပ်လျက်ရှိသောကြောင့် သွားလာမှုများတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အတားအဆီးများ ရှင်းလင်းဖယ်ရှား ရေးနှင့် လမ်းများ ပြန်လည်အသုံးပြုနိုင်ရေးတို့ အတွက် လူအင်အား၊ ယာဉ်/ယန္တရားအင်အားတို့ဖြင့် နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိစဉ် မတ် ၂၁ ရက် နံနက် ၁၀ နာရီခန့်တွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ဗိုလ်တေဇလမ်းနှင့် မေတ္တာလမ်းဆုံတွင် ဆူပူအကြမ်း ဖက်သူ အင်အား ၂၅၀ ဦးခန့်က လမ်းမကြီးအား အတားအဆီးများဖြင့်ပိတ်ဆို့၍ အများပြည်သူ သွားလာရေးကို နှောင့်ယှက်လျက်ရှိကြောင်း သိရှိရဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အခြေအနေအား ထိန်းသိမ်းဖြေလျှော့ ရန် သွားရောက်ဆောင်ရွက်ပေးသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူ များ အတားဆီးများမပြုလုပ်ရေးနှင့် လူစုခွဲပေးရေး ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများက လိုက်နာမှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသက်အန္တရာယ်ထိခိုက် စေနိုင်သည်အထိ ဂက်(စ်)သေနတ်၊ လေးခွ၊ ဂျင်ကလိ၊ မိုန်း၊ ဓာတ်ဆီပုလင်း၊ မီးရှူးမီးပန်း၊ ဖြောက်အိုးများဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက် များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရသည်။

ဆူပူအကြမ်းဖက်သူများကို လူစုခွဲခဲ့ရာတွင် လူအုပ်စုအတွင်းမှ အမျိုးသား ၁ ဦးမှာ ထိခိုက်ဒဏ်ရာ များရရှိကာ သေဆုံးခဲ့ကြောင်းနှင့် ရဲလုပ်ငန်းများနှင့် အညီ သေမှုသေခင်းရေးဖွင့်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်ခန့်တွင် ချမ်းမြသာစည်မြို့နယ် ၁၀၆ လမ်း (၅၂ လမ်းနှင့် ၅၃ လမ်း)ကြား၌ ဆူပူအကြမ်းဖက်သူ လူစုလူဝေး ၁၅၀ ဦးခန့်သည် အတားအဆီးများဖြင့် လမ်းပိတ်ဆို့ ခြင်း၊ အော်ဟစ်ဆူပူဆဲဆိုခြင်းများ ပြုလုပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂျင်ကလိ၊ လေးခွ၊ မီးကွင်းများ၊ လက်လုပ်သေနတ်များဖြင့် အရက်မူးရူး ခြင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲထားခြင်း စသည့်ပုံသဏ္ဌာန်များဖြင့် အသိဉာဏ် ဆင်ခြင်တုံ တရားကင်းမဲ့စွာ အကြမ်းဖက်ပစ်ခတ်ခြင်းများ ပြုလုပ်၍ ရန်ပြုတိုက်ခိုက်ကြသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်သူ လူစု လူဝေးအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက် ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက် များအား လုယူရန်အထိ ကြံရွယ်ဆောင်ရွက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ပစ်ခတ် လူစုခွဲခဲ့ရာ ဆူပူအကြမ်းဖက်သူများအနက်မှ အမျိုးသား ၁ ဦး ဒဏ်ရာရသေဆုံးခဲ့ကြောင်း သိရှိ ရသည်။ အဆိုပါ သေဆုံးမှုအတွက် ရဲလုပ်ငန်းစဉ် များနှင့်အညီ သေမှုသေခင်းဖွင့်လှစ် ဆောင်ရွက် လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အောင်ပင်လယ် ရပ်ကွက်၊ ထွန်တုံးရပ်ကွက်နှင့် အောင်မြေသာစံ မြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်များနှင့် မြင်းခြံ မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ယနေ့နံနက် ပိုင်းတွင် အများပြည်သူ သွားလာရေးအဆင်ပြေစေရန် လမ်းများပေါ်ရှိ အတားအဆီးများကို လူအင်အား၊ ယာဉ်/ယန္တရား အင်အားတို့ဖြင့် ရှင်းလင်းမှုများ ဆောင်ရွက်ပေးစဉ် ဆူပူအကြမ်းဖက်သူများက မီးပုလင်းများပစ်ပေါက်ခြင်း၊ တုတ်၊ ဓား၊ ဂျင်ကလိ၊ လေးခွများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား၊ အနိမ့်ဆုံး အဆင့်ဖြင့် ဖြေလျှော့ရှင်းလင်းခဲ့ပြီး အကြမ်းဖက်မှု တွင် ပါဝင်ပတ်သက်သူ အမျိုးသား ၃၀ ဦးအား ခေတ္တထိန်းသိမ်းခဲ့ပြီး လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ ရွှေ့ရပ်ကွက် ၉၁ လမ်းရှိ တိုက်ခန်းတစ်ခန်းပေါ်မှ အမျိုးသမီးတစ်ဦး ပြုတ်ကျသေဆုံး

**နေပြည်တော် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/ရွှေ့ရပ်ကွက် ၉၁ လမ်းအတွင်းရှိ တိုက်အမှတ် (၁၀၀) (၆)လွှာ တိုက်ခန်း၌ နေထိုင်သည့် အမျိုးသမီးတစ်ဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် ၎င်းနေထိုင်သည့် နေအိမ်အခန်းနောက် ပြတင်းပေါက်မှ အရှိန်လွန်ကာ မတော်တဆပြုတ်ကျ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/ ရွှေ့ရပ်ကွက် ၉၁ လမ်းအတွင်းရှိ တိုက်ခန်းများအတွင်း CDM လှုပ်ရှားသူများ ရောက်ရှိနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက် အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်စစ်ဆေးခဲ့ရာ ဆူပူဆန္ဒပြမှုကို လှုံ့ဆော်သည့်စာတန်းများ ကိုလည်းကောင်း၊ ဆူပူဆန္ဒပြမှုတွင်ပါဝင်သည့် မှတ်တမ်းဓာတ်ပုံများ ပါရှိသော လက်ကိုင်ဖုန်းများနှင့်အတူ တိုက်အမှတ် (၁၀၃/ အေ) မြေညီထပ်ရှိ ZNT ဖက်ရှင်စတိုးဆိုင်အတွင်းမှ ယမင်းနန္ဒာလွင် အသက် ၂၂ နှစ်(ဘ)ဦးခင်မောင်လွင်နှင့် တိုက်အမှတ် (၁၀၀) (၅)လွှာ လက်ယာဘက်အခန်းမှ ဦးသက်နိုင်ထွန်း အသက် ၃၂ နှစ် (ဘ) ဦးညီညီဇော်တို့အား လည်းကောင်း စစ်ဆေးတွေ့ရှိရသဖြင့် လိုအပ် သည်များ စစ်ဆေးနိုင်ရန် ထိန်းသိမ်းခဲ့သည်။

ဦးသက်နိုင်ထွန်း၏ တိုက်ခန်းအား ဝင်ရောက်စစ်ဆေးစဉ် ၎င်းတိုက်ခန်း၏ နောက်ဖေးလမ်းကြားဘက်မှ ပြုတ်ကျသံကြားရ သဖြင့် သွားရောက်စစ်ဆေးရာ တိုက်အမှတ် (၁၀၀) (၆)လွှာ လက်ယာဘက်အခန်းတွင် ငှားရမ်းနေထိုင်သော မလျှံဖွားလီး အသက် ၃၅ နှစ် (ဘ) ဦးကောဂူးမား ဆိုသူဖြစ်ပြီး တိုက်ခန်း၏ နောက်ဖေး လမ်းကြား ကွန်ကရစ်ပေါ်တွင် မှောက်လျက်အနေအထားဖြင့် ပြုတ်ကျနေသည်ကို တွေ့ရှိရသည်။

ပတ်ဝန်းကျင် မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ မလျှံဖွားလီးသည် ၎င်းနေထိုင်သည့် နေအိမ်အခန်းနောက် ပြတင်း ပေါက်မှ အရှိန်လွန်ကာ မတော်တဆ ပြုတ်ကျခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ပြုတ်ကျခြင်းကြောင့် မလျှံဖွားလီး၏ ဝဲဘက်ပါး၊ ဝဲနားထင် ဖူးရောင်၊ နှာခေါင်း၊ ပါးစပ်တို့မှ သွေးထွက်ဒဏ်ရာများ ရရှိခဲ့သဖြင့် လူမှုကူညီရေးအသင်း အရေးပေါ်လူနာတင်ယာဉ်ဖြင့် တပ်မတော် ဆေးရုံသို့ အချိန်မီ ပို့ဆောင်ခဲ့သော်လည်း ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သေဆုံးမှုနှင့် ပတ်သက်၍ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

*စာမျက်နှာ ၂၄ မှ*

မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးလာနိုင်မယ်ဗျာ။ အမျိုးသားအဆင့် မဟာဗျူဟာတွေ ရေးဆွဲတဲ့အခါမှာလည်း တိကျတဲ့လူဦးရေ၊ နိုင်ငံသားစာရင်းတွေကိုကြည့်ပြီး ပိုကောင်းတဲ့ မဟာဗျူဟာတွေ ချမှတ်နိုင်မယ်ဗျာ။ အကောင်းဆုံးကတော့ မဲပေးတဲ့အခါ ပိုပြီးတိတိကျကျ ဆောင်ရွက်လာနိုင်ပြီး မဲမသမာမှုတွေ ချုပ်ငြိမ်းသွားမယ်ဗျာ”

“ကိုသံချောင်းပြောတာတော့အဟုတ်ပဲရှင်။ ဒါပေမယ့် မှတ်ပုံတင် လုပ်ရတာက ခက်တယ်ရှင့်။ ဖြည့်ရတဲ့ဖောင်ဆိုတာကလည်း ပြောမနေနဲ့။ အချို့က သွေးနှောတယ်လေ။ အဲဒီလို သွေးနှောတွေ ကိုလည်း လွယ်လွယ်ကူကူနဲ့မှတ်ပုံတင်ရအောင် လုပ်ပေးစေချင်တာ”

“ဒါပေါ့ဗျာ။ အဲဒါတွေကို မစာဥ မပူပါနဲ့တော့ဗျ။ အခုအချိန်မှာ နိုင်ငံတော်ကနေ မြန်မာနိုင်ငံသားစစ်မှန်တဲ့သူတိုင်းကို နိုင်ငံသား စိစစ်ရေးကတ်(မှတ်ပုံတင်)တွေရအောင် လုပ်ဆောင်ပေးပါလိမ့်မယ်။ အကယ်၍ မစာဥကသာ မြန်မာနိုင်ငံသားမိဘကမွေးပြီး မြန်မာနိုင်ငံ သားစစ်စစ်ဖြစ်တယ်ဆိုရင်ပေါ့လေ။ တကယ်လို့ အခြားနိုင်ငံမှာမွေးပြီး မြန်မာနိုင်ငံသားဖြစ်ချင်ရင်လည်း စနစ်တကျနဲ့ အစစ်အဆေးခံပြီး လုပ်ထုံးလုပ်နည်းတွေအတိုင်း နိုင်ငံသားလျှောက်ထားပေါ့ဗျာ။ ဒါဆိုရင် အဆင်ပြေမှာပါ”

**“ဒါပေါ့ဗျာ။ အဲဒါတွေကို မစာဥ မပူပါနဲ့တော့ဗျ။ အခုအချိန်မှာ နိုင်ငံတော်ကနေ မြန်မာနိုင်ငံသားစစ်မှန်တဲ့သူတိုင်းကို နိုင်ငံသားစိစစ်ရေးကတ် (မှတ်ပုံတင်)တွေရအောင် လုပ်ဆောင်ပေးပါလိမ့်မယ်။ အကယ်၍ မစာဥ ကသာ မြန်မာနိုင်ငံသားမိဘကမွေးပြီး မြန်မာနိုင်ငံသားစစ်စစ်ဖြစ်တယ် ဆိုရင်ပေါ့လေ။ တကယ်လို့ အခြားနိုင်ငံမှာမွေးပြီး မြန်မာနိုင်ငံသားဖြစ်ချင် ရင်လည်း စနစ်တကျနဲ့ အစစ်အဆေးခံပြီး လုပ်ထုံးလုပ်နည်းတွေအတိုင်း နိုင်ငံသားလျှောက်ထားပေါ့ဗျာ။ ဒါဆိုရင် အဆင်ပြေမှာပါ”**

“အမလေး ကျွန်မက မြန်မာနိုင်ငံသားစစ်စစ်ပါရှင့်။ စစ်စစ်နဲ့ တောင်မြည်ပါသေးတယ်။ နိုင်ငံသားစိစစ်ရေးကတ်မရှိသူတွေကိုလည်း ရှိစေချင်တယ်တော်ရေ။ ရှင်ပြောသလို လူဖြစ်ကြောင်း သက်သေခံ ပေါ့ရှင်”

“ဟုတ်ပါဗျာ။ ဒါမှသာ လူရာဝင်တော့မပေါ့”

မစာဥအတွက် ထည့်ပေးထားသည့် ရေနွေးကြမ်းခွက်မှာ အေးစက် လျက်ရှိနေပြီဖြစ်၏။ ရှမ်းလက်ဖက်ခြောက်ကောင်းကောင်းခပ်ထား သည့် ရေနွေးကြမ်းခွက်တွင် လက်ဖက်ရိုးတစ်ရိုး ထောင်လျက်သား ရှိနေသည်။ အိမ်သို့ဧည့်သည်လာတတ်သည့် နိမိတ်ပေလား။ ဧည့်ကောင်းဆောင်ကောင်းဖြစ်ဖို့အပြင် မှတ်ပုံတင်လည်းပါဖို့တော့ ကိုသံချောင်း မျှော်လင့်မိပါတော့သည်။

# ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက IDPs စခန်းများမှ နေရပ်ကျေးရွာသို့ ပြန်လည်နေထိုင်သော ပြည်သူများအား ဆန်၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**မြစ်ကြီးနား မတ် ၂၁**

ကချင်ပြည်နယ်အတွင်းရှိ IDPs စခန်းများတွင် နေထိုင်ခဲ့ရာမှ မူလနေရပ်ဖြစ်သည့် ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာသို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်လျက်ရှိသော ပြည်သူများအတွက် ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဆန်ရိက္ခာနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၂၀ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဆန်နှင့် စားကုန်များ ထောက်ပံ့ပေးအပ်ပွဲတွင် ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာ၍ IDPs စခန်းများသို့ ရောက်နေကြသည့် ပြည်သူများအနေဖြင့် ၎င်းတို့၏ မူလနေရပ်များသို့ ပြန်လည်အခြေချ နေထိုင်နိုင်ရေးသည် စစ်မှန်သည့်ငြိမ်းချမ်းရေးကို ရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်ဟု ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ IDPs စခန်းများမှ ပြည်သူများ နေရပ်သို့ ပြန်လည်အခြေချ နေထိုင်နိုင်ရေးအတွက် မိမိတို့ကောင်စီအနေဖြင့် အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းညှိနှိုင်းပြီး ပြည်သူများနှင့်အတူ လက်တွဲ၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်လင်းအောင်၊ ဦးမျိုးဆွေ၊ ဦးတိန့်ဆောင်နှင့် ပြည်နယ်ဥပဒေချုပ် ဒေါ်နန်းလှလှအေးတို့က နန်ဆန်ယန်ကျေးရွာသို့ ပြန်လည်ပြောင်းရွှေ့ အခြေချနေထိုင်လျက်ရှိသော အိမ်ထောင်စု ၁၁၆ စုတို့အတွက် ဆန်အိတ် ၁၀၀၊ ဟင်းချက်ဆီဘူး ၁၀၀၊ ဆားအထုပ် ၂၀၀ နှင့် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ် ၁၀၀၀၀ စီဖြင့် စုစုပေါင်းတန်ဖိုး ကျပ် ၅၃ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့သလို အလှူရှင် ခိုင်ခန့်မြကုမ္ပဏီကလည်း ဆန် ၂၇ အိတ်ကို ထောက်ပံ့ပေးအပ်ကာ ဒေသခံပြည်သူများက လက်ခံရယူသည်။

ထို့နောက် ကျေးရွာနေပြည်သူများကိုယ်စား ဘုန်းတော်ကြီး ဖာသာ ဒေါက်တာဂေါလူယုံဝါက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခမ်းအနား တက်ရောက်ကြသည့် နန်ဆန်ယန်ကျေးရွာနေ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**




ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က စားကုန်များ ထောက်ပံ့ပေးအပ်နေစဉ်

# မိုင်းယောင်း-မိုင်းယု ကားလမ်းမတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်နီးပါးပြီးစီး

**မိုင်းယု မတ် ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်းရှိ မိုင်းယောင်း-မိုင်းယု ကားလမ်းမပေါ်၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ် (ပြင်/ထိန်း)ခွင့်ပြုရန်ပုံငွေများဖြင့် မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့ လမ်းဦးစီးဌာနတို့က ဒီဇင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနက တာဝန်ယူ၍ ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်(ပြင်/ထိန်း) ခွင့်ပြု ရန်ပုံငွေ ကျပ် ၁၇၁ ဒသမ ၇ သန်းဖြင့် မိုင်းယောင်း-မိုင်းယု ကားလမ်း၏ ၁၃ ဒသမ ၈၇ ကီလိုမီတာနှင့် ၁၄ ဒသမ ၈၈ မီတာအကြားရှိ လမ်းအရှည် ၁၀၁၀ မီတာ၌ အကျယ် ၃ ဒသမ ၆၆ မီတာ ထပ်ပိုးလွှာခင်းခြင်းကိုလည်းကောင်း၊ ပြည်နယ် (ပြင်/ထိန်း) ခွင့်ပြုရန်ပုံငွေ ကျပ် ၄၃ ဒသမ ၈ သန်းဖြင့် မိုင်းယုမြို့အဝင်လမ်းမ၌ အရှည် မီတာ ၂၅၀၊ အကျယ် ၃ ဒသမ ၆၆ မီတာ ကတ္တရာထပ်ပိုး လွှာခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ ယင်းလုပ်ငန်းများအားလုံး ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

မိုင်းယောင်း-မိုင်းယု ကားလမ်းမကြီးသည် ယခင်ကပင် ကတ္တရာလမ်း ခင်းထားခြင်းဖြစ်သော်လည်း နယ်စပ်ဒေသ ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်သောကြောင့် အနယ်နယ် အရပ်ရပ်မှ ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင် လိုင်းကားများနှင့် ဆိုင်ကယ်များ ရာသီမရွေး သွားလာနေကြသည့်အတွက် အဆိုပါ ကတ္တရာလမ်းမှာ ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကာ အချို့နေရာများတွင် ချိုင့်ခွက်ကြီးများပါ ဖြစ်ပေါ်နေသည့်အတွက် လမ်းဦးစီးဌာနက ကတ္တရာထပ်ပိုးလွှာ ထပ်မံခင်းပေးခြင်းဖြစ်ပြီး လုပ်ငန်းများကို မတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုနိုင်(မိုင်းယု)**



# ထိုင်းနိုင်ငံဘက်မှ ပြစ်ဒဏ်စေ့ မြန်မာနိုင်ငံသားများကို တာချီလိတ်မြို့၌ မြန်မာတာဝန်ရှိသူများ လက်ခံ

**တာချီလိတ် မတ် ၂၁**

အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံမှ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံခဲ့ရပြီးနောက် ပြစ်ဒဏ်စေ့သည့် မြန်မာနိုင်ငံသား ၂၅ ဦးကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် မတ် ၂၁ ရက်က ပြန်လည်လွှဲပြောင်းပေးခဲ့ရာ မြန်မာတာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီး လွှဲပြောင်းပေးလာသော မြန်မာနိုင်ငံသား အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၃ ဦး၊ စုစုပေါင်း ၂၅ ဦးတို့အား ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများနှင့် မြန်မာ-ထိုင်း ဆက်ဆံရေးအရာရှိ ခရိုင်ရုံးမှ ဦးထွန်းတို့က ပြန်လည်ပို့ဆောင်ပေးခဲ့ကြခြင်းဖြစ်ကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများက ပြန်လည်လက်ခံခဲ့ခြင်းဖြစ်သည်။

ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား တပ်မတော်ဆေးတပ်ဖွဲ့က ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် RDT(Test kit)ဖြင့် ကိုဗစ်-၁၉ ပိုး ရှိ/မရှိ စစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်ပေးပြီး ဆေးထောက်ခံချက်လက်မှတ်များ ထုတ်ပေးခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရောက်ရှိလာသူများအား နေထိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စာရင်းများကောက်ယူပြီး မိမိနေရပ်သို့ပြန်နိုင်ရေး မော်တော်ယာဉ်များစီစဉ်ပေးကာ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း၊ တာချီလိတ်ဒေသခံ ငါးဦးကိုမူ မိုးကုတ်ရိပ်သာ၌ အသွားအလာကန့်သတ် စောင့်ကြည့်ထားရှိမည်ဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံမှ သိရသည်။ **ယာဆေး(ပြန်/ဆက်)**

# ယုဇနဥယျာဉ်မြို့တော်၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အခမဲ့ဆေးခန်းဖွင့်လှစ်

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်နေ ပြည်သူများအား အထွေထွေ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှု ဆောင်ရွက်ပေးနိုင်ရန်အတွက် အခမဲ့ဆေးခန်းကို (ဘီ) ဘလောက် လမ်းမပေါ်ရှိ တိုက် ၂၈၊ အခန်း (၀၀၂) မြေညီထပ်၌ မတ် ၂၁ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အခမဲ့ဆေးခန်းကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကြက်ခြေနီအသင်းခွဲက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ကာ ရက်သတ္တ တစ်ပတ်လျှင် တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး (သုံးရက်) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဆေးခန်းတွင် ပြင်ပမှ စေတနာရှင် ဆရာဝန်များဖြစ်ကြသော ဒေါက်တာ ဇော်လင်းဗိုလ်၊ ဒေါက်တာ ကျော်မင်းထွန်းနှင့် ဒေါက်တာခင်မြင့်ကြူတို့က အလှည့်ကျ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့်တွဲဖက်၍ ပြည်သူများ၏ အထွေထွေရောဂါများကို အခမဲ့ ကုသပေးမည်ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**



# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဧရာဝတီတိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက အလှူငွေများနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက (၇၆)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ နယ်မြေခံ တပ်မတော် ဆေးတပ်ရင်း၌ ဆေးဝါးကုသပေးလျက်ရှိသော ပါရဂူမျာ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ဆေးရုံတက်ရောက်ပြီး မီးဖွားလျက်ရှိသော ဒေသခံပြည်သူများအတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က အနောက်တောင်တိုင်း စစ်ဌာနချုပ် ညှိနှိုင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ ကိုယ်စား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်တွင် ကျင်းပမည့် (၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်များ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်း၊ နယ်မြေခံ တပ်မတော်ဆေးတပ်ရင်း၌ ဆေးဝါးကုသပေးလျက်ရှိသော ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ နှင့် ဆေးရုံတက်ရောက်ပြီး မီးဖွားလျက်ရှိသော ဒေသခံ ပြည်သူများအတွက် ဆေးရုံသုံး ပစ္စည်းများပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ် ကြောင်း သိရသည်။

**သတင်းစဉ်**




ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက လှူဒါန်းသည့်ပစ္စည်းများအား ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ လက်ခံရယူစဉ်။

## ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ လှူဒါန်း

**ကော့သောင်း မတ် ၂၁**

ကော့သောင်းခရိုင် ကျန်းမာရေးဌာနသို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက လှူဒါန်းရာ ကော့သောင်းမြို့နယ်မှ တာဝန်ရှိသူများက မတ် ၁၉ ရက် နံနက်ပိုင်းက လက်ခံယူကြသည်။

ယင်းသို့ လှူဒါန်းရာတွင် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ငွေကျပ် ၁၈၃၀၉၀၀၀ ခန့် တန်ဖိုးရှိ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်း ၁၂ မျိုးကို ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ရနောင်းခရိုင် ဆရာဝန်ကြီးက လွှဲပြောင်းပေးအပ်ရာ ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလင်းထိုက်နှင့် တာဝန်ရှိသူများက ရနောင်းခရိုင် ဟင်းခြံရပ်ကွက် ရေနက်ဆိပ်ကမ်းနားနေဆောင်၌ လက်ခံယူကြသည်။

ကော့သောင်းမြို့ တာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ကော့သောင်းမြို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ရနောင်းခရိုင်မှ တာဝန်ရှိသူများအနေဖြင့်လည်း အိမ်နီးချင်းကောင်းပီသစွာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# အဲဗာတန်ကို အနိုင်ယူပြီး အက်ဖ်အေဖလား ဆီမီးဖိုင်နယ်သို့ သုံးနှစ်ဆက် တက်လှမ်းခဲ့တဲ့ မန်စီးတီး



အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် နည်းပြ အန်ဆယ်လော့တီ၏ အဲဗာတန်အသင်းနှင့် နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းတို့ပွဲစဉ်ကို မတ် ၂၁ ရက် နံနက်အစောပိုင်းက အဲဗာတန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ မန်စီးတီးအသင်းအတွက် ဂိုးများကို ဂန်ဒိုဂန်နှင့် ဒီဘရိုင်းတို့က သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် အဲဗာတန်အသင်းသည် ကိုးမန်း၊ အယ်လန်း၊ ဂိုမက်၊ ဒဂ်နီ၊ ဆီဂတ်ဆန်၊ ကားဗက်လီဝင်၊ ရစ်ချတ်လီဆန်စသည့်ကစားများဖြင့် ပွဲထွက်လာခဲ့သည်။ မန်စီးတီးအသင်းက ဆီးဗားလ်၊ ဂန်ဒိုဂန်၊ ဖာနန်ဒင်ဟို၊ ဖိုဒင်၊ ဂျီးဆပ်စ်၊ စတားလင်းစသည့်ကစားများဖြင့် အဲဗာတန်အသင်းကို ရင်ဆိုင်လာခဲ့သည်။

## ပြိုင်ပွဲစုံသွင်းဂိုး ၁၆ ဂိုးအထိ ရှိလာ

နောက်တစ်ဆင့်တက်ရောက်နိုင်ရေးအတွက် နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည့်အတွက် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်လာခဲ့သည်။ သို့သော်လည်း ပထမပိုင်း ပွဲချိန်အတွင်း ဂိုးမရှိသရေဖြင့်သာ ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်လာခဲ့သော်လည်း ပွဲချိန် မိနစ် ၈၀ အထိ သွင်းဂိုးများကို မမြင်တွေ့ခဲ့ရပေ။ ပွဲချိန် ၈၄ မိနစ်တွင် မန်စီးတီးအသင်း အဖွင့်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ယခုနှစ်ရာသီ မန်စီးတီးအသင်းအတွက် ခြေစွမ်းပြသနေသည့် ဂန်ဒိုဂန်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်းပွဲချိန်ပြီးဆုံးခါနီးတွင် မန်စီးတီးအသင်း ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ရိုဒရီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒီဘရိုင်းက သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်သို့ သုံးနှစ်ဆက် တက်ရောက်နိုင်ခဲ့သည်။ တစ်ဂိုး သွင်းယူနိုင်ခဲ့သော ဂန်ဒိုဂန်သည် ယခုနှစ်ရာသီ အသင်းအတွက် ပြိုင်ပွဲစုံ သွင်းဂိုး ၁၆ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ အဲဗာတန်အသင်းသည် မန်စီးတီးအသင်းနှင့်တွေ့ဆုံခဲ့သည့် နောက်ဆုံးခြောက်ကြိမ်တွင် ခြောက်ကြိမ်စလုံးရှုံးနိမ့်ထားမှုကို မချေဖျက်နိုင်ခဲ့ဘဲ ရှုံးပွဲနှင့်ထပ်မံကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ လာမည့်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းသည် ပရီမီယာလိဂ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မန်စီးတီးအသင်းက ပရီမီယာလိဂ်တွင် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘုန်းမောက်နှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် ဆောက်သမ်တန်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

# စတုဂတ်ကို ဂိုးပြတ်အနိုင်ယူခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်း

ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၆) အဖြစ် အမှတ်ပေးဇယားဦးဆောင်သူ ဘိုင်ယန်မြူးနစ်အသင်းနှင့် စတုဂတ်အသင်းတို့ပွဲစဉ်ကို စနေနေ့ညပိုင်းက ဘိုင်ယန်မြူးနစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဂိုးများကို လီဝမ်ဒေါစကီးနှင့် ဂနာဘရီတို့က သွင်းယူပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ဒုတိယနေရာမှ လိုက်ပ်ဇစ်အသင်းကို အမှတ်ဆက်လက်ဖြတ်ထားနိုင်ရန်အတွက် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ စတုဂတ်အသင်းကလည်း ယူရိုပါလိဂ်ဝင်ခွင့်ရရှိရန်အတွက် အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည်။

ပွဲချိန် ၁၂ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ အယ်ဖွန်ဆို ဒေးဗီးစ် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ သို့သော်လည်း အသင်းလိုက်စွမ်းဆောင်ရည်အားကောင်းနေသည့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် အားလျော့သွားခြင်း မရှိခဲ့ဘဲ ဂိုးများဆက်တိုက်ရရှိလာသည်အထိ ခြေစွမ်းထက်မြက်လာခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် ၁၈ မိနစ်တွင် ဘိုင်ယန် မြူးနစ်အသင်းအတွက် အဖွင့်ဂိုးကို လီဝမ်ဒေါစကီးက ဂနာဘရီ၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၂၂ မိနစ်တွင် ဆာနေး၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂနာဘရီက ဘိုင်ယန်မြူးနစ်အသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းအတွက်တတိယမြောက်ဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် မူလာ၏ ဖန်တီးပေးမှုမှတစ်ဆင့် လီဝမ်ဒေါစကီးက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် အသင်းအတွက် စတုတ္ထမြောက်ဂိုးကို ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် လီဝမ်ဒေါစကီးကပင် သွင်းယူပေးနိုင်ခဲ့သည်။ လီဝမ်ဒေါစကီးသည် ယနေ့ပွဲစဉ်တွင် ဟက်ထရစ်ရယူနိုင်ခဲ့သောကြောင့် ဘွန်ဒက်စ်လီဂါ ၂၅ ပွဲတွင် သွင်းဂိုး ၃၅ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ဒုတိယနေရာမှ လိုက်ပ်ဇစ်အသင်းကို ဘွန်ဒက်စ်လီဂါ ၂၆ ပွဲ ကစားပြီးချိန်တွင် လေးမှတ်အထိ ဖြတ်ထားနိုင်ပြီဖြစ်သည်။ ထို့အပြင် အဆိုပါ ၂၆ ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ရဂိုးအနေဖြင့် ၇၈ ဂိုးအထိရှိလာခဲ့ပြီလည်း ဖြစ်သည်။




# ဘရိုက်တန်ကို ရှုံးနိမ့်ခဲ့တာကြောင့် လာမည့်ပွဲစဉ်များကို ရုန်းကန်ရတော့မယ့် ကာဆယ်

ပရီမီယာလိဂ်ပွဲစဉ် (၂၉) အဖြစ် တန်းဆင်းဇုန်အထက်တွင် ရပ်တည်နေသည့် ဘရိုက်တန်အသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်ကို မတ် ၂၁ ရက် နံနက်ပိုင်းက ဘရိုက်တန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရိုက်တန်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘရိုက်တန်အသင်းအတွက် ဂိုးများကို ထရိုဆတ်၊ ဝဲလ်ဘတ်၊ မော်ပေးတို့က သွင်းယူပေးနိုင်ခဲ့သည်။ တန်းဆင်းဇုန်အန္တရာယ်မှ လွတ်မြောက်နိုင်ရန်အတွက် နှစ်သင်းစလုံးယနေ့ပွဲစဉ်ကို အားစိုက်ကစားလာခဲ့သည်။ ဘရိုက်တန်အတွက် အဖွင့်ဂိုးကို ပထမပိုင်းပြီးခါနီးတွင် ဗက်မန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ထရိုဆတ်က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ၅၁ မိနစ်တွင် ထရိုဆတ်၏ ဖန်တီးပေးမှုကို ဝဲလ်ဘတ်က သွင်းယူပေးခဲ့သည်။ ထို့နောက် ကစားကွက်အပြောင်းအလဲအဖြစ် နယူးကာဆယ်သည် ဝီလ်လော့ခ်၏ နေရာကို မာဖီဖြင့် အစားထိုးခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ချေပဂိုးများကို သွင်းယူနိုင်ခြင်း မရှိချေ။ ဘရိုက်တန်အသင်းအတွက် တတိယမြောက်ဂိုးကို ဂရက်စ်၏ ဖန်တီးပေးမှုမှတစ်ဆင့် မော်ပေးက သွင်းယူပေးနိုင်ခဲ့သည်။

ဘရိုက်တန်အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ၂၉ ပွဲကစားပြီး ၃၂ မှတ်ဖြင့် အဆင့် (၁၆) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ နယူးကာဆယ်အသင်းက ယနေ့ပွဲစဉ်ကို ရှုံးနိမ့်ခဲ့သောကြောင့် ၂၈ မှတ်ဖြင့် အဆင့် (၁၇) နေရာတွင် ရပ်တည်နေသော်လည်း တန်းဆင်းဇုန်အတွင်းမှ ဖူလ်ဟမ်အသင်းနှင့် ရမှတ်ကွာဟမှုကျဉ်းမြောင်းနေခြင်းကြောင့် လာမည့်ပွဲစဉ်များကို ရုန်းကန်ရတော့မည်ဖြစ်သည်။

■ မိုးဇက် – စုစည်းသည်

## နောက်ဆုံးရ သတင်းတိုများ

- မန်ယူအသင်းသည် ယခုနှစ်ရာသီတွင် ခြေစွမ်းပြသထားနိုင်သည့် လုပ်ခ်ရှောကို စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အခြားသတင်းတစ်ရပ်တွင် မန်ယူအသင်းသည် ဝုဖ်အသင်းမှ ပေါ်တူဂီတောင်ပံကစားသမား နီတို (၂၁နှစ်) ကို ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း ဖော်ပြထားသည်။
- နယ်သာလန်ကွင်းလယ်ကစားသမား ဝီလ်ဂျေနေဒမ် (၃၀နှစ်) သည် နွေရာသီတွင် လီဗာပူးအသင်းနှင့် စာချုပ် သက်တမ်းကုန်ဆုံးပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သိရသည်။
- လက်စတာနှင့် လီဒ်စ်အသင်းတို့သည် ဖီယင်နူအသင်းမှ တူရကီကွင်းလယ်ကစားသမား ကော့ကူကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- ဆီဗီလာအသင်းသည် မန်ယူနှင့် အာဆင်နယ်အသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေသည့် ကွန်ဒီ၏ နေရာကို စပါးအသင်းမှ ကိုလံဘီယာ ဗဟိုခံစစ်ကစားသမား ဆန်းချက်ဇ် (၂၄နှစ်) ဖြင့် အစားထိုးရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- အေစီမီလန်အသင်းသည် အသက် (၂၁နှစ်) အရွယ် ဥရုဂွေး တိုက်စစ်မှူး နူနက်ဇ်ကို ပေါင် ၄၃ သန်းဖြင့် ခေါ်ယူရန် အတွက် ဘင်ဖီကာအသင်းကို ဆက်သွယ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- လာလီဂါပွဲစဉ် (၂၈) အဖြစ် ဆဲလ်တာဗီဂိုအသင်းနှင့် ရီးရဲမက်ဒရစ်အသင်းတို့ပွဲစဉ်ကို မတ် ၂၀ ရက် ညပိုင်းက ဆဲလ်တာဗီဂိုအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ် အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရီးရဲမက် ဒရစ်အသင်းအတွက် ဂိုးများကို ဘင်ဇီမာနှင့် အေဆန်စီယိုတို့က သွင်းယူပေးနိုင်ခဲ့သည်။

# ဝိုင်းမော်မြို့နယ်၊ တနိုင်းမြို့၊ တောင်ကြီးမြို့နယ်နှင့် ဟိုပန်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ဆိုင်ဂွန်း(ခ)အားတန်၊ မလုအိန်(ခ)လုလု၊ အဒီး(ခ)အာဒီးပိုတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။

**နေပြည်တော် မတ် ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၀ ရက် နံနက် ၁၁ နာရီတွင် ဝိုင်းမော်မြို့နယ် နောင်ဟီးကျေးရွာအနီး နောင်ဟီး - စန်းကား ကျေးရွာသွား ကားလမ်းတွင် ဆိုင်ဂွန်း(ခ)အားတန် မောင်းနှင်ပြီး မလုအိန်(ခ)လုလု လိုက်ပါလာသည့် Pajero အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၂၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄၂၀ တို့ကိုလည်းကောင်း၊ အလားတူ မတ် ၁၉ ရက် ညနေ ၅ နာရီခန့်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တနိုင်းမြို့ ဆွတ်ငိုင်ရပ်ကွက်တွင် မျိုးမင်းနှင့် နေလင်းအောင်(ခ)လင်းလင်းတို့နှစ်ဦးကို မော်တော်ဆိုင်ကယ်နှစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၅ ပြားနှင့် ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မတ် ၂၀ ရက် ည ၇ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ဇလဲကျေးရွာအနီး တောင်ကြီး - မိုင်းပျဉ်းသွား ကားလမ်းတွင် သက်ခိုင်ဝင်း မောင်းနှင်ပြီး အောင်စိုးမိုး(ခ)ကံကောင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကိုလည်းကောင်း၊ အလားတူ မတ် ၁၉ ရက် ည ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့ မိန်းပန်းရပ်ကွက်တွင် ညီခမ်းကျန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မောင်တောမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင်သစ်များတင်ဆောင်လာသော လှေတစ်စင်း ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မတ် ၂၀ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် မှုဝင်ကျေးရွာ၏ အနောက်မြောက်ဘက် ၁ မိုင်ခွဲခန့်အကွာသို့အရောက်၌ မသင်္ကာဖွယ် လှေတစ်စင်းတွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့ရာ ဦးမြင့်စိုး(ဘ)ဦးမောင်ဖိုးဦး အပါအဝင် အမျိုးသား ၆ ဦးကို လှေပေါ်မှ တရားမဝင်တင်ဆောင်လာသော အခြားသစ် ၁၅ တန်ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများ၊ သစ်များနှင့် လှေတို့ကို သက်ဆိုင်ရာသို့ ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့အတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့အနီး ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မတ် ၂၀ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် မသင်္ကာဖွယ်လှေတစ်စင်း တွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးရာ နွယ်ညိုချောင်းကျေးရွာအနီးသို့အရောက်၌ အလျားပေ ၅၀၊ အနံ ၉ ဒသမ ၅ ပေ၊ ရေစူး ၆ ဒသမ ၅ ပေခန့်ရှိ စက်လှေတစ်စင်းနှင့်အတူ တရားမဝင် ဝင်ရောက်လာသူ အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၃၂ ဦးတို့ကိုလည်းကောင်း၊ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်ခန့်တွင် သဲချောင်းကျေးရွာ၌ တရားမဝင် ဝင်ရောက်လာသူ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၃ ဦးတို့ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ စက်လှေနှင့် တရားမဝင် ဝင်ရောက်လာသူများအား သက်ဆိုင်ရာမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တောင်ကြီးမြို့နယ်၌ သဲကျင်းတူးဖော်ရာမှ သဲကျင်းနံရံပြိုကျ၍ လူလေးဦးသေဆုံး

**နေပြည်တော် မတ် ၂၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ပင်ငိုကျေးရွာ၌ မတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက သဲကျင်းတူးဖော်နေရာမှ သဲကျင်းပြိုကျ၍ လူလေးဦး သဲ/ကျောက်များပိမိ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပင်ငိုကျေးရွာအနီး တောစပ်၌ နမ့်ဆီကျေးရွာနေ ခွန်စိန်(၂၃ နှစ်)ပါ လေးဦးတို့သည် သဲကျင်းတူးဖော်နေသည့် လျှိုအတွင်း သဲတူးဖော်နေစဉ် အမြင့် ၁၈ ပေခန့်ရှိ သဲကျင်းနံရံမှ သဲကျောက်များ ပြိုကျခဲ့ရာ ခွန်စိန်ပါ လေးဦးမှာ သဲ/ကျောက်များပိမိ၍ သေဆုံးသွားခဲ့ကြောင်း သိရှိရသဖြင့် တောင်ကြီးမြို့မရဲစခန်း၌ သေမှုသေခင်းရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှုမြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတမြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခုဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများ ဖြစ်ရပါမည် –

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြားစွမ်းစွမ်းတမံဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင်ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြု အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့် အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ်(Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် –

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




**မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ**




**အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း**




**ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း**




**ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း**




**အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည် တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြု ခြင်း၊ လျှပ်စီးပတ်လမ်းကို အလို အလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်း ကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့် မီးလောင် လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်း မမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင် အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိ ပူဇော်ထား ရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက် သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှ ထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေး ကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထား ရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူး ထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ် ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်း ရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်း စေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူ ပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မေမြင့်
## (ပဲခူးမြို့)
## အသက်(၈၉)နှစ်

ဦးမျိုးမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန-ဒေါက်တာဥမ္မာမေတင်လှိုင် တို့၏ မိခင်သည် ၂၀-၃-၂၀၂၂ရက် (စနေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲဝင်း-ဒေါက်တာဒေါ်ဝင်းသီတာလွင်**

---

## ဒေါ်ခင်လေးတင်(မကေး)
## အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်၇၄(က)နေ (ဦးအုံးတင်)-ဒေါ်တင်မာဝင်းတို့၏သမီး၊ (ဦးဘရှိန်)-ဒေါ်စိန်ရှင်တို့၏သမီး ချွေးမ၊ မောင်ဇော်မောင်မောင်ဌေး-မမေကလျာရဲမြင့်၊ မဇင်မောင်မောင်ဌေး၊ မဇွန်မောင်မောင်ဌေး (ခေတ္တUK)၊ မောင်တင်မောင်မောင်ဌေးတို့၏မိခင်၊ မဇော်ရတီမေ၊ မောင်ရေးမောင်မောင်ဌေးတို့၏အဘွား၊ ဦးမောင်မောင်ဌေး၏ ချစ်လှစွာသောဇနီး ဒေါ်ခင်လေးတင်သည် ၂၀-၃-၂၀၂၂ရက် (စနေနေ့) နံနက် (၁၁:၀၀) နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများနံနက် ၉:၁၅ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၂၆-၃-၂၀၂၂ ရက် (သောကြာနေ့) နံနက်(၇:၀၀)နာရီမှ (၁၁:၀၀)နာရီအတွင်း အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း
## စိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EoI) ဖိတ်ခေါ်ခြင်း

အမှတ်(၇)အထည်စက်ရုံ (မြစ်သား)သည် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်-မန္တလေးကားလမ်းမကြီး၊ အနောက်ဘက်မိုင်တိုင်အမှတ်(၃၈၇/၀)၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ လမ်းခွကျေးရွာအုပ်စုတွင် တည်ရှိပြီး၊ ချည်မျှင်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ချည်ငင်စက်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပကုမ္ပဏီ များသို့ Expression of Interest (EoI) အဆိုပြုလွှာပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

အဆိုပြုလွှာပုံစံအား စီမံရေးရာဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်နှင့် အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | **အဆိုပြုလွှာပုံစံရောင်းချမည့်ရက်** | - | ၃၀-၃-၂၀၂၂ ရက်မှ ၂၈-၅-၂၀၂၂ ရက်ထိ |
| (ခ) | **အဆိုပြုလွှာပုံစံနောက်ဆုံး တင်သွင်းမည့်ရက်နှင့်အချိန်** | - | ၃၁-၅-၂၀၂၂ ရက် ၁၆:၀၀ နာရီ |

အသေးစိတ်သိရှိလိုပါက စီမံရေးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၁၈၅၊ ၀၆၇-၃၄၀၈၃၃၈၊ ၀၆၇-၃၄၀၈၁၅၆ နှင့် textile.planning@gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း
## စိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EoI) ဖိတ်ခေါ်ခြင်း

အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်)သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ပြည်သာယာမြို့သစ်(၉)လမ်း၊ ရန်ကုန်-မန္တလေး (လမ်းဟောင်း)၊ မိုင်တိုင်အမှတ်(၃၁၃/၇)၊ မြကျိုင်းတောင်ဘုရား၏ အရှေ့ဘက်တွင် တည်ရှိပြီး၊ ချည်မျှင်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ချည်ငင်စက်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပကုမ္ပဏီများသို့ Expression of Interest (EoI) အဆိုပြုလွှာပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

အဆိုပြုလွှာပုံစံအား စီမံရေးရာဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်နှင့် အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | **အဆိုပြုလွှာပုံစံရောင်းချမည့်ရက်** | - | ၃၀-၃-၂၀၂၂ ရက်မှ ၂၈-၅-၂၀၂၂ ရက်ထိ |
| (ခ) | **အဆိုပြုလွှာပုံစံနောက်ဆုံး တင်သွင်းမည့်ရက်နှင့်အချိန်** | - | ၃၁-၅-၂၀၂၂ ရက် ၁၆:၀၀ နာရီ |

အသေးစိတ်သိရှိလိုပါက စီမံရေးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၁၈၅၊ ၀၆၇-၃၄၀၈၃၃၈၊ ၀၆၇-၃၄၀၈၁၅၆ နှင့် textile.planning@gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မေမြင့်(ပဲခူးမြို့)
## အသက်(၈၉)နှစ်

(ဦးတင်-ဒေါ်ဖွားမြ)တို့၏သမီး၊ (ဦးဘ-ဒေါ်စောနု)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၆၈)နေ(ဦးဘကြည်၊ အငြိမ်းစားတိုင်းအင်ဂျင်နီယာ၊ မြန်မာ့မီးရထား)၏ချစ်လှစွာသောဇနီး၊ ဦးမျိုးမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါက်တာဥမ္မာမေတင်လှိုင်၊ (ဦးမျိုးကျော်ဦး)၊ (ဗိုလ်မျိုးမော်ဦး)၊ ဒေါက်တာမီမီစိန်တို့၏မိခင်၊ မြေး နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၃-၂၀၂၂ရက်(စနေနေ့) ညနေ ၅:၄၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ဇရာပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၂ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးကြေညာအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မေမြင့်(ပဲခူးမြို့)
## အသက်(၈၉)နှစ်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးမျိုးမြင့်ဦး၏မိခင် ဒေါ်ခင်မေမြင့် သည် ၂၀-၃-၂၀၂၂ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(CNG)**
**နှင့် ဝန်ထမ်းမိသားစု**

---

## ဒေါ်ခင်လေးတင်(မကေး)
## အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်၇၄(က)နေ (ဦးအုံးတင်)-ဒေါ်တင်မာဝင်းတို့၏သမီး၊ ဒေါက်တာနီတာအုံးတင် (ခေတ္တ UK)-ဒေါက်တာတင်မောင်အေး (သားဖွား/မီးယပ်)၊ ဦးကျော်တင် (ကျော်& ကျော်-CPA)-ဒေါ်အေးအေးမှန်၊ ဒေါက်တာဝင်းတင်-ဒေါက်တာဖြူဖြူ (ခေတ္တ UK)တို့၏ ညီမ၊ ဦးညီညီအုံးတင် (T&E Inte Co., Ltd) -ဒေါ်နိုင်နိုင်ကြည်၊ ဒေါ်မေမီအုံးတင်တို့၏အစ်မသည် ၂၀-၃-၂၀၂၂ ရက် (စနေနေ့) နံနက် (၁၁:၀၀) နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၂ ရက် (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီတွင် နေအိမ်မှနေ၍ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများနံနက် ၉:၁၅ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၂၆-၃-၂၀၂၂ ရက် (သောကြာနေ့) နံနက် (၇:၀၀)နာရီမှ (၁၁:၀၀)နာရီအတွင်း အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမောင်နှမများ**

---

## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၈)မျိုးအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်မှာ ၂၂-၃-၂၀၂၂ရက်မှ ၂၁-၄-၂၀၂၂ရက် အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ ၁၀-၅-၂၀၂၂ရက်၊ ၁၀ နာရီ ဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ ဖြည့်တင်း/ထောက်ပံ့ရေးဌာနခွဲ၊ ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း၀၆၇-၃၄၁၂၅၁၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

## ဒေါ်ဝင်းဝင်းဌေးနှင့်သက်ဆိုင်သူများသိစေရန်

ကျွန်တော် ဦးချစ်ကိုကို (ဘ)ဦးသိုက်ထွန်း ၁၂/ဒဂတ(နိုင်)၀၄၀၂၈၅၏ ဇနီး ဒေါ်ဝင်းဝင်းဌေး(ဘ)ဦးထွေး ၉/ညဥန(နိုင်) ၁၅၈၁၀၈သည် ခင်ပွန်းဖြစ်သူ ကျွန်တော် ဦးချစ်ကိုကိုနှင့် ကျန်မိသားစုဝင်များအား အသိပေးတိုင်ပင်ခြင်းမရှိဘဲ လူမှုရေး၊ စီးပွားရေး အရှုပ်အရှင်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၄-၃-၂၀၂၂ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထိုသို့ ခင်ပွန်းနှင့် မိသားစုဝင်များအား အသိမပေးဘဲ ကိုယ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ဂုဏ်သိက္ခာကျဆင်းအောင် လူမှုရေး၊ စီးပွားရေး အရှုပ်အရှင်းများပြုလုပ်သွားသူ ဒေါ်ဝင်းဝင်းဌေး အား ၁၄-၃-၂၀၂၂ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် မိသားစုဝင်များနှင့်ပတ် သက်ခြင်းမရှိတော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေးကိစ္စအရပ်ရပ်များကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဒေါ်ဝင်းဝင်းဌေးနှင့်သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ကိုကို ၁၂/ဒဂတ(နိုင်) ၀၄၀၂၈၅**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၁-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၀-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၀၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၂၂,၄၅၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၄၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် စုစုပေါင်း (၁၃၁,၇၆၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ညောင်ဦးမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းနှင့်ညီညွတ်သည့် ဟိုတယ်များ ပြန်လည်ဖွင့်လှစ်



ညောင်ဦး မတ် ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးလာရောက်သူများ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ရန် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်ညီသည့် ဟိုတယ်၊တည်းခိုရိပ်သာများအား မတ် ၂၁ ရက်မှ စတင်ဖွင့်လှစ် ခွင့်ပြုခဲ့ကြောင်း ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းထံက သိရသည်။

ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသအား ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လတွင် ညောင်ဦးခရိုင်အတွင်းရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများ ပိတ်ထားခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသအား ပြန်လည်ဖွင့်လှစ်ပေးခဲ့ကာ ယနေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဟိုတယ် ၈၈ လုံးအား ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ သိရသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦးတွင် ဟိုတယ်စုစုပေါင်း ၉၄လုံးနှင့် တည်းခိုရိပ်သာ ၃၈ လုံးရှိကာ စုစုပေါင်း ၁၄၁ လုံးရှိပြီး ဖွင့်လှစ်ရန် ကျန်ရှိနေသေးသည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများကိုလည်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း )**

# စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသို့ ဘိုင်ယန်မြူးနစ် ခံစစ်ကစားသမား အလာဘာ ပြောင်းရွှေ့မည်



ဒေးဗစ်အလာဘာသည် စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ရီးရဲမက်ဒရစ်အသင်းသည် အလာဘာကို အပိုဆုကြေး ပေါင် ၁၇ သန်းနှင့်အတူ တစ်ပတ်လုပ်အားခ ပေါင် ၁၆၅၀၀၀ ဖြင့် ကမ်းလှမ်းပြီးနောက် အဆိုပါ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ် ခံစစ်ကစားသမား အလာဘာသည် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက နွေရာသီတွင် ဂျာမန်ချန်ပီယံနှင့် လမ်းခွဲတော့မည်ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် အသင်းခေါင်းဆောင် ဆာဂျီယို ရာမို့စ်နှင့် ဗာရာနီတို့၏ နေရာကို အလာဘာဖြင့် အစားထိုးရန် ကာလရှည်ပစ်မှတ်ထားနေခြင်းဖြစ်သည်။ အလာဘာသည် ဘိုင်ယန်မြူးနစ်အသင်း၌ ဆယ်စုနှစ်တစ်စုကျော်ကြာ ဖြတ်သန်းထားသူဖြစ်ပြီး အသင်းနှင့် အောင်မြင်မှုများစွာ ရယူထားသူလည်း ဖြစ်သည်။ ၎င်းသည် အသင်းအတွက် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါတွင် ၂၄ ပွဲ ပါဝင်ကစားခွင့်ရရှိထားပြီး နှစ်ဂိုးသွင်းယူပေးထားနိုင်သည်။

၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါဖလား ကိုးကြိမ်၊ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ် ဆွတ်ခူးရရှိထားသည်။ ထို့အပြင် ယူအီးအက်ဖ်အေ စူပါဖလား၊ ဖီဖာကလပ် ကမ္ဘာ့ဖလား၊ DFB-Pokal၊ DFL-Supercup တို့ကိုလည်း ဆွတ်ခူးရရှိထားသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ▼

ဂျန်-ဇက်တို့ကို သိစေလို

စာ-၆

ပါကစ္စတန် ဝန်ကြီးချုပ် အင်မရန်ခန်တွင် ကိုဗစ်- ၁၉ ကူးစက်ခံရကြောင်း တွေ့ရှိ

စာ-၁၃